www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၂၇၂၀၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၄၂၇၂၀၀၈

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၈၊ နိုဝင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

# မာတိကာ

| စဉ် | | တမျက်နှာ |
|---|---|---|
| ၁။ | လထွက်ကလေးရယ်တဲ့ မြင်းပေါ်တင် | |
| | *မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | လက်ဆိုက်ရှာက အာဠာဝကဇော်ကြီးနှင့်မြနန္ဒာ | |
| | *ထောင်မှူးကြီးသိန်းဝင်း* | ၅၉ |
| ၃။ | တားမဲ့ဆရာတော်၏ အံ့သြဘနန်း ဖြစ်ရပ်ဆန်းများ | |
| | *ဆရာကြီးအရှိန္ဒမာ* | ၁၀၆ |
| ၄။ | ထိုင်ရှိုးနိုးတဲ့ လူမျောက်ကြီး | |
| | *နတ်လူဦး* | ၁၃၄ |
| ၅။ | ခရေမြိုင်တစ္ဆေ | |
| | *သီဟထိပ်တင်စော* | ၁၅၁ |

❖

www.burmeseclassic.com

www.burmeseclassic.com

# လထွက်ကလေးရယ်တဲ့ မြင်းပေါ်တင်

BURMESE CLASSIC .com

## ‹၁›

ကျွန်တော်တို့မြို့ကလေးမှာ အလွန်ထူးခြားတဲ့ စိတ်မနှံ့သူ အရူး နှစ်ယောက် ရှိလေရဲ့ခင်ဗျ။

တစ်ယောက်က အမျိုးသမီး (မိန်းမ)။

နောက်တစ်ယောက်က အမျိုးသား (ယောက်ျား)။

အမျိုးသမီး စိတ်မနှံ့သူအမည်က ကျွန်တော်တို့အရပ်အခေါ် 'အာကျယ်မ'။

အမျိုးသား စိတ်မနှံ့သူအမည်က ကျွန်တော်တို့အရပ်အခေါ် 'ငထွားကြီး'။

စိတ်ကူးသစ်စာပေ



သို့သော် 'အာကျယ်မ . . ညည်းနာမည် ဘယ်လိုခေါ်လဲ' လို့ မေးရင် . .

ဒီနေ့မေးရင် . .

"ကျွန်မအမည်လား အစ်ကို"

"အိမ်း . ."

"နေပါဦး . .။ ဘယ်သူပါလိမ့် . .။ အဲ . . အဲ . . ခဏလေးနော် အစ်ကို။ မေ့နေလို့ မှတ်ပုံတင်ပြန်ကြည့်လိုက်ဦးမယ်တော့။ ခဏလေး"

အဲဒီလိုပြောပြီး လေးဖက်ချည်ထားတဲ့ ပုဆိုးထုပ်ကို ဖြေမယ်။ ပြီး . . အကျီစုတ်တွေ၊ စက္ကူစုတ်တွေ လှန်လှောပြီး စီးကရက်ဘူးခွံတစ်ခု ကို ကိုင်ကြည့်ပြီးနောက် . .

"သိပြီ အစ်ကိုရေ"

"သိရင် ဘယ်လိုခေါ်တုံးခင်ဗျာ"

"မြချောကျင်းမငွေမြိုင်တဲ့အစ်ကို"

"ဟိုက် . ."

"မိုက်တယ်နော် အစ်ကို"

"အေး . . အေး . . ဆက်မိုက် . . ဆက်မိုက် . . မြချောကျင်းမငွေ မြိုင်ရေ"

ကျွန်တော်တို့ကား စာရေးဆရာပီပီ စပ်စု၏။ မေးမြန်း၏။ လေ့လာ၏။ သို့နှင့် ကျွန်တော့်စာသမားဘဝမှာ အောက်တန်းအလွှာ၊ အလယ်အလတ်တန်းအလွှာ၊ အထက်တန်းလွှာ လူပေါင်းစုံနှင့် ဆက်ဆံ ပေါင်းသင်း တွေ့ဆုံနေရကား ဇာတ်ကောင်စုံ၏။ ဘဝစုံ၏။ ဇာတ်လမ်းစုံ သိရ၏။

နောက်နေ့ ကြုံ၍ . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့.. မြခြေကျင်းမငွေမြိုင်။ ဒီနေ့ လုပ်ငန်းကိုင်ငန်းများ အဆင်ပြေရဲ့လားဟဲ့"

မမေးလိုက်နှင့်။

မေးလိုက်သည်ရှိသော်..

"ရှင် ဘယ်သူ့ကို မေးတာလဲဟင်"

"ဟဲ့.. ညည်းကို မေးနေတာလေ"

"ကျွန်မကို.."

"အေး.."

"ဟောတော့..။ ကျွန်မနာမည် မြခြေကျင်းမငွေမြိုင် မဟုတ်ဘူးတော့"

"ဟော.. ဟိုနေ့တုန်းကတော့ မငွေမြိုင်ဆို"

"မနေ့ကပဲ နာမည်ပြောင်းလိုက်ပြီတော့"

"ဘယ်လိုပြောင်းလိုက်လို့တုံး"

"ချစ်သွေးရည်တဲ့"

"ဟော.. ဘယ်တုန်းက ချစ်သွေးရည်ဖြစ်ရတာလဲ ငွေမြိုင်ရယ်"

"မယုံရင် ဒီမှာကြည့်တော့။ ဒီမှာ.. ဒီမှာ.."

ဖုံးစံအတိုင်း အရှုံးမလေးက လေးဖက်ချည်အဝတ်ထုပ်ကို ဖြေသည်။ အကျီစုတ်၊ ထဘီစုတ်များကို တစ်ခုပြီးတစ်ခုလှန်သည်။ ခါသည်။ ဖုန်များ၊ သဲများ၊ အမှိုက်နှင့်ပိုးဟပ်များက လေထဲမှာပလူပျံသလို ပျံကုန်သည်။ ၎င်းနောက် သတင်းစာရွက်တစ်ရွက်ရဲ့ တစ်နေရာကို လက်ညှိုးနှင့်ထောက်ပြီး..

"ဒီသတင်းစာမှာ အမည်ပြောင်းကြော်ငြာ ထည့်လိုက်တာလေ။ အားလုံး နှစ်သိန်းသုံးသောင်းကျတယ်။ မယုံ.. ကြည့်"





သို့နှင့် ကျွန်တော်က သူပြသည့်သတင်းစာကို ကြည့်လိုက်သော အခါ..

'ချစ်သွေးရည်

အသက် (၂၃) နှစ်'

"မြတ်စွာဘုရား.. ဟဲ့.. ဒါက နာရေးကြော်ငြာဟဲ့"

"ပေါက်ကရတွေ လာမပြောစမ်းပါနဲ့တော်။ ဒါ.. ကျွန်မနာမည်။ တရားဝင်ပြောင်းထားတဲ့ နာမည်အသစ်ပါတော့။ နောင်ကို အစ်ကိုတို့ ကျွန်မကို မြခြေကျင်းမငွေမြိုင်ဆိုတဲ့နာမည်ကြီး မခေါ်ပါနဲ့တော့။ ချစ်သွေးရည်လို့ ခေါ်ချင်ခေါ်။ ဒါမှမဟုတ် ချစ်..၊ ဒါမှမကြိုက်ရင် ရည်၊ အဟဲ.. အဲဒီလိုခေါ်နော်"

အင်း.. ဒါကြောင့်..

အရှုံးလို့များ ခေါ်ကြလေရောသလား။

ပြောရလျှင် နှစ်ရက်ကိုတစ်ခါ နာမည်ပြောင်း၏။ ချစ်သွေးရည်ကနေ နန်းကြာညိုဖြစ်၏။ နန်းကြာညိုမှ ကြည်ကြည်ဌေးဖြစ်၏။ ကြည်ကြည်ဌေးမှ ရှုပနန္ဒီဖြစ်ပြန်၏။

ပြောချင်တာပြောပြီးလျှင် မြခြေကျင်းမငွေမြိုင်၏ သီချင်းတစ်ပုဒ်ကို အသံစူးစူးနှင့် လူအများရှေ့တွင် ဟစ်တော့၏။

"သဗ္ဗေသတ္တာ××အဝေရာဟောန္တု××

သဗ္ဗေဘူတာ××သဗ္ဗေပုဂ္ဂလာ××သဗ္ဗေဘိုကေ××

အလိုလေး××ယောင်မှားလို့××ကျွန်မ မနေနိုင်ပါ×××

မငွေမြိုင်ပို့တဲ့ကြာ××××"

သူမသည် အငြိမ့်မင်းသမီးကြီး မြခြေကျင်းမငွေမြိုင်၏ 'သဗ္ဗေဘိုကေကြာ' သီချင်းကို မျက်စမျက်နှနှင့် ဟစ်၍ဆိုပြီး ကျေနပ်အောင်

www.burmeseclassic.com



က,ဇါ။ အက,ကလည်း ကောင်း၏။ အသားဖြူဖြူ၊ ညာဘက်ပါးပေါ်မှာ စာအမှတ်အမည်းကြီးနှင့်၊ ယယ်ယယ်ရှယ်ရှယ်၊ လှလှပပကိုယ်လုံးလေးနှင့်၊ အရက်ဆိုတာ မသိ။ က,လေ၏။

"သံယောဇဉ်သာ××ကထိကထနဲ့××
အတိတဇာတ်ကိုတဲ့ပွား××ပရိယေသန မပြည့်လေတာ××
အရက်ကိုသောင့်၍××မနေနဲ့ဆရာ××
ကြာသီချင်းနဲ့××ကြာချင်းမတွေ့ပါ×××လာသူမေးစရာ×××ကြာမှ ပေးမှာ××××"

က,လို့ဝလျှင် ပိုက်ဆံလိုက်တောင်း၏။ သနားကမား စိတ်မနှံ့ သူကလေးမို့ တွေ့သူမြင်သူများက ကရုဏာသက်ကြ၏။ သူ့အကနှင့် အသံမှာ ပိုင်းနေ၏။ တစ်မတ်၊ ငါးမူး ပိုင်းပေးကြ၏။

ပြီးလျှင် ဝမ်းသာအားရနှင့် ဆုများချီးမြှင့်လေ၏။

"အခုလို ကျွန်မ သုယောနန္ဒကို တစ်မတ်၊ ငါးမူး ဆုတော်ငွေများချီးမြှင့်ရသည့် ကုသိုလ်အကျိုးကျေးဇူးကြောင့် လူပျိုကာလသားများ မုဆိုးမနဲ့ ညားကြပါစေ"

"ဟာ..ငွေမြိုင်တော့ လုပ်ချလိုက်ပြန်ပြီကွ။ မှ..မှ..လွဲပါစေ ဖယ်ပါစေ"

"မုဆိုးဖို နှစ်ခုလပ်၊ သုံးမယားသေများ သယ့်သုံးနှစ်သမီးချော နဲ့ အကြောင်းပါကြပါစေ"

"လီမှာလိုက်တဲ့ကလေးမကွယ်။ သာဓုဗျာ..သာဓု..သာဓု.."

ဒါက မုဆိုးဖိုကြီး ကိုကြည်တင့်နိုင်၏အသံ။

"အပျိုကြီးတွေ ဝါဆိုဖယောင်းတိုင်နဲ့ ညားပါစေ"

"မြတ်စွာဘုရား..။ မခါးရေ.."





"ဘာတုံး မကြည်ထိန်"

"ပြေးကြစို့ ကောင်မရေ၊ သူ့ဆုတောင်းများ မတော်လို့ ပြည့်ခဲ့ရင် ပွဲချင်းပြီးပဲဟဲ့"

"အေးဟယ်..။ အတော့်ကို ဆုတောင်းအပေးရက်စက်တဲ့ ငွေမြိုင်ပဲ့တော်"

"ဟား..ဟား..ဟား..မခါးရေ.."

လူပျိုကြီး ပုသိမ်မောင်သောင်းယဉ်က အပျိုကြီး မခရေနဲ့ မကြည်ထိန်ကိုကြည့်ပြီး ပြောရော။

"ဘာတုံး မသာကောင်ရဲ့"

"နင်တို့နှစ်ယောက်တော့ ပွပြီဟ"

"သေချင်းဆိုးကြီး..။ ငါတို့ မပွဘူး။ နင်တို့ မင်းကြည်လှိုင်တို့ ပွနေတာ။..လာ..မကြည်ထိန်။ လစ်စို့"

"ဟား..ဟား..ဟား..ဟား..မင်္ဂလာဦးညကျရင် ဘုရားရှိခိုး အိပ်နော်"

"ဟဲ့..မသာရဲ့။ နင့်ဟိုဒင်းသာ ရှိခိုးအိပ်ခိုင်းဟဲ့"

"ဟား..ဟား..ဟား..ဟား.."

ပြောရလျှင် စိတ်မနှံ့သူ အရူးမလေး ငွေမြိုင်၏ ဆုတောင်းများကြောင့် ဈေးနားဝန်းကျင်၊ ဇရပ်ရှေ့၊ ကျောင်းရှေ့ လမ်းတိုလမ်းရှည်များ မှာ ရယ်စရာမောစရာ အသောအထေ့ အလှောင်လေးများနှင့် ပွဲစည်ကြ သည်ကား နေ့စဉ်နေ့တိုင်းဖြစ်လေ၏။

※※※

www.burmeseclassic.com

www.burmeseclassic.com

## ‹၂›

နောက်တစ်ယောက်..။

စိတ်မနှံ့သူအမျိုးသား (ယောကျ်ား) ကား ‘ထွေးကြီး’ ဟူသတည်း။

ထွေးကြီးကား နာမည်သာကြီး၏။ လူကောင်က ခပ်သေးသေးဖြစ်၏။ ပုဆိုးဖင်ကွဲနှင့်..။ သရက်ရွက်သရေူကို ဇာတ်ထဲက ရှင်ဘုရင်ဆောင်းသည့် အဖျားထောင်ခေါင်းပေါင်းလုပ်၍ မြရာရွက် ဒါမှမဟုတ် ပိစပ်ရွက်များစုဆိုင်ပြီး အကျီကျောပြောင်နှင့် လျှောက်သွားပြီး ပါးစပ်မှ ဖျစ်တောက်ဖျစ်တောက်ပြောလေ့ရှိ၏။

ရင်ဘတ်ပေါ်၌ ဆေးမင်ကြောင်သိမ်းငှက်ရုပ်ကြီးက အထင်းသား ဝဲပျံလို့။

သူ ပုဆိုးဖြန့်ဝတ်လျှင် ရှေ့ရော၊ နောက်ရော အကုန်ပေါ်၍ သည်တော့မှ ထွေးကြီးအစစ်မှန်းသိပြီး မြင်ရသူများ လန့်ဖျပ်ကုန်၏။

သူကလည်း ဘုရားစူး၊ မိုးကြိုးပစ် မြေဝိုင်းလမ်းလျှောက်အဆို





တော်စစ်စစ်၊ ရေမရောသူ ဖြစ်လေသတည်း။

“မြူပြာ မှုယာ××သူဇာနေလို××နတ်ကယ်ရွှေကိုယ်×× ထင်မိယောင်မှား×××

မြူပြာ မှုယာ××ခင်လေးသူဇာ××တကာယ်ချော တကာယ်လှ××ဘယ်တဝက××တောင်းတဲ့ဆုလဲ×××ဟဲ××ဟဲ××ဟဲ××ဗျာ××ဟာ××ဟာ×××”

ကိုယ့်လူ ငထွေးကြီးကား ဈေးရှေ့ရှိ အုတ်ပုံကြီးပေါ်မှာ ပုဆိုးဖင်ကွဲကြီးနှင့် ပိစပ်ရွက်ပန်းစည်းကို ရင်မှာပိုက်ပြီး အသံကုန်ဟစ်၏။

သူ့ဝန်းကျင်မှာ..

ကလေးအရွယ်မျိုးစုံ၊ ဈေးခွေးမျိုးစုံ၊ ငါးတန်းမှ ရေထမ်းကုလားများ။ ရေခဲရိုက် ကုလား။ မြန်မာများ။ မြို့ထဲမှ ငမူးများနှင့် အလုပ်မရှိဟေးလေးဝါးလားများက စုဝေးသြဘာပေးနေကြ၏။

“အဆိုတော်ခင်မောင်ရင်လားဗျ”

“ချစ်ဒုက္ခဦးဘာညွန့်နဲ့ တူရဲ့ခင်ဗျ”

“ရွာစားရေ..ဘာတဲ့တုံးဟေ့။ ဝါး..လား..လား..လား..”

ကိုထွေးကြီးသည် သို့ကလိုချီးမြှင့်ကြသည့် ရွှေပွဲလာပရိသတ်ပေါင်းစုံကို မြင်ရသော် ပို၍တက်ကြွလာပြီး ဈေးသွားသူမိန်းမချောလေးများကို လက်ညှိုးထိုး၍ ဟစ်ပြန်၏။

“ဝေခွဲနိုင်ဘူး××သေချာ××ထင်မှားကာ××ထင်မှားကာ×××

မောင့်စိတ်ထဲ××ခင်မင်ကာသာ××မျက်လုံးရော××မျက်ခုံးရော××မျက်နှာလေးကြည့်ကာ×××တစ်သက်လုံး မမှန်းရက်စရာ×××

စကားပြောလည်း ရှုမောလောက်ရဲ့ ရှုပကာ×××

ပီယဝါစာ×××ချောင်စွာ××ချောင်စွာ××ပြောသံက ချစ်ဖို့ကောင်းတယ်ဗျာ××××”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဆရာဒဂုံဆရာတင်ရေးသည့် 'ဖြူပြာမှုယာ' သီချင်းကို ဟန်ပန်နှင့်ဟစ်နေခိုက်..

ဘိန်းစား ဖျာပုံကျော်ဦးဆိုသူက ပိန္နဲကိုင်းကြီးတစ်ကိုင်းချိုးလာပြီး အဆိုတော်ထွေးကြီးကို ချီးမြှင့်သော် ခမျာ ဝမ်းသာလွန်း၍ ပုဆိုးကို ဖြန့်ဝတ်၏။

အားလုံး မျက်စိမှိတ်သူမှိတ်..၊

ဟာ.. ဟင်.. နှင့် မျက်နှာလွှဲသူလွှဲ ဖြစ်ကုန်၏။

"သိုင်းကျူးဖဲရီးမတ်ပါပဲခင်ဗျား။ သားသားလေး ကိုကိုထွေးကို ခုလို ဝေလမင်းသားကြီးကိုယ်တိုင် တော်ဝင်နှင်းဆီပန်းခြင်းကြီး လာရောက်ဆက်သ ဂုဏ်ပြုသည့်အတွက် မင်းသားကြီး ကံကောင်းထောက်မပြီး မြွေကိုက်သေပါစေခင်ဗျား"

"ဝါး.. ဟား.. ဟား.. ဖျာပုံကျော်ဦးတော့ ပွဲချင်းပြီးပဲဟေ့"

သည်အချိန်မှာ..

ချာလပတ်လည်အောင်မူးနေသည့် စိတ်တာတ်မြသန်းဆိုသူ ငနဲကြီးက နို့ဆီထည့်သည့်စက္ကူပုံးကြီးကို အပေါက်ဖောက်ပြီး အုတ်ပုံပေါ်တက်၍ အဆိုတော်ထွေးကြီးဦးခေါင်းမှ စွပ်ပေးလိုက်ပြန်၏။

အုတ်ပုံအောက်မှ အားရပါးရအားပေးချီးမြှင့်နေကြသည့် နှပ်ချေးထူနှင့် ကလေးများက ဆူညံစွာသြဘာပေးကြ၏။

သည်မှာ ထွေးကြီးက သူ့လည်ပင်းမှာစွပ်နေသည့် စက္ကူပုံးကြီးကိုကြည့်ပြီး မေး၏။

"ဒါ.. ဒါ.. ဘာ.. ဘာလဲဟင်.. ဟင်.."

"ဂျာမဏီဝန်ကြီးချုပ်ကတော်ချီးမြှင့်တဲ့ ဒေါ်လာပြားပါ ကိုထွေးကြီး"





စိတ်တာတ်မြသန်းကြီးကလည်း ချာလပတ်လည်နေရင်းက ပြောလိုက်၏။

"အိမ်း.. အိမ်း.. ယခုလို ဒေါ်လှအပြားကြီး.."

"ဒေါ်လာပြားပါဗျ ကိုထွေးကြီးရ"

အောက်က ကလေးများက စကားမှားနေ၍ ဝိုင်းအော်ကြ၏။

"အိမ်း.. အိမ်း.. ခုလို ဒေါ်လှပြားကြီး ကိုယ်တိုင်လာရောက် ချီးမြှင့်ပေးတဲ့.. အဲ.. အဲ.. အစ်ကိုကြီးနာမည် ဘယ်သူ.. တဲ့"

"စိတ်တာတ်မြသန်းလို့ ခေါ်.. ခေါ်.. အော့.. ဝေ့.. ပါတယ်ခင်ဗျ"

"အိမ်း.. ကျွန်တော့်အစ်ကိုကြီး စိတ်တာတ်မြသန်း ကြံတိုင်းမြောက်ပြီး ဂါတ်တန်းရောက်ပါစေခင်ဗျာ"

"ဝေး.. ဝေး.. ဝေး.."

"ဟေး.. ဟေး.. ဟေး.. ပဲရိုးဂွတ်"

"ရှူး.. ရှူး.. ဒီနေ့ညနေရောက်မှာ ကျိန်းသေတယ်ဗျို့"

"ဟား.. ဟား.. ဟား.. ဟား.."

"ဘာဖြစ်လို့လဲ ကိုကြည်တင့်နိုင်ရ"

"အရက်ကြွေးတွေ မပေးနိုင်လို့တဲ့ဗျ"

"ဟား.. ဟား.. စိတ်တာတ်တို့ကတော့ သုံးနှစ်ပဲဟေ့။ ဟား.. ဟား.. ဟား.."

"ကိုင်း.. ကိုင်း.. မိုင် ဒီးယား ဖရင့် (My dear friend) တို့ခင်ဗျား.."

"ရိုက်.. ရိုက်.. Right.. Right.."

စိတ်တာတ်မြသန်းနှင့် ကိုကြည်တင့်နိုင်တို့အဖွဲ့က ဘိုးဆိုပြန်



www.burmeseclassic.com

www.burmeseclassic.com



အော်၏။ ကိုထွားကြီးကလည်း ပေါ့သေးသေးအရှုံးမဟုတ်။ ထိုခေတ်က အင်္ဂလိပ်–မြန်မာ ကိုးတန်းအောင်၏။ စိန့်ဂျော့ဂျ်ကျောင်းထွက်ဖြစ်၏။

သူ့ချစ်သူ လင်နောက်လိုက်သွားပြီးနောက် စိတ်ဖောက်သွားသည်ဟု သိရ၏။ သို့ဖြစ်၍ စကားပြောလျှင် အင်္ဂလိပ်စကားလုံးများ ညှပ်ပြော၏။ တစ်ခါတစ်ရံ အင်္ဂလိပ်သီချင်းများပင် ဆိုပြလိုက်သေး၏။

ကိုထွားကြီးက ပိစပ်ရွက်များ၊ ပိန္နဲရွက်ပန်းစည်းများကိုင်ရင်း လည်ပင်းမှာစွပ်နေသည့် ဒေါ်လာပြားခေါ် နို့ဆီသေတ္တာခွံကြီးကို လက်နှင့်လှည့်ရင်းမှ..

"တီးချင်လွန်းလို့ လာခဲ့တာxxရှာစားကြီးစိန်ဗေဒါxxx"

"ဘာတဲ့တုံး သားသားလေးရေ"

"ရှီ..ရှီ..ဝမ်းစမိုး..နိုပ်စ်ဝမ်း"

"ဆိုချင်လွန်းလို့ လာခဲ့တာxxရှာစားကြီးစိန်ဗေဒါxxx"

"ဟုတ်ပေ့ ဒါဒါရေ"

"တီးပါတော့ဗျို့"

"စိန်ဗေဒါxxအသပြာဆုငွေမစဲအောင် ရတော့မှာxxx

အောင်စေရာxxပြည့်စုံကြမှာxxxအောင်စေရာxxပြည့်စုံကြ မှာxxx

ရှာစားစိန်ဗေဒါxxကြိုးစားတယ်xxကိုတီးချင်ရဲ့xxxပတ်xx ပေxxတိုးxxဂျိxxဂျိxxဂျိxxx"

အဆိုတော်ကိုထွားကြီးသည် ရှာစားကြီးစိန်ဗေဒါနှင့် အဆိုတော်ဦးစိန်ခင်တို့ ဆိုင်းထွက်တိုင်း ပွဲဦးမှာ ဆိုလေ့ရှိသည့် 'တို့ဘာသာ သာသနာ' သီချင်း၏ အစပိုဒ်ကို အားရပါးရဟစ်ပြီး ကိုယ်ကိုလှုပ်လေ၏။

"ကိုထွားကြီး..အက,လေးပါ လုပ်ပါဗျ"





"ကိုယ်ကိုလှုပ်ပြီး က,ပါဗျို့"

"ပုဆိုးစွန်တောင်ဆွဲပြီး က,ပါ ထွားကြီးရေ"

"ပွဲတောင်းကြတယ်လား"

"ရက်စ်..ရက်စ်.."

"ဒါကြောင့်လေ..တားတားလေး ကိုမောင်မောင်ထွားက ဟောဒီလို..ဟောဒီလို..ပတ်ဗေတိုး..ဂျိ..ဂျေ့..ဂျိ..ဂျေ့..ဟေ..ဟေ.. အ..အမ်လေးဗျ"

"ဟာ..ဟာ.."

"ကျ..ကျပဟ"

"လုပ်ကြပါဦးဟ"

"ဝုန်း.."

"ဘုန်း.."

"အမလေးဗျ.."

စိတ်မနှံ့သူ အဆိုတော်ကိုထွားကြီးသည် အောက်က (အထူးသဖြင့် ကိုကြည်တင့်နိုင်နှင့် စိတ်ဓာတ်ကိုမြသန်း) တို့ မြှောက်ပေးလွန်းမက မြှောက်လွန်းသောအခါ ပုဆိုးကိုစွန်တောင်ဆွဲပြီး ပန်းစည်းတစ်ဖက်နှင့် နောက်ကို ဇာတ်မင်းသားများလို ဆုတ်လိုက်ပြီး ရှေ့ကို ခြေထိုးခြေထိုး၍ ဆက်ရက်ပြေးလေးဟန်နှင့် ပရိသတ်ကို မျက်နှာပေးပြီး ပြေးအလာ..

ကဲ့ကောင်းလေစွ။

ယိုင်နဲ့နဲ့ဇာတ်ခုံ (အုတ်ပုံ) ကြီး ပြိုကျလေသောအခါ အဆိုတော်မင်းသားကြီး ကိုထွားကြီး အုတ်ပုံပေါ်မှ အရှိန်လွန်၍ ခွေးကျ ကျလေ၏။ ဒီမှာ အုတ်ပုံအောက်မှ လက်ခုပ်တီးပြီး မြှောက်ပင့်ဩဘာပေးနေသည့် စိတ်ဓာတ်ကိုမြသန်းနှင့် ကိုကြည်တင့်နိုင်တို့ပေါ်သို့ အုတ်ခဲများပြိုကျပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိလေသောအခါ..

ကလေးများက လန့်အော်ပြေးကြ၏။

ဈေးသွားဈေးလာများက 'လာကြပါဦးတော့' ဟု အော်ကြ၏။

ဒီမှာ မြို့မဈေးခေါင်းကြီးတစ်ဖြစ်လဲ ပုသိမ်ဦးသောင်းယဉ်ရောက်လာပြီး အုတ်ခဲများပိ၍ ချေး၊ သေးများထွက်ရင်း 'အမေလာပါ၊ အဖေလာပါ' အသံကုန်အော်ဟစ်နေသည့် စိတ်တတ်ကိုမြသန်းနှင့် ကိုကြည်တင့်နိုင်ကိုမြင်သော် ကရုဏာသက်စွာနှင့်..

"သေဟ..သေဟ..မသာနှစ်ကောင် ပွဲချင်းပြီးသေပါဟ"

သို့ကလိုပြောရင်း အပြင်ထွက်နေသည့် ၎င်းတို့နှစ်ဦး၏ ခြေသလုံးရိုးကို တက်နင်းပစ်လိုက်လေတော့သတည်း။

❋ ❋ ❋

<၃>

ဆိုရလျှင်..

အရှုံးမလေး အရပ်အခေါ် အာကျယ်မ မငွေမြိုင်နှင့် အရှုံးကိုငတွားကြီးတို့သည် ဤအရပ်ဝန်းကျင်လေးမှာ အခြေပြု စတည်းချကြလေ၏။

မြို့မဈေးကြီးရှေ့မှာ ဗောဓိညောင်ပင်ကြီးရှိ၏။

၎င်းဗောဓိညောင်ပင်ကြီး၏ ဘယ်ဘက်မှာ လူနားရေပ်လို အဆောင်လို သွပ်မိုးတန်းလျားလေးတစ်ခုရှိ၏။ ညောင်ပင်က အလယ်မှာ။ ညောင်ပင်၏ညာဘက်မှာ ကုလားမကြီး ဒေါ်အမီနာ၏ အကြော်တဲရှိ၏။

အာကျယ်မ မငွေမြိုင်က အဆောင်ဇရပ်မှာ ညအိပ်၏။

ကိုငတွားကြီးက ဒေါ်အမီနာ့အကြော်တဲမှာ အိပ်၏။

အိပ်ခါနီး ညဘက်ရောက်လျှင် အာကျယ်မ မငွေမြိုင်က သီချင်းတစ်ပုဒ် နေ့စဉ်ဟစ်ပြီးမှ အိပ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသိဆိုလေ့ရှိသည့်သီချင်းကား ခေတ်ဟောင်းအငြိမ့်မင်းသမီးကြီး မြခြေကျင်းမငွေမြိုင် သီဆိုသည့် ညည့်ရုံတော်သီချင်းဖြစ်လေ၏။

"ငွေမြိုင်ကို နိုးမယ်လို့××လူဆိုးတွေနဲ့ မောင်တိုင်ပင်တယ်×××

မန်းမြို့တော်ညောင်ပင်ကြီးမှာ××မြင်းကိုယ်စီတဲ့××ပြင်×××

လထွက်ကလေးကိုတဲ့××မြင်းပေါ်တင်×××

လမဝင်ခင်××မန်းတောင်ရောက်အောင်××မြင်းဇေါက်ကြပါစို့မောင်××××"

အဲဒီသီချင်းကို အာကျယ်မ မငွေမြိုင်က အသံကောင်းကောင်းနှင့် ဟစ်လေ၏။ ထိုအခါ သည်ဘက်အကြော်တဲမှာ ဝါးပိုးဝါးခေါင်းအုံးအိပ်သည့် အရူးကိုထွားကြီးကို ညည့်လူစောင့် ဆိုက်ကားသမားများက မြှောက်ပေး၏။

"ထွားကြီး.."

"ဟေ့..ထွားကြီး.."

"ဘာတုံးဗျ..။ အိပ်တော့မယ်"

"မအိပ်နဲ့ဦးကွ"

"ဘာလုပ်မလို့လဲဗျာ။ ခင်ဗျားတို့ကလည်း.."

"မင်းကောင်မလေးက မ,သံ ပေးနေပြီကွ"

"ဘယ်ကောင်မလေးလဲဗျ"

"ဟို..အာကျယ်မ မငွေမြိုင်လေကွာ။ မင်းကြားသမို့လားကွ။ လမဝင်ခင် မန်းတောင်ရောက်အောင် မြင်းဇေါက်ကြပါစို့မောင်..တဲ့"

"ဒါ..ဒါ..ကျုပ်ကောင်မလေး မဟုတ်ပါဘူးဗျာ"

"ဟာ..ထွားကြီးကလည်း။ ညံ့ပါ့ကွာ..။ အဲဒါ မင်းကိုကြိုက်လို့ စောင်းမြောင်းဆိုနေတာကွ။ ခင်းလည်း ပြန်ဆို ဟော့ကောင်"





"ဟာဗျာ..ကျုပ် သူ့ကိုမှ မကြိုက်တာ"

"အံမာ..ချွေးမသား အရူးက မူနေသေးတယ်။ ဟိုက ချောချောလေး။ မင်းကို တစ်ဖက်သတ်ကြိုက်နေတာ။ ဒီမှာ မင်းက ပြန်ပြီး သီချင်းတစ်ပုဒ်နဲ့ ပြန်နှူးလိုက်။ မြန်မြန်နှူးလိုက်ပါ ထွားကြီးရာ"

"ဟင့်အင်းဗျာ"

"ဘာလို့.."

"ရှက်တယ်ဗျ"

"ဟား..ဟား..ဟား..ဟား..သောက်ရူးကများကွာ။ နေ့လယ်နေ့ခင်းကျရင် ပုဆိုးဖင်ကွဲ၊ ရှေ့ပေါ်နောက်ပေါ်နဲ့ မြို့တကာလှည့်ပတ်ည်းကြော်ငြာနေပြီး ညဘက်ရောက်မှ ရှက်တယ်ရယ်လို့ကွာ။ ဒါ..ခွင်ကွ ထွားကြီးရ၊ ခွင်..ခွင်.."

"ခွင်ဆိုတာ ဘာလဲဗျ။ ခြေခွင်တာလား"

"တောက်..ညံ့ပါ့ကွာ။ မင်းကို မိန်းမရစေချင်လို့ဟ တုံးရ"

"မိန်းမရတော့ ဘာလုပ်ရမှာလဲဟင်။ ချက်စားလို့ ရလားဗျာဟင်..လို့"

ဆိုက်ကားသမား ပြောကြီးနှင့် ရွှေတင်တို့ အရူးထွားကြီးကို ကြည့်ပြီး အတော့်ကိုစိတ်ပျက်သွားကြ၏။ သူတို့အုပ်စုက ခပ်ချောချော အဆိုကောင်း၊ အကကောင်း အရူးမလေးနှင့် ထွားကြီးကို အရူးချင်း ဖူးစာဖက်ပေးလို၍ ဝိုင်းလော်မြှောက်ပင့်ပေးနေကြခြင်းဖြစ်၏။

"ထွားကြီး"

"ဘာလဲ.."

"ငါတို့ ပိုက်ဆံငါးမူးပေးမယ်။ သီချင်းအော်ဆိုလိုက်"

"တကယ်.."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါကွ"

"ဘုရားစူး.."

"ရော့ကွာ.. ဒီမှာ ငါးမူး။ ဆိုတော့"

"ဘာသီချင်းဆိုရမလဲ.. ပြော။ ငါးမူးစေ့က စစ်ပါတယ်နော်။ ခဲပြားဖြစ်နေရင် ဝယ်စားလို့မရဘဲနေမယ်"

"စစ်ပါတယ် ငါလူရယ်။ ချွင်ခနဲနေတာပဲ။ မင်း ဟိုသီချင်းဆိုကွာ။ သူက နှမလေးကို မောင်ကနိုးမယ်ဆိုတော့ မင်းက စိန်ဗေဒါသီချင်းကွာ.. အဲဒါ လုပ်။ လုပ်.. လုပ်.."

အရူးငထွားကြီးဟာ ငါးမူးစေ့ကို ကျောက်ပြားပေါ်ချ၊ အသံကိုနားထောင်ပြီး စစ်မှန်းသိတော့မှ ခါးတောင်းကိုမြှောင်အောင်ကျိုက်ပြီး ဟစ်တော့၏။

ဦးစွာ အရူးငထွားကြီးက ဆိုင်းဆင့်စာတစ်ပိုဒ်ကို အသံနေအသံထားနှင့် ရွတ်တော့၏။

"အပါးတော်ပြန်××ကျွန်တော်တို့ဆိုင်း××မြင်မြင်ရာနဲ့နှိုင်း××ဂိုဏ်းထိကုန်ကြမ်နော်×××ကျော်လည်း ကျော်ပေတာ×××မော်လည်း မော်ပေတာ×××ဆိုင်းကျက်သရေ××တက်စေဝှန်း××ထွန်းသစ်တဲ့ ကျွန်တော်တို့ဆရာ×××ဇမ္ဗူတိုင်း××နဂရာ×××အလျှုတိုင်းမှာ တီးလေရာ×××မက်မပြေကျက်သရေရှိတဲ့××စိန်ဗေဒါ×××ဆရာရေ×××အာဂံလန့်ပတ်စမ်း တီးတော်မူပါခင်ဗျာ××××"

"ဟုတ်ပေဗျို့..။ ရှာစား.. လုပ်ထား"

"တီးချင်လွန်းလို့ လာခဲ့တာ×××ရှာစားကြီး စိန်ဗေဒါ×××"

သည်မှာ ဆိုက်ကားဆရာ ရွှေတင်ကြီးက အရူးငထွားကြီးနားသံတိုးတိုးနှင့်..





"ငထွားကြီး.."

"ဗျ.."

"ရှာစားကြီးစိန်ဗေဒါ မလုပ်နဲ့လေ။ ငထွားကြီး ကိုယ်မင်္ဂလာလို့လုပ်"

"ဒီလိုလား"

"အိမ်း.."

"အဟိ.. တီးချင်လွန်းလို့လာခဲ့တာ××ငထွားကြီးကိုမင်္ဂလာ×××နက်ချင်လွန်းလို့လာခဲ့တာ××ငထွားကြီး စိန်ဗေဒါ×××"

"အိုကေ.. ကောင်းလိုက်တာကွာ။ အဟာတ်.."

"မြို့ရွာမှာ××အသရေတိုးလို့××ငွေမိုးတွေရွာ××××"

သို့ကလို အရူးငထွားကြီးက သည်ဘက် အမိနာအကြော်တဲကနေ အရူးမ အာကျယ်မ ငွေမြိုင်ရှိရာကို မျက်နှာမူပြီးဟစ်ရော ဘာကြာမှာလဲဗျာ။ ငွေမြိုင် အာကျယ်မကလည်း ဝုန်းဆို ခုန်ထပြီး ပြန်တုံ့ပြန်ဟစ်ပါရောဗျား။

"မေတာဝီလေး××ရသေ့တို့ပျော်ရာ×××

ကျောက်ဖျာငယ်ခင်းပါလို့××မြင်းသေလာ×××

ဆယ့်တစ်ဘုံဝင်္ဂအတွင်းက××လွတ်ကင်းအောင်လို့ကွာ×××

မမြိုင်အတည်ချစ်××ဒီနှစ်သစ်ခဲ့ပါတော့ဟာ××ဟာ×× ဟာ×××ဟာ××ဟာ×××

ရယ်စရာ××ကြာမှုပုံတကယ်ထုတ်××မင်းရုပ်ပုံနဲ့သာ××× မလုပ်နိုင်တာ×××စက်ဆုပ်လို့××အဟုတ်ပုံဖြယ်ခွာ××××"

အာကျယ်မ မငွေမြိုင် တုံ့ပြန်သီချင်းသံကို အရူးငထွားကြီးကြားလည်းကြားရော အသံကုန်ဟစ်ပြီး ဆိုပါရောခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"တီးချင်လွန်းလို့ လာခဲ့တာ××ရွာစားကြီးစိန်ပေဒါ×××
နက်ချင်လွန်းလို့ လာခဲ့တာ××ထွေးကြီးစိန်ပေဒါ×××"

ပြောရလျှင် အရှူးနှစ်ယောက် အားကျမခံ အပြန်အလှန် သီချင်းများပြိုင်၍ဟစ်ကြရကား ဆိုက်ကားသမားအုပ်စုက သဘောကျလို့မဆုံး။ အရူးထွေးကြီးကို လက်မထောင်ပြပြီး ဆက်လုပ်မှာ မြှောက်ပေးကြ ပင့်ပေးကြ၏။ ထွေးကြီးကား ချေးထွက်အောင်ဆို၍ ဟစ်လေ၏။ ကြာသော် ဆိုရလွန်း၍ ပါးစပ်မှ အမြှုပ်များထွက်၍ မောလာလေ၏။ အသံများပင် ဝင်လာလေ၏။

တော်သေးရဲ့..။

မြို့မဈေးကြီးညစောင့်များ ရောက်လာပြီး အရူးမ အာကျယ်မ ငွေမြိုင်နှင့် ထွေးကြီးကို လာဟောက်ကြမှ နှစ်ဦးစလုံး ငြိမ်သွားလေ၏။

သည်မှာ ညစောင့်ကြီးဦးပွေးလွှင့်က ရွှေတင်ကြီးတို့ ဆိုက်ကားသမားအုပ်စုကို လာပြော၏။

"ဟေ့ကောင် ရွှေတင်.."

"ဗျာ..ဦးလေး ပွေးလွှင့်"

"မင်းတို့ မြှောက်မြှောက်မပေးပါနဲ့ကွာ။ ခများများ သနားပါတယ်။ ပါးစပ်က အမြှုပ်ထွက်ပြီး မောနေပြီကွ။ ငါတို့လည်း နားမခံသာတော့ဘူး"

"မြန်မြန်ညားသွားအောင်လို့ပါ ဦးပွေးလွှင့်ရာ"

"တောက်..ကြံကြီးစည်ရာကွာ။ မင်းတို့ မဟုတ်ကဟုတ်က မြှောက်ပေးတာနဲ့ အရူးနှစ်ယောက်ပေါင်းပြီး သားတွဲလောင်းမယားတွဲလောင်းနဲ့ အကုန်ဒုက္ခရောက်ကုန်မယ်ကွ ရွှေတင်ရ၊ တော်ကြတော့ကွာ"

"စိတ်ချပါဗျာ..။ ကျွန်တော်တို့ မဆိုနိုင်းတော့ပါဘူးဗျာ"





ဈေးညစောင့်ကြီး ဦးပွေးလွှင့် ပြန်သွားပြီးနောက် မကြာခင်မှာပင် အရူးမလေး အာကျယ်မ ငွေမြိုင်သည် ဖယောင်းတိုင်တစ်တိုင်နှင့် အမွှေးတိုင်လေး မီးထွန်း၍ တောစိညောင်ပင်ကြီးရှေ့ရှိ နတ်ကွန်းလေးရှေ့မှာ မီးပူဇော်ပြီး ဆုတောင်းစကားများ ပြောနေ၏။

သည်အချိန်မှာပဲ..

အရူးကိုထွေးကြီးကလည်း ညစဉ်လုပ်နေကျအတိုင်း ဖယောင်းတိုင်လေးမီးညှိ၍ လာနေ၏။ အရူးမငွေမြိုင် ဆုတောင်းစကား မပြီးသေး၍ ရပ်စောင့်နေ၏။

ငွေမြိုင်ကလည်း သုံးဆယ့်တစ်ဘုံသာမက ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်နှင့် ဘဝပေါင်းများစွာက ဆွေတော်မျိုးတော်များကိုပါ မေတ္တာပို့ အမျှဝေနေ၏။

ကြာလာတော့ အရူးထွေးကြီး မစောင့်နိုင်။

"အဟမ်း.."

"အမလေး..သောက်ပလုတ်တုတ်"

ငွေမြိုင် လန့်၍အော်ပြီး လှည့်ကြည့်လိုက်တော့ ပုဆိုးရှေ့ကွဲကြီးနှင့် အရူးထွေးကြီးကို မြင်လိုက်ရသော် ရင်တွေပန်းတွေ တုန်ခါသွားလေ၏။

"နင်..နင်..ဘာ..ဘာလာလုပ်တာလဲဟင်..ဟင်.."

"ငါ မီးပူဇော်မလို့"

"ဟွန်း..ယီးတီးယားတားတော့ ငါ့ကိုမလုပ်နဲ့နော်။ ဒါပဲ"

"စဉ်းတောင် မစဉ်းစားဘူး"

"တောက်..မသာကောင်ရုပ်ကများ။ ထွီ.."

အရူးမလေး အာကျယ်မ ငွေမြိုင်ဟာ ထွေးကြီးကို အဲဒီလိုပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် 'ထွီ' လို့ တံတွေးတစ်ချက်ထွေးလိုက်ပြီး ခြေဖဆောင့်၍ သူ့ဖရုပ် နားနေဆောင်ရှိရာသို့ ခြေလှမ်းကျဲကျဲကြီးနှင့် ထွက်သွားလေသည်။

အရှုံးထွားကြီးသည် လှပ်ခါပြီး ဒေါမောနှင့်ထွက်သွားသည့် အရှုံးမ ငွေမြိုင်၏ နောက်ပိုင်းကို လှမ်းကြည့်ပြီး ကြက်သီးများ ဖြန်းခနဲ ထသွားလေ၏။

သည့်နောက် ရက္ခစိုးနတ်ကွန်းမှာ ဖယောင်းတိုင်မီးပူဇော်ပြီး ဆုများတောင်းလေ၏။ ပြီး.. သူ့အကြော်တဲသို့ ပြန်လာလိုက်၏။ လာရင်းမှ အရှုံးမ ငွေမြိုင်ရှိရာ တန်းလျားဇရပ်သို့ ခေါင်းငဲ့၍ လှမ်းကြည့်လိုက်၏။

ထိုစဉ် လည်ချောင်းထဲမှ ယားလာ၏။

သူ သီချင်းဆိုချင်လာသည်၊ ဆိုချင်ပါသော်လည်း စောစောကလာဟောက်ကြိမ်းမောင်းသွားသည့် ဈေးညစောင့်ကြီးကိုလည်း လန့်ရကြောက်ရသေးသည်။

နောက်ဆုံး မနေနိုင်သည့်အဆုံး ဖြစ်ချင်ရာဖြစ် သီချင်းတစ်ပုဒ်ကို ကောက်၍ဟစ်လိုက်တော့သည်။

*"တီးချင်လွန်းလို့ လာခဲ့တာ××ရွာစားကြီးစိန်ပေဒါ×××*
*တီးချင်လွန်းလို့ လာခဲ့တာ××ရွာစားကြီးစိန်ပေဒါ×××*
*မြို့ရွာမှာ××အသရေတိုးလို့×××မြို့ရွာမှာ××အသရေတိုးလို့×××*
*ငွေမိုးတွေရွာ×××*
*အောင်စေရာ××ပြည့်စုံကြမှာ×××အောင်စေရာ××ပြည့်စုံကြမှာ×××ရွာစားကြီးစိန်ပေဒါ×××ကြိုးစားပြီး တီးချင်တာ××ဟာ××အာ××ဟာ××××"*

"ဘုန်း.."





"ဝုန်း.."

"ခွပ်.."

"အမလေးဗျ.."

သူ လည်ချောင်းယားလွန်းလှ၍ မနေနိုင်ဘဲ ဟစ်လိုက်စဉ် အကြော်တဲခေါင်မိုးပေါ်သို့ ခဲသုံးလေးလုံး ကျလာသည်။ တစ်လုံးသော ခဲလုံးသည် ဝနိုဖက်ကိုဖောက်၍ သူ့ချိုစောင်းပေါ်သို့ ကျလာသောအခါ အမလေးဗျနှင့် နှိုက်ချုပ်ပြီး ထောင့်မှာကွေး၍ ဘုရားတ,နေရလေတော့သည်။

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com

## ၄

နောက်ရက်များအတွင်း ကျွန်တော်တို့ကောင် ရွှေကြီးတို့ ဆိုက်ကားသမား သောက်ဖော်လူစုများသည် အခွင့်ကြုံသည်နှင့် အရှူးထွေးကြီးကို မြှောက်ပေးကြလေ၏။

"ထွေးကြီး.."

"ဘာလဲဗျ"

"မင်း မိန်းမ မလိုချင်ဘူးလားဟင်"

"ယူပြီး ဘာလုပ်ရမှာလဲဗျ"

"ဟိုဒင်းပြုလို့ ရတာပေါ့လဟ"

"ဘာဒင်းလဲဗျ။ ဗုံတိုတင်းလား..။ ဟုတ်လား"

"တောက်..မင်းကိုပြောရတာ ကျပ်ပဲ့ကွာ"

"မင်းပဲယူလိုက်ပါလား ရွှေတင်ရာ"

နောက်ဆုံး ဇော်ဇေက ရွှေတင်ကြီးကို ပြောရတော့၏။

"အိမ်ကမိန်းမကြောင့်ပေါ့ကွာ။ နို့မို့ရင်လား.."





"ဟ..ဒါလား။ မင်းမိန်းမ မသိအောင် တစ်နေရာမှာထား.."

"တော်စမ်းကွာ ဇော်ဇေ။ ဒီမှာ ထွေးကြီး.."

"ပြောဗျာ..။ ကျုပ် သီချင်းဆိုရဦးမယ်ဗျ။ အချိန်သိပ်မရဘူး"

"ဟကောင်ရ..။ ဘယ်မှာသွားဆိုရမှာမို့လို့ လောနေရတာလဲဟ"

"သန့်လျှင်စိုးသိန်းတို့နဲ့ဗျ"

"အံမယ်..ငါ့လူက လုပ်လှချည်လား။ ဘယ်မှာလဲ"

"မြန်မာ့အသံမှာပေါ့ဗျ"

"ဗုဒ္ဓေါ.."

လာတဲ့ကောင်ပဲဗျာ။ ထိုအချိန်က သန့်လျှင်စိုးသိန်းသည် မြန်မာ့အသံမှာ အပျော်တမ်းတီးဝိုင်းနှင့် သီချင်းလွှင့်ခွင့်ရနေ၏၊ သန့်လျှင်လှကြည် (တက္ကသိုလ်ဆွေလှိုင်မင်း) နှင့် သန့်လျှင်လှလှရီ (စာရေးဆရာမ၊ တေးသံရှင်) တို့လည်း ၎င်းဝိုင်းနှင့် တတ်ပြားရ၊ နာမည်ကြီးနေချိန်ဖြစ်သည်။

သင်းလို ပုဆိုးဖင်ကွဲနှင့် ဈေးရှေ့အုတ်ခုံပေါ်မှာ နေ့စဉ် အကျႌမပါဘဲ ကျောပြောင်ကြီးနှင့် တစ်ခါလာ 'တီးချင်လိုက်တာ ရွာစားကြီး စိန်မေဒါ' သီချင်းပဲ ဟစ်နေသည့်ငနဲကို မည်သူက မြန်မာ့အသံကာလပေါ် တီးဝိုင်းမှ လွှင့်ဆိုခွင့်ပေးမည်နည်း။

ရှိစေတော့..။ အရူးဥစ္စာ..။

စိတ်ထဲရှိတာ ပြောချင်ရာ ပြောပေလိမ့်မည်။

"ထွေးကြီး.."

"What"

ထွေးကြီးက အင်္ဂလိပ်လို မေးလိုက်သည်။ .ဘာလဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အာကျယ်မ ငွေမြိုင်က ချောတယ်ကွ"

"အဲဒါ ဘာဖြစ်လဲ၊ သူ့ဘာသာသူချောတာ ကျုပ်အလုပ်လား"

"ပြီး.. တောင့်လည်းတောင့်တယ်"

"နာဘူးတွေပဲဗျ"

"ဟာ.. ငါတို့က မင်းအကျိုးအတွက် ပြောနေတာ။ ဒီမှာ ညကျရင် သူ့အိပ်တဲ့ဇရပ်ကို မင်းသွား"

"သွားပြီး ကျုပ်က ဘာလုပ်ရမှာလဲဗျ"

သည်မှာ ရွှေတင်ကြီးက ထွေးကြီးနားရွက်ကိုဆွဲ၍ ဘေးလူများ မကြားအောင် တိုးတိုးလေး နားနားကပ်၍ ပြောလိုက်သည်။

"..........."

"ဘာဗျ..။ ကျယ်ကျယ်ပြောပါဗျာ"

"..........."

"ဟာ.. ရှက်စရာ၊ ရွံစရာကြီးဗျာ"

"မင်း ဒီလိုမလုပ်ရင် ဒီတစ်သက် မိန်းမ မရတော့ဘူး ထွေးကြီး"

"မရ ဘာဖြစ်လဲဗျ။ ကျုပ်က အဆိုတော်ဖြစ်ချင်တာ"

"မင်း လက်ကျနေးနေရင် ဒီပြင်အချောင်သမားတွေ အလစ်ဝင်သွားလိမ့်မယ်"

"ဝင်.. ဝင်ပေါ့ဗျ"

နောက်ဆုံး အရူးထွေးကြီးကို မြှောက်ပေး၍ မရသောအခါ နေလယ်နေ့ခင်း လူပါးချိန်မှာ ထမင်းစားနေသည့် အရူးမလေး အာကျယ် မငွေမြိုင်ကို မြှောက်ပေးပြန်သည်။

"ဟဲ့.. ငွေမြိုင်"





"ဘာတုံးတော့"

"နင် လင်မလိုချင်ဘူးလားဟဲ့"

"အဟီး.."

"ပြောပါဟ..။ နင်က ရှက်လို့လား။ ဒါ.. ရှက်စရာမဟုတ်ဘူးဟ။ မြန်စရာကြီး"

"လို.. လိုချင်တာပေါ့တော့။ အဟီ.. အခုချက်ချင်း ရမှာလားဟင်"

အင်း.. ဟိုကောင်ထွေးကြီးနှင့်စာလျှင် ငွေမြိုင်ကို လှော်ပေး၊ ဘေးတီးပေးရသည်က မြန်ပေလိမ့်မည်။ ဘယ်လိုပဲဖြစ်ဖြစ် အရူးနှစ်ယောက် ညားသွားစေချင်သည်။

"နင် ဘယ်နှယောက်လိုချင်လဲဟ"

"သုံးယောက်တော့"

"မြတ်စွာဘုရား.. ကယ်တော်မူပါဘုရား။ နင် ဘယ်သူ့ကို မျက်စိကျနေတုံး ငွေမြိုင်"

"အဟီး.."

"ပြောပါဟာ..။ မရှက်ပါနဲ့။ ငါတို့ပြောပေးပါ့မယ်"

"တကယ်လားဟင်.. လို့"

"ဘုရားစူးပါဟာ။ ပြော.."

"ပြော.. ပြောမယ်နော်"

"အေး.. ပြော"

"ပြော.. ပြောမယ်နော်။ အဟင်း.."

"အေးပါ ဗိုင်းတာမရဲ့။ မြန်မြန်ပြောပါဟ"

"ကျုပ်ကလေ တော့်ကို ချစ်နေတာ ကြာပြီတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ငါ..ငါကို.."

"ဟုတ်ကဲ့..ဟုတ်ကဲ့..။ လာလေ အစ်ကို၊ ကျွန်မလင်ကြီးရဲ့"

"အမေရေ..ကယ်ပါဦးဗျ"

အရူးမ ငွေမြိုင်သည် စားလက်စကိုချပြီး ဆိုက်ကားသမား မြားနတ်မောင်ရွှေတင်ကြီးရဲ့လက်ကို ဖြုန်းခနဲဆွဲ၍ ဖက်မည်ပြုရာ ရွှေတင်ကြီး အော်၍ပြေးရတော့လေ၏။

သည့်နောက်ပိုင်း ညဦးပိုင်း၊ မအိပ်ခင်များမှာ အရူးမ ငွေမြိုင်က ထုံးစံအတိုင်း သီချင်းများအော်၍ဆိုလေ၏။

*"ဒီထောင့်နား××ရှိမယ်ထင်××ကျွန်မလင်×××*
*ဘိုကေသိမ်းတဲ့ ဓာတ်ကားရှင်×××ကျွန်မပင်××ရသရှင်×××*
*မောင်စ×မောင်စမှာရှင်××မောင်က×မောင်က×မလာသရှင်×××*
*မောင်စ×မောင်စမှာရှင်×× မောင်က×မောင်က×မလာသရှင်×××*
*မငွေမြိုင် အဆက်ကျရင်××လက်ပြမယ်ရှင်×××*
*ကိုကို××မြိုင့်ကို××ဆီး၍ခေါ်လိုက်ရှင်××××"*

အဲဒီလို အရူးမလေး အာကျယ်မ ငွေမြိုင်က မင်းသမီးမြခြေကျင်းမငွေမြိုင်ရဲ့ (မှတ်ချက် – ၎င်းသီချင်းကို ဆရာကြည်ရေးပါသည်။ စကားချပ်) ညဉ့်ရုံတော်သီချင်းကို ခပ်ကျယ်ကျယ်ဟစ်လိုက်လျှင်..

တိုင်မှီဝဲကုတ်နေသည့် ဗောဓိညောင်ပင်သည်ဘက် အမိနာ အကြော်ဆိုင်မှောင်ရိပ်မှ အရူးငတွားကြီးကလည်း အားကျမခံ ဟစ်လေ၏။

*"မိန်းမဆိုတာ ဆောင်းလေပမာညီ××အတွင်းသဘောမတည်ကြည်××ပြောင်းလဲတတ်သည်×××မောင့်အချစ်ဆုံးမြကာ××အဖိုးမထိုက်ပြီ×××ဖြစ်ပြန်ရလို့သာ××ယခုဘဝမှာအတည်×××ခင်မောင်ရင်တစ်ကိုယ်တည်းမှာ××အရူးကြီးပမာဖြစ်ကာ××ဓာတ်သိမ်းပြီ××××"*





ဇရပ်ပေါ်က အရူးမနှင့် အကြော်တဲမှ အရူးထီးတို့သည် မအိပ်မချင်း ၎င်းသီချင်းများကို အသံမြှင့်၍ အပြန်အလှန် အပြိုင်ဆိုကြ၏။

ဆိုက်ကားသမားများကား ရေဒီယိုနားထောင်ရသကဲ့သို့ ရှိ၏။

မြို့မဈေး ကင်းတဲမှ ညစောင့်ကြီးဦးပွေးလွှင့်တို့ အပျင်းတော်ပြေကြ၏။ တစ်ယောက်နှင့်တစ်ယောက် အခေါက်နှစ်ဆယ်ခန့် အပြိုင်ဟစ်၍ အာညောင်းကြသောအခါ နောက်ဆုံး အရူးငတွားကြီးက အသာစီးနှင့် ဓာတ်သိမ်းကို ဆိုလေ၏။

*"တီးချင်လိုက်တာ××ရွာစားကြီးစိန်ဗေဒါ×××*
*တီးချင်လိုက်တာ××ရွာစားကြီးစိန်ဗေဒါ×××"*

အဲဒါကို အကြိမ်သုံးဆယ်လောက်ဆိုလေ၏။

ထိုအခါ အရူးမလေး မငွေမြိုင်က ဖယောင်းတိုင်နှင့် အမွှေးတိုင်ကိုင်၍ ဗောဓိညောင်ပင်ရက္ခစိုးကြီးကို ဆီမီးပူဇော်လာတော့မှ ငတွားကြီးလည်း ရပ်လေ၏။

ပြီးနောက်..

အားကျမခံ သူကလည်း ရက္ခစိုးကြီးကို ဆီမီးပူဇော်၏။ ဆုများတောင်း၏။ အိပ်ရာဝင်ရန် ပြု၏။ မအိပ်ခင် အရူးမ ငွေမြိုင်ရှိရာဘက်သို့ ဘာရယ်လို့မဟုတ် ခေါင်းလေးငဲ့၍ကြည့်ပြီး တုံးလုံးလှဲ၏။

လည်ချောင်းထဲမှ ယားလာသော်..

ထ၍ သီချင်းမဆိုတော့။ ကွမ်းဝါးလိုက်၏။

အကြောင်းကား မြို့မဈေးညစောင့်ကြီးတို့ အုတ်ခဲကျိုးနှင့်ကုလ်ပြုမှာကို ကြောက်၍ဖြစ်သတည်း။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## ⟨၅⟩

"ဟော့ကောင်..ထ.."

"ဟော့ကောင်..အရှုး။ ထစမ်း မြန်မြန်.."

သူ့ကို ခြေနင့်ကန်ကျောက်၍ နှိုးနေသဖြင့် အရှူးထွေးကြီး ကန်းရုန်းထလိုက်၏။ သည်မှာ သူ့အနီးမှ လူကြီးတစ်ဦးကို အိပ်မှုန်စုံမွှား မြင်လိုက်ရ၏။

"ဟော့ကောင် ရှေး.."

"ဗျာ..ဗျာ.."

သူသေသေချာချာကြည့်လိုက်တော့ အသက်(၅၀) ခန့် သျှောင်ထုံးနှင့်အဘိုးကြီး။ ပါးမှာ ပါးမြိုင်းမွေးများ၊ နှုတ်ခမ်းမွေး ဖွေးဖွေးဖြူများနှင့်။

အင်္ကျီအဖြူရှည်ကို ဝတ်ထား၏။ ချိတ်ပုဆိုး တောင်ရှည်အဖြူနှင့်ဖြစ်၏။ ဇာတ်ထဲက မင်းသားကြီးလိုလို၊ သူလိုကိုယ်လို အရှုးပဲမှတ်နေမိ၏။

စိတ်ကူးသစ်စာပေ



"ဟော့ကောင်..ဟိုဘက်အဆောင်ကို အမြန်သွားလိုက်စမ်း"

"ဗျာ..ဘယ်အဆောင်ကို သွားရမှာလဲဗျ။ ဒီနေရာက ကျွန်တော့်နေရာဥစ္စာ"

"လျှာရှည်လိုက်တဲ့ကောင်ကွာ။ ထ..မြန်မြန်ထ"

ပြောရင်း အဘိုးကြီးက သူ့ကိုဆွဲထူ၍ တွန်းလွှတ်နေ၏။

"ကျုပ်က ဘယ်ကို ဘာသွားလုပ်ရမှာလဲ ဘကြီးရ"

"သွား..အရှုးမငွေမြိုင်အဆောင်ကို ခုချက်ချင်းအမြန်သွား"

"ဟာ..မသွားချင်ဘူးဗျာ"

"အရေးကြီးလို့ မင်းကိုခိုင်းနေတာဟ ငနွားရ"

"ဘကြီးဘာ့သာ ဘကြီးသွားပါလား"

"ငါနဲ့ မသင့်လျော်လို့ မင်းကို ခိုင်းနေတာ။ ကိုင်း..သွားပေရော့"

သည်မှာ ပုဆိုးဖြူ အင်္ကျီဖြူနှင့် အဘိုးကြီးက သူ့ကိုတွန်းလွှတ်လိုက်ရာ- သူ့နဖူးနှင့် အကြော်တဲတိုင် ပြေး၍ဆောင့်မိလိုက်လေ၏။

"ဟာ.."

"အား.."

"ဟင်.."

ဘုရားရေ..။ အိပ်မက်ပါလား။ သို့သော် တကာယ်ကို သူ့နဖူးနှင့် အကြော်တဲတိုင် ဆောင့်မိ၍ နာသွား၏။

ထိုစဉ်..

"အူး..အူး..ဖူး..ဖူး.."

"ဝုန်း..ဝုန်း.."

"လွှတ်..လွှတ်..ဖူး..အူး.."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အား. . ဂူး. ."

အလို. . အသံတွေ ညည့်အချိန်မတော် ကြားရပါလား။ အသံက ရှန်းကန်အော်ဟစ်နေသည့်အသံ၊ တိုးတိုးကြိတ်ကြိတ် ဖိဟောက်နေသည့် အသံလည်း ထွေးကြီးကြားနေရသည်။ ကြားရသည့်နေရာက အရှေ့မ မငွေမြိုင်ရဲ့ ဇရပ်ဘက်က။

သူ လှမ်းမျှော်ကြည့်လိုက်သည်။

အသံအစ်အစ်နှင့် မချိမဆံ့ရုန်းကန်သံများကို ကြားရသည်။ ဟိုကောင်မ အရှုးမ အိပ်ရာမှာ ယောင်အော်နေတာပဲဖြစ်မှာပါဟုတွေးပြီး ပြန်လှဲချရန် ပြင်လိုက်စဉ်. .

"ဘုန်း. ."

"သွား. . မြန်မြန်"

"ဟင်. . အင့်. ."

သူ့နောက်ကျောကို နောက်မှဆောင့်ကန်လိုက်သလို ခံစားလိုက်ရပြီး သူ့ယိုင်လဲမလိုဖြစ်၍ မျက်လုံးနှစ်လုံးကျယ်သွားခဲ့လေ၏။

အမိန့်ပေးသည့်အသံက စောစောက အိပ်မက်ထဲက အဘိုးအိုကြီးရဲ့အသံ။ လိုက်ရှာတော့လည်း မတွေ့။

"ကယ်. . ကယ်ကြပါ။ အာ. . အူး. . ဖူး. ."

"ဟင်. . ဒါ. . ဒါ. . ငွေမြိုင့်အသံပါလား"

သူ အရှုးမငွေမြိုင်အသံမှန်း သိသွားသောအခါ ဓားမိညှောင်ပင်ကိုကွယ်၍ ငွေမြိုင်အိပ်စက်ရာ ဇရပ်တန်းလျားကို လှမ်းကြည့်လိုက်သောအခါ. .

"ဟင်. ."

အလို. . ငွေမြိုင်ကို လူတစ်ဦးက တွန်းလှဲဖက်ပြီး ဟိုဒင်း. .





ဟိုဒင်း. . အဲ. . အဲ. . အဓမ္မပြုနေပါလား။ သူက ပါးစပ်ကိုပိတ်၍ အပေါ်မှဖိပြီး အဓမ္မကျင့်ရန် ကြိုးစားနေပါကလား။ ငွေမြိုင်က အောက်ကနေ အသည်းအသန် ရုန်းကန်အော်ဟစ်သော်လည်း အသံက တိုးတိုးပဲထွက်နေသည်။

ထွေးကြီးရင်ထဲမှာ မျက်ခနဲခံစားလိုက်ရပြီး နာကျင်သွားခဲ့၏။

သို့နှင့် လက်နက်တစ်စုံတစ်ရာကို ရှာလိုက်သောအခါ. .

ညှောင်ကိုင်းခြောက်လက်မောင်းလုံးခန့်တစ်ချောင်း ရလိုက်တော့သည်။ ၎င်းညှောင်ကိုင်းကို လက်နှစ်ဖက်နှင့် စုံကိုင်ပြီး ရန်သူအဓမ္မသမားနောက်တွင် အသာရပ်လိုက်ကာ သင်းရဲ့နားသယ်ကို ညှောင်ကိုင်းနှင့်အားကုန်လွှဲရိုက်ပစ်လိုက်သည်။

"ဖောင်း. ."

"ဖြောင်း. ."

"အား. ."

"ဝုန်း. ."

အဓမ္မသမား လဲကျပြီး နားအုံမှ သွေးများစီးကျလာ၏။ ငွေမြိုင်က လန့်အော်ပြီး အပြင်သို့ပြေးလေ၏။ ညှောင်ကိုင်းခြောက်ကား ပိုင်းပိုင်းကျိုးသွားခဲ့ပြီ။

သည်မှာ အဓမ္မသမားက ဝုန်းခနဲခုန်ထပြီး အရှုးထွေးကြီး၏ရင်ဝကို ဦးခေါင်းနှင့်ပြေးတိုက်လိုက်သည်။

"ဖုန်း. ."

"အင့်. . အ. ."

"ဝုန်း. ."

"ကိုင်းကွာ. ."



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား လုံးထွေး၍ လဲကျသွား၏။ ရန်သူ့အဝှသမားက အတင်းရုန်းကန်တိုက်ခိုက်သည်။ ထွေးကြီးကလည်း သူ့အကျီကို ဆွဲထားပြီး မိရာကို ကုန်းကိုက်ပစ်လိုက်သည်။

"လာကြပါဦး.. လာကြပါဦး.."

"လာကြပါဦး.. လာကြပါဦးတော့.."

အရှူးမငွေမြိုင်ရဲ့ အချိန်မတော် အလန့်တကြားအော်ဟစ်သံကြောင့် မြို့မဈေး ကင်းစောင့်စင်ပေါ်မှ လက်နှိပ်မီးရောင်သည် ငွေမြိုင့်ကိုယ်ပေါ်သို့ ကျလာ၏။

ငွေမြိုင့်ကိုယ်ပေါ်ပိုင်းမှာ အကျီများစုတ်ပြဲပြီး အတွင်းခံဘော်လီအကျီပါ ပြုတ်ပြုတ်ထွက်နေသည်ကို မြင်ရသောအခါ ကင်းစင်ပေါ်မှ ညစောင့်ဦးပွေးလွှင့်တို့နှစ်ဦး ပြေးဆင်းလာလိုက်ကြသည်။

သည်မှာပဲ အဝှသမားသည် အခြေအနေမဟန်မှန်း သိသွားသောအခါ ထွေးကြီးရဲ့လည်ပင်းကိုညှစ်ပြီး ဆံပင်ကို ဆောင့်ဆွဲလှန်ချကာ ခုန်ကျော်၍ပြေးတော့၏။

လက်နှိပ်မီးရောင်များ ဝရုန်းသုန်းကားပြေးသွားသူနောက်သို့ တန်း၍ကျရောက်သွားသော်လည်း လျင်မြန်လှသော အဟုန်ခြေလှမ်းများနှင့်ပြေးရင်း လမ်းချိုးကွေ့မှောင်ရိပ်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေ၏၊

ဦးပွေးလွှင့် နောက်ကပြေးလိုက်သော်လည်း မမီတော့။

သည်မှာပဲ ပတ္တရောင်ရဲများရောက်လာ၍ သူတို့အားလုံး အရူးမငွေမြိုင်နှင့် ဒဏ်ရာအနည်းငယ်ရပြီး ပါးစပ်မှ သွေးထွက်နေသော အရူးထွေးကြီးတို့ကို မေးမြန်းစစ်ဆေးကြသောအခါ အားလုံး အခြေအနေကိုသဘောပေါက်သွားပြီး ပတ္တရောင်ရဲအဖွဲ့က စက်ဘီးများနှင့် အဝှသမားနောက်သို့ လိုက်ကြတော့သည်။

စိတ်ကူးသစ်စာပေ



ငွေမြိုင်က ထဘီပိုင်းလေးခြုံ၍ ကြောက်နေသည်။

သည်မှာ ဦးပွေးလွှင့်က မေးလိုက်သည်။

"ငွေမြိုင်.. ဟဲ့.. ငွေမြိုင်.."

"ရှင်.. ရှင်.."

"နင် အိပ်ရဲရဲ့လား"

"ဟင့်အင်း.. ကြောက်.. ကြောက်တယ်"

"ဒါဆို ထွေးကြီးကို အဖော်ခေါ်အိပ်လိုက်ဟာ"

"ဟင်.."

"ထွေးကြီးကြောင့် နင်ကံကောင်းသွားတာ ငွေမြိုင်။ နင် ထွေးကြီးကို ကျေးဇူးတင်သင့်၊ ယုံသင့်တယ်ဟာ"

ငွေမြိုင် ထွေးကြီးကို မဝံ့မရဲလှမ်းကြည့်လိုက်သည်။ ထွေးကြီးကလည်း စုတ်ပြဲနေသည့် ပုဆိုးကွဲကြီးနှင့် ကွဲနေသည့်နှုတ်ခမ်းမှ သွေးများကိုသုတ်ရင်း သူမကို ရိဝေစွာကြည့်နေသည်။

"ထွေးကြီး..

"ဟော့ကောင် ထွေးကြီး.."

"ဗျာ.."

"မင်း ဒီည ငွေမြိုင်အနီးမှာ စောင့်ရှောက်ပြီး အိပ်ပေးလိုက်ကွာ"

"ဟင့်အင်း.. မအိပ်ဘူး။ ကျုပ်တဲကနေ မအိပ်ဘဲ စောင့်ကြည့်ပေးမယ်"

"ဟော.."

အရူးထွေးကြီးသည် သို့ကလိုပြောရင်း ထော့နင်းထော့နင်းနှင့် သူ့အကြော်တဲရှိရာသို့ သွားလိုက်ပြီး တိုင်ကိုမှီကာ သည်ဘက် ငွေမြိုင်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ ကြည့်နေရှာ၏။

"ငွေမြိုင်.."

"ရှင်.."

"နင့်ဘ၀၊ နင်တို့ဒုက္ခကလည်း မလွယ်ပါလား ငွေမြိုင်ရယ်။ ကိုင်း.. ကိုင်း.. ရဲရဲတင်းတင်းသာအိပ်တော့ သမီး။ အဘတို့ ဒီကင်းတဲပေါ်ကနေ တစ်ညလုံးစောင့်ကြည့်ပေးနေမယ်.. သိလား"

"အင်း.. အင်း.."

ငွေမြိုင် လှုထိုင် ခုံရှည်ပေါ်မှာ ထိုင်ချလိုက်သည်။ ဦးပွေးလွင့်တို့လည်း ကင်းစင်ရှိရာသို့ ပြန်လာခဲ့ပြီး တစ်ညလုံး မကြာခဏ သူတို့နှစ်ဦးရှိရာသို့ မီးထိုး၍ ကြည့်လိုက်သောအခါ..

အရှုမ ငွေမြိုင်သည် အထုပ်ကလေးခေါင်းအုံးပြီး စောင်ပိုင်းလေးခြုံ၍ အိပ်နေရှာ၏။

အရှုးထွေးကြီးကား တစ်ညလုံး မအိပ်။

အကြော်တိုင်ကိုမှီရင်း ငွေမြိုင်ရှိရာသို့ မကြာခဏ ခေါင်းထောင်၍ ရပ်၍ လှမ်းလှမ်းကြည့်နေသည်ကို မြင်ကြရသောအခါ..

ဦးပွေးလွင့် ခေါင်းတညိတ်ညိတ်လုပ်၍ ပါးစပ်မှ သာဓုခေါ်မိလေသည်။

✻ ✻ ✻

< ၆ >

နောက်နေ့ မိုးလင်းတော့ အစုတ်အပြဲအကျီနှင့် အာကျယ်မ ငွေမြိုင် မြို့ထဲလှည့်၊ ရပ်ထဲလှည့် သီချင်းဆိုပြီး လိုက်က၊ တောင်းရမ်းမြဲ တောင်းရမ်းနေ၏။

အရှုးမငွေမြိုင် အကျီများစုတ်ပြဲနေ၍ အချို့က စပ်စုမေးမြန်းကြ၏။ အချို့သောမိန်းမများက သနား၍ အကျီ၊ ထဘီလေးများ ပေးကမ်းကြ၏။

နည်းတူ..

အရှုးထွေးကြီးကလည်း ဈေးရှေ့က အုတ်ပုံပေါ်မှာ တစ်ယောက်တည်း ဟစ်မြဲဟစ်၏။ သူ့ဖောက်သည် ကိုကြည်တင့်နိုင်တို့အုပ်စုက ထွေးကြီးပါးစပ်ကွဲနေ၍ မေးကြ၏၊ ထွေးကြီးက ဘာမှပြန်မဖြေ၊

မကြာခင် မြို့က အကြောင်းစုံသိသွား၏။

အရှုးမလေး မငွေမြိုင်ကို မသမာသူတစ်ဦးက ညဥ့်နက်သန်းခေါင်မှာ မတော်မတရားလာပြုသည့်သတင်း.. ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရှုးထွေးကြီးက သက်စွန့်ဆံဖျားဝင်ကယ်လိုက်၍ အရူးမ ငွေမြိုင် ဘဝပျက်မသွားရသည့်သတင်း။

ထိုသတင်းကို ကြားကြသောအခါ မယုံမှာသူကို မေးမြန်းကြ၏။

အချို့က ဆိုက်ကားသမားရွှေထွင်ကြီးတို့အုပ်စု ဖြစ်မည်ဟု ခန့်မှန်းကြ၏။

အချို့က ဝရမ်းပြေးဇော်ဖိုးဟု ယူဆကြ၏။

အချို့က ဂျလေဗီမွေးရင့်ဟု သက်မကောင်းဖြစ်ကြ၏။

ဒါနှင့်အတူ ခပ်ချောချော အဆိုကောင်း၊ အကကောင်း လုံး ကြီးပေါက်လှအရူးမငွေမြိုင်ကို သနားကြ၊ စိုးရိမ်ကြသည်။

ဒါနှင့် အားပြိုင်..

အရူးထွေးကြီးရဲ့ ရူးပေမင့် ငွေမြိုင်အပေါ်စောင့်သိသည့် သစ္စာ တရား၊ ကိုယ်ကျင့်တရားကိုလည်း အံ့သြကြ၏။ လေးစားကြ၏။

ကြုံလျှင် ပြောကြ၏။

"မင်းကြည်လှိုင်.."

"ဘာတုံး ကိုမှိုင်း"

"တွေ့လား.."

"ဆယ်ပြားစေ့လားဟင်"

"မင်းအမေ ဆယ်ပြားစေ့ရမှာလား။ ထွေးကြီးအကြောင်းကို ပြောနေတာ"

"ထွေးကြီး ဘာဖြစ်လို့လဲ။ ငွေမြိုင်နဲ့ ညားသွားပလားဗျ"

"ထွေးကြီးဟာ မင်းတို့ ဇော်ဖေတို့လို အကြောတက်၊ ငမ်းငမ်း နေတဲ့လူစား မဟုတ်ဘူး ကြည်လှိုင်။ ဦးနှောက်မကောင်းပေမင့် သူ့မှာ လူ့စိတ်ရှိတယ်။ သူ့ရင်ထဲမှာ အဝှမရှိဘူး။ ဥပေက္ခာမရှိဘူး။ သူ ငွေမြိုင်





လေးကို စောင့်ရှောက်ကာကွယ်ပေးခဲ့တယ်လို့ ညဈေးစောင့်ကြီး ဦးမွေး လွင့်တို့၊ ဈေးခေါင်း ပုသိမ်မောင်သောင်းယဉ်တို့ဆီက ငါကြားရတယ်။ မင်းတို့ အရူးထွေးကြီးရဲ့ သစ္စာ၊ သမာဓိကို အားကျကြစမ်းပါကွာ။ မျက်တောင်တစ်ချက်မှိတ်တာနဲ့ လိမ်ပြီးသားဖြစ်နေတဲ့ မင်းတို့စရိုက် သောက်ကျင့်တွေကို ဖျောက်ကြစမ်းပါ။ ပြီး..ရှုပိုးမထိုးကြပါနဲ့"

"အေးဗျာ..ထွေးကြီးဟာ အရူးထဲမှာ စံပြပဲဗျ ကိုမှိုင်းရ"

"သူတို့နှစ်ယောက်ဦးနှောက် မှုလပုံမှန်အတိုင်းဖြစ်ပြီး ညားသွား ရင် ကောင်းမယ်ဗျ..နော်"

"အခုအတိုင်း ညားသွားရင်တော့ ကျုပ်တို့ ခင်ဗျားတို့ စုပေါင်း ပြီး မင်္ဂလာဆောင်ပေးရမှာပဲဗျ"

"မင်္ဂလာသြဘာစာကို ဆရာမှိုင်းဖတ်ပေးနိုင်မလားဟင်"

"ဟာ..ငါမရဘူးကွ။ မင်းသားကြီးစိန်အောင်ကြည်ကို ရွတ် ခိုင်းရမယ်"

"ဖိတ်စာလေးဘာလေးတော့ ပါမှ ကောင်းမယ်"

"ညားရင် ဘယ်လိုနေမလဲလို့ ချောင်းကြည့်.."

"ခွေးမသား..ပြောရင်းက ကဲလာတယ်။ ကိုင်းဟာ.."

"ခွပ်.."

"အမလေး..မပု"

"ဝါး..ဟား..ဟား..ဟား.."

ကျွန်တော်က အချောင်းဝါသနာကြီးသည့် မင်းကြည်လှိုင်ကို ရေနွေးအိုးဖုံးနှင့် ထုပစ်လိုက်ရာ အားလုံးက ရယ်ကြလေ၏။

ကျွန်တော်တို့က လူ့ဘာသာဘာဝ အရူးမလေးငွေမြိုင်နှင့် ထွေး ကြီးကို ညားစေချင်ပါသော်လည်း ဖူးစာရေးနတ်မင်းက အိပ်ငိုက်နေလို့



www.burmeseclassic.com

www.burmeseclassic.com



လား. . ။

ဒါမှမဟုတ်. .

ကျုပ်တို့ကောင် မောင်ထွေးကြီးက သစ္စာရှိလွန်းလို့လား၊ တုံးလွန်းလို့လား မသိ။ အိုးချင်း၊ ကြိုးချင်း နီးသော်လည်း. .

အိုးရော၊ ကြိုးရော မငြိကြ။

သို့သော် ကန်စွန်းနွယ်လေးက ငြိချင်ချင်ဟု ကြားရ၏။

ထုံးစံအတိုင်း မှောင်စပြုလာသောအခါ အရှုံးမငွေမှိုင်သည် ထွေးကြီးရှိရာ အကြော်တဲသို့ မျက်နှာလေးမူ၍ သီချင်းဆိုလေ၏။

"*ရည်းစားအနီပ်လင်××ရက်ချိန်း၍ မှာလိုက်ချင်××ချစ်သူလေး ပြေးကြစို့ရဲ့××မနေနိုင်××မောင့်အတွက်ပူပင်×××*

*ဟိုထောင့်နား ရှိမယ်ထင်××ကျွန်မလင်××ကျွန်မလင်×××*

*ဒီထောင့်နား ရှိမယ်ထင်××ကျွန်မလင်××ကျွန်မလင်×××*

*ဘိုကေသိမ်းတဲ့ဓာတ်ကားရှင်××ကျွန်မပင်×ရသရှင်×××*

*မှောင်စ×မှောင်စမှာရှင်×× မောင်က×မောင်ကမလာသရှင်×××*

*မငွေမှိုင် အဆက်ကျရင်××လက်ပြမယ်ရှင်×××*

*ဘိုကို မှိုင့်ကို ဆီး၍ခေါ်လိုက်ရှင်××××*"

လူ့စိတ်သည် ဆန်းကြယ်လှ၏။ အရှုံးမှာလည်း ခံစားချက်နှလုံးသားရှိသည်ဟု ညစောင့်ကြီးဦးပွေးလွင့်က ပြော၏။

သို့ကလို အရှုံးမလေးငွေမှိုင်က မြခြေကျင်းမငွေမှိုင်ရဲ့သီချင်းကို အသံနေအသံထား ခံစားချက်နှင့်ဟစ်နေစဉ်. .

ဒေါ်အမိနာအကြော်တဲ မှောင်ရိပ်ထဲမှ အရှုံးထွေးကြီးကလည်း ဆိုက်ကားသမားအုပ်စုအနီးမှရပ်၍ ငွေမှိုင်ရှိရာသို့ လှည့်ပြီးဟစ်လေ၏။

"*လှမ်းမယ်ပ××မြန်းစို့ကိန္နရီကိန္နရာ××အတူမကွာ×××*





*တွဲကာ××နွဲကာ××ဝဲကာပျံကြ××× တွဲကာ××နွဲကာ××ဝဲကာပျံကြ×××*

*ပန်းစုံစွာ×××ဂနိုင်အတွင်း××ကြိုင်သင်းလို့ပါ××ပန်းစုံစွာ×××ဂနိုင်အတွင်း××ကြိုင်သင်းလို့ပါ×××*

*ဖိုမခေါ်သံ××ထူးလို့သာ××× ငွေသောင်ယံ××ရွှေတောင်ပံ××မခွဲရက်အောင် တွဲယှက်ပျော်တာ××××*"

အရှုံးထွေးကြီးကား ခေသူမဟုတ်။ သီချင်းမျိုးစုံ ရလေ၏။ အခုလည်း အဆိုတော်ကြီးဒေါ်လှရွှေ သီဆိုသည့် 'စန္ဒကိန္နရီ' သီချင်းကို ဟစ်လေ၏။

သူတို့နှစ်ဦးရဲ့ မမောနိုင်မပန်းနိုင် အပြိုင်သီချင်းဆိုသံများကို ကြားကြသောအခါ. .

ကြားရသူများသည်. .

ရယ်လည်း ရယ်ကြ၏. . ။

သနားလည်း သနားကြ၏. . ။

ကိုယ်ချင်းလည်း စာနာကြ၏. . ။

သည်အရှုံးစန္ဒကိန္နရီမောင်နှံကို မုန်တိုင်းလည်း မခြားစေချင်။

မင်းဗြဟ္မဒတ်မဟုတ်သော လူရမ်းကား လူမသမာတို့ရဲ့ အဓမ္မ ရင်ခွင်မှာ ပက်လက်မျောရမည့်ကိန်းလည်း မမြင်ချင်ကြ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ‹၇›

နောက်နှစ်ရက်မြောက်သောနေ့မှာ ကျွန်တော်တို့ စိတ်ဝင်စား ဂရုပြုနေသူများအားလုံး ထူးဆန်းသောသတင်းတစ်ခုကို မမျှော်လင့်ဘဲ ကြားရ၊ သိရတော့၏။

ခါတိုင်း မိုးလင်းသည်နှင့်..

အရူးငထွားကြီးကို သရက်ရွက်၊ ပိန္နဲရွက်သရဖူများဆောင်း၍ ဈေးရှေ့က အုတ်ခုံပေါ်မှာ ဇာတ်ထုပ်ခင်းလိုက်၊ သီချင်းဆိုလိုက်၊ ဆိုင်းဆင့်များရွတ်လိုက်နှင့် ဩဘာလက်ခုပ်သံများ ဝေဝေစည်စည်နှင့် ကြားရ၊ မြင်ရ၏။ ယခု မတွေ့ရတော့။

ဤသို့နှယ်ပင်..

ဈေးအနောက်ဘက် လက်ဖက်ရည်ဆိုင်ရှေ့ မြေပြင်ကွက်လပ်မှာ အထုပ်ကလေးအနားချပြီး ခေတ်ဟောင်းအငြိမ့်မင်းသမီး အဆိုတော်ကြီး မြခြေကျင်းမငွေမြိုင်ရဲ့ ဂန္ဓဝင်သီချင်းများကို သီဆိုပြီး အားရပါးရ က,ပြလေ့ရှိသည့် အရူးမ အာကျယ်မ ငွေမြိုင်ကိုလည်း ကျွန်တော်တို့





လုံးဝမတွေ့ရ။

"နေများမကောင်းကြလို့လားကွာ"

"အေးကွဲ..ဒီနေ့ လုံးဝမတွေ့ရဘူး"

သို့နှင့် စပ်စပ်စုစုဝါသနာကြီးလှသော ကျွန်တော်၊ ကိုကြည်တင့်နိုင်နှင့် စိတ်ဓာတ်ကိုမြှသန်း။ မင်းကြည်လှိုင်နှင့် ဇော်ဇော်တို့အုပ်စုသုတ်ို့နှစ်ဦးစံမြန်းရာ ဇရပ်၊ ဓောဝိညောင်ပင်နှင့် အကြော်တဲရှိရာသို့ လှမ်းဝင်လာလိုက်ကြ၏။

ဦးစွာ အကြော်သည်ကုလားမကြီး ဒေါ်အမိနာကို အကြော်ကြော်ရင်း တွေ့ရ၏။

"ဒေါ်အမိနာ.."

"ဘာတုံး ကန်ကလေး"

"ဟိုကောင်ရောဗျ ဒေါ်အမိနာရ"

"ဘယ်သူနုံး.."

"အရူးငထွားကြီးလေဗျာ..။ ဒီနေ့ မတွေ့ရလို့"

ကျွန်တော်တို့က သူ့ကို သံယောဇဉ်ဖြစ်နေပြီ၊ ကျေးဇရာရှိလည်း ကျေးကြသည်ကို။

"ခါတိုင်းနော်..အမိနာလာရင် ငထွားကြီး အကြော်တောင်းတယ်။ ပြီးရင် ငါ့ကို ရေတစ်ပုံးခွဲပေးမယ်။ နောက်..မြို့ထဲကို လျှောက်သွားတယ်။ ဒီနေ့ ငါလာတယ်။ ငထွားကြီးကို မတွေ့ဘူး ကန်ကလေး"

"အင်း..ဘယ်များသွားနေကြပါလိမ့်"

သို့နှင့် ဒေါ်အမိနာအကြော်ဖိုမှသည် ဓောဝိညောင်ပင်ဟိုမှာဘက်က လှနားနေရာ ဇရပ်တန်းလျားလေးသို့ ဝင်လာလိုက်ကြသည်။

ရှေ့မှာ ကွမ်းယာရောင်းသည့် မချက်စုကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မချက်စု.."

"ဘာလဲဟဲ့ ကိုမှိုင်းရဲ့"

"အရှုးမ ငွေမြိုင်ရောဗျာ။ မတွေ့လို့.."

"အေးဟဲ့..။ ခါတိုင်း ငါရောက်ရင် ငွေမြိုင်ကို သနပ်ခါးခဲရေနဲ့ဖျော်ပြီး လိမ်းနေတာ မြင်ရတယ်။ ကောင်မက သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းပြီးမှ အဆိုတော်၊ အကတော်ကို ဟောဒီဇောင်းဥဿောင်ပင်က ရုက္ခစိုးနတ်ကွန်းရှေ့မှာ ဆက်လေ့ရှိသဟဲ့။ ထူးတာက ဒီနေ့ ငါလည်း သူ့ကို လုံးဝမတွေ့ဘူး"

သို့နှင့် ကျွန်တော်တို့ သူတို့ဝန်းကျင်မှ ထွက်လာခဲ့လိုက်ကြ၏။ သည်မှာ မင်းကြည်လှိုင်က အလုပ်မရှိအလုပ်ရှာ စက်ဘီးတစ်စီးငှားပြီး အရှုးနှစ်ယောက်ကို လိုက်ရှာ၏။ ဩော်.. သံယောဇဉ်စိတ်နှင့် စိုးရိမ်ပူပန်ကြသည်ကို။

တစ်နာရီခန့်ကြာတော့ မင်းကြည်လှိုင်ပြန်ရောက်လာ၏။

"တွေ့ခဲ့လားဟေ့ ကြည်လှိုင်"

"လုံးဝပဲကွ"

"ဟိုဟိုဒီဒီ မေးမြန်းမကြည့်ဘူးလား"

"မေးတာပေါ့ကွ..။ ဘယ်သူမှ မသိကြဘူး"

"အင်း.. တစ်နေရာရာ ထွက်သွားကြရောပေါ့"

"ထွေးကြီးများ နိုးပြေးရော့သလား မသိဘူးနော်"

"တို့ထွေးကြီးက တော်းကွ။ မြင်းကမလှုပ်တဲ့ ခုံကမှား လှုပ်ရော့သလား မသိဘူး။ ငွေမြိုင်ကလည်း နိုးပြေးနိုင်တာပဲ"

"နေပစေကွာ..။ သူတို့သဘော သူတို့ဆောင်ကြတာ ဥစ္စာ။ ငါတို့ကသာ ဝေဖန်နေတာ။ တို့တွေးသလို ဟုတ်ချင်၊ ဖြစ်ချင်မှလည်း





ဖြစ်မှာပါ"

သည်လိုနှင့်..

ကျွန်တော်တို့မြို့ကလေးမှ အရှုးမ (စိတ်မနှံ့သူ) အာကျယ်မ ငွေမြိုင်နှင့် အရှုးထွေးကြီးတို့ ပျောက်သွားလိုက်သည်မှာ အချိန်ကာလတို့ အတန်ကြာခဲ့လေသည်။

ကြာတော့လည်း..

သူတို့နှစ်ဦးရဲ့ ဖျော်ဖြေရေးသီချင်းကို လုံးဝမကြားရသောအခါ သူတို့ကို မြို့ကလေးက မေ့လျော့စ ပြုလာခဲ့လေသည်။

ကျွန်တော်ကတော့ သူတို့နှစ်ဦးကို လုံးဝမမေ့နိုင်ခဲ့။

အကြောင်းကား..

ကျွန်တော်သည် ဇာတ်ဆန်းများကို စိတ်ဝင်စားသော စာရေးဆရာတစ်ဦး ဖြစ်သောကြောင့်တည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ❮၈❯

သည်လိုနှင့် ရာသီက,ကြိုးများ က,ကွက်ပြောင်းခဲ့ကြ၏။

နွေသည် တိမ်ပလီရုပ်စုံခင်း၍ ပြောင်းသွား၏။

မိုးသည် လျှပ်စစ်အလိုက်ကြမ်းနှင့် မိုးခြိမ်းသံဂီတကို ခပ်ကြမ်းကြမ်းက,ရင်း သူ့ရာသီကို ကျကျနနသရုပ်ဖော်သွားခဲ့၏။

ဆောင်းကလည်း နှင်းဂါဝန်နှင့် ဒန့်စ်အကကို ခပ်သည်းသည်းက,ပြီး သူမရဲ့အလှကို ပြသ သရုပ်ဖော်သွားခဲ့သည်။

နှစ်နှစ်ခန့် ကြာသွားခဲ့၏။

တစ်နေ့..

ကျွန်တော် သုံးခွမြို့ အဖန်းဘုရားပွဲသို့ ရောက်သွားခဲ့၏။

ကျွန်တော်တို့ဒေသမှာ..

သန်လျင်က ကျိုက်ခေါက်ဆံတော်ရှင်ဘုရားပွဲသည် နာမည်ကြီး၏။

ကျောက်တန်းမြို့က ရေလယ်ဘုရားပွဲ နာမည်ကြီး၏။





ခရမ်းမြို့က သွန်းဘုရားပွဲကလည်း တပေါင်းလမှာ နာမည်ကြီး၏။

နည်းတူ သုံးခွမြို့မှ အဖန်းဘုရားပွဲကလည်း လွန်စွာနာမည်ကြီးလှပေ၏။ ပဲခူးမြို့၊ ရန်ကုန်မြို့မှ ဈေးသည်များ၊ အညာပခုက္ကူမှ ပွဲဈေးသည်များ နှစ်စဉ် လာကြ၊ ရောင်းကြ၏။

တစ်ညာ ကျွန်တော် မြို့တော်သိန်းအောင်ဇာတ်ကို လေ့လာမည်ဟု လာခဲ့၏။ ပွဲမထွက်သေး၍ ပွဲဈေးတန်းကို လျှောက်ခဲ့၏။

အဲဒီမှာပဲ ပွဲဈေးတန်းတစ်ခုမှာ မမျှော်လင့်ဘဲ သူတို့နှစ်ဦးကို သွားတွေ့လိုက်ရသည်။

ဟုတ်မှဟုတ်ရဲ့လား..။

ဟုတ်ပါသည်။ သူတို့နှစ်ဦး..။

သူတို့နှစ်ဦးကား အခြားမဟုတ်။

အရူးမ ငွေမြိုင်နှင့် ငထွားကြီးတို့ ဖြစ်သတည်း။

သူတို့ကို ယခုတွေ့နေရသည်ကား ဟိုးလွန်ခဲ့သည့် တစ်နှစ်ခွဲဟိုမှာဘက်က ကျွန်တော်တို့သန်လျင်မြို့မှာ တွေ့ခဲ့ရသည့် အရူးလိုဘဝမျိုး မဟုတ်တော့။

သူတို့ လူကောင်းဘဝ ဖြစ်နေ၏။

ကျွန်တော် သူတို့ကို ကောင်းကောင်းမှတ်မိ၏။

ငွေမြိုင်သည် ဖြူဖြူ ဝဝကစ်ကစ် ကလေးလေးကို နို့တိုက်နေ၏။ ငထွားကြီးက ဈေးရောင်းနေ၏။ သူတို့ရောင်းသည့် ရောင်းကုန်ကား အိုးပုတ်၊ ချိုးရုပ်၊ စက္ကူနွား၊ ကျွဲ ကလေးကစားစရာများ..။

ဈေးဝယ်အချို့က သူတို့ဆိုင်မှာ ဈေးဝယ်မေးမြန်း ဈေးဆစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထွေးကြီးက ဟိုတုန်းကလို ကျောပြောင်ကြီးနှင့်။ ပုဆိုးတိုတိုနှင့်။ သူ့ရင်ဘတ်ပေါ်မှာ ဆေးမင်ကြောင်သိမ်းငှက်ကြီး အစွင့်သားနှင့်။

ကျွန်တော် အသာရပ်ကြည့်နေမိ၏။

ဝမ်းလည်း သာနေ၏။ ကျွန်တော့်ရင် ခုန်နေ၏။

ငွေမြိုင်မှန်း မှားစရာ လုံးဝမရှိ။ ငွေမြိုင့်ညာဘက်ပါးပေါ်မှာ စာအမှတ်မည်းမည်းကြီးကိုလည်း အထင်းသားမြင်နေရသည်။

ဈေးဝယ်များရှင်းသွားသောအခါ ကျွန်တော် သူတို့အရုပ်ဆိုင်ထဲသို့ ဝင်ခဲ့လိုက်သည်။

"ထွေးကြီး.."

"ဗျာ.."

သူ ကျွန်တော့်ခေါ်သံကြောင့် မော့ကြည့်လိုက်သည်။ ပြီး.. တွေဝေ၍ ကြည့်နေသည်။

"ထွေးကြီး.. ငါ့ကို မှတ်မိရဲ့လား"

"အဲ.. အဲ.."

သူ ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်ပြီး စဉ်းစားနေ၏။

"ငါ စာရေးဆရာ ကိုငမှိုင်းလေ"

"ဟင်.. ကို.. င.. မှိုင်း..။ အစ်ကို.. ငမှိုင်း..။ အစ်ကို.."

သူ ကျွန်တော့်ကို ကောင်းစွာမှတ်မိသွားပြီး ပြေး၍ဖက်လိုက်သည်။ ဝမ်းသာလိုက်တာ..။ ဟိုတုန်းကတည်းက သူက ကောင်းတစ်ချက်၊ မကောင်းတစ်ချက်။ (၂၄) နာရီအရှူးဘဝမှာ စိတ်ကောင်းချိန်လေး တစ်နာရီနှစ်နာရီ ရှိ၏။ အဲဒီအချိန်လေး စကားပြောလို့ ရလေ့ရှိ၏။

"အစ်ကို.. အစ်ကို.."

"ငါ မင်းကို ခုလိုမြင်ရတာ ဝမ်းသာလိုက်တာ ငါ့ညီရယ်"





သူကလည်း ဝမ်းသာအားရနှင့် သပေါ့ဖျာပေါ်မှာ နေရာချ၏။ ငွေမြိုင်က ကလေးကို နို့တိုက်ရင်း ကျွန်တော့်ကိုငေးကြည့်နေ၏။

"ထွေးကြီး.."

"ဗျာ.. အစ်ကို"

"ငွေမြိုင်က မင်းနဲ့ ခု ဘာတော်သလဲဟင်"

"ငွေမြိုင်က ကျွန်တော့်မိန်းမ အစ်ကို။ ဒါက ကျွန်တော့်သား"

"ဟေ.. ဒါ.. ဒါဆို မင်းနဲ့ ငွေမြိုင်.."

"တကယ်ညားသွားခဲ့တာပေါ့ အစ်ကိုရာ။ ဟား.. ဟား.. ဟား.. ဟား.."

"ထွေးကြီး.."

"ဗျာ.. အစ်ကို.."

"ဒါဆို.. မင်း.. မင်း.. ဟိုးလွန်ခဲ့တဲ့ကာလက အဖြစ်အပျက်တွေကို ပြန်သတိရသေးလားဟင်"

"ရတယ် အစ်ကို"

"ဟေ.. ငါအံ့သြလိုက်တာ ငါ့ညီရာ။ အစ်ကို မင်းရဲ့နောက်ဆက်တွဲဘဝကို သိချင်တယ် ညီရာ"

"အေးအေးဆေးဆေးပြောပါ့မယ် အစ်ကို၊ ဒီည ဒီမှာပဲအိပ်ပေါ့။ ဟေ့.. ငွေမြိုင်"

"ရှင်.. အစ်ကိုထွေး"

"ဟောဒါ ငါတို့ရဲ့ကျေးဇူးရှင် အစ်ကိုဟာ ငွေမြိုင်ရေ၊ နင်နဲ့ငါတို့ဘဝကို အလျှဉ်းသင့်သလို တစ်ချိန်တစ်ခါက ပိုင်းဝန်းစောင့်ရှောက်ခဲ့သူများပေါ့ဟာ"

"ဪ.. ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ကျွန်တော်က ငွေမြိုင်ကို ကရုဏာသက်စွာလှမ်းကြည့်ရင်းက..

"ငွေမြိုင်..ညီမလေး.."

"ရှင်.."

"ညီမလေး အခု မြခြေကျင်းမငွေမြိုင်သီချင်းတွေကို ဆိုသေးလားဟင်"

"အဲ..အဲ..ဆို..ဆိုပါတယ် အစ်ကို။ သားကိုချော့ရင်း ဆိုတာပေါ့"

"ဟိုး..အရင်ကလို ထွေးကြီးအတွက် မောင်ရိုဖျိုးဖျမှာ အော်မဆိုတော့ဘူးလားဟင်"

"အို.."

သူမ ရှက်သွားပုံရ၏။ ခေါင်းကိုငုံ့ရင်း သူ့ရင်သွေး သားငယ်ကို ငုံ့၍နမ်းလိုက်၏။

သည်လိုအနမ်းမျိုး..

ထွေးကြီးပါးပေါ်မှာ ဘယ်နှပွင့်များ ပွင့်နေခဲ့ပါလိမ့်။

❋ ❋ ❋

## ‹၉›

ကျွန်တော် အဲဒီနှေညာက မြို့တော်သိန်းအောင်ဇာတ်ကို မကြည့်ဖြစ်ခဲ့။ ပွဲထွက်လို့ သူတို့ ဈေးပါး၊ ဈေးသိမ်းချိန်မှာ စားစရာများဝယ်ပြီး သူတို့ဆိုင်လေးသို့ ရောက်ခဲ့၏။

ထွေးကြီးတို့လင်မယားက ဘူးသီးကြော်နှင့် ရေနွေးကြမ်းအိုး အသင့်လုပ်ထား၏။ ကျွန်တော်က ထိုးမုန့်နှင့်ရေမုန့်များ ဝယ်လာပြီး ပေါင်းလိုက်၏။

"ကလေးရော ငွေမြိုင်"

"အိပ်နေပြီ အစ်ကိုကြီး"

"ထွေးကြီးရေ.."

"ဗျာ..အစ်ကို.."

"မင်းတို့နှစ်ဦးကို ဟိုး..လွန်ခဲ့တဲ့ကာလများကတည်းက ငါတို့က ညားစေချင်တာကွ"

"ခု..ညားပြီပဲ အစ်ကို။ ဆုတောင်း ပြည့်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်း ကြည်တင့်နိုင်တို့ စိတ်တတ်မြသန်းတို့ ဆိုက်ကား သမားရွှေတင်ကြီးတို့ကို မှတ်မိသေးရဲ့လား"

"ခပ်ရေးရေးမှတ်မိပါသေးတယ် အစ်ကို၊ သူတို့ရော နေကောင်းကြလားဟင်"

"အေး.. ကိုကြည်တင့်နိုင်က တို့မြို့က စွပ်ကျယ်စက်ရုံပိုင်ရှင် မုဆိုးမကြီးနဲ့ အိမ်ထောင်ကျသွားပြီကွ။ စိတ်တတ်ကိုမြသန်းကတော့ ငါ့လိုပဲ စာရေးဆရာဖြစ်ပြီး မိန်းမနှစ်ယောက် ရနေလေရဲ့"

"အစ်ကိုရော အိမ်ထောင်ကျပြီလား"

"မင်းနဲ့ ငွေမြိုင်ကိုသာ မြှောက်ပေးနေခဲ့တာ။ ငါ ခုထိ မိန်းမ မရသေးဘူး"

"အပြန်မှာ အဆောင်ပေးရဦးမှာပေ့ါ"

"ဟား.. ဟား.. ဟား.. ဟား.. ရှိရင် လုပ်ပါကွာ။ မင်းတို့ကို အားကျလို့ပါ။ ကိုင်း.. ငါ့ညီ။ ငါ မင်းတို့ဘဝကို စာရေးချင်တယ်။ မင်းတို့နှစ်ဦး တို့မြို့လေးက ရုတ်ခြည်းပျောက်သွားပြီး ခုလို လူကောင်းသူ ကောင်းဘဝ ရောက်တာလေးကို ပြန်ပြောပြစမ်းပါဦး ညီလေးရာ"

"ဒီလို အစ်ကိုရဲ့။ အလွန်ကိုအံ့သြဖို့လည်း ကောင်းတယ်"

သည်ကာစ၌ လူကောင်းတစ်ဖြစ်လဲ ထွေးကြီးက နောက်ပိုင်း ဘဝဖြစ်စဉ်အသစ်ကို ဤသို့ဇာတ်ကွက်ခင်းလေ၏။

"အမှန်က ကျွန်တော်က ခေတ်ပညာအတော်အတန်သင်ခဲ့ဖူး သူပါ အစ်ကို။ စိန်ကျော့ဂျက်ကျောင်းထွက်ပါ။ အချစ်ရေးကိစ္စကြောင့် တစ်နည်း ချစ်ရသူကို စွန့်လွှတ်ခဲ့ရလို့ စိတ်မနိုင်ဘဲ အချစ်ရူး၊ ဦးနှောက် ပျက် ဖြစ်ခဲ့ရတာ။ ကျွန်တော်က ဂီတကို ဝါသနာသိပ်ပါခဲ့တာ။ အဆို တော် ဖြစ်ချင်တာဗျ။ အဲဒါကြောင့် ချစ်သူက ပစ်ပြေးတာပေ့ါ။





ထားတော့ဗျာ.. ။

စိတ်ဖောက်လာရင် သီချင်းသိပ်ဆိုချင်တယ်၊ ဇာတ်ထုပ်ခင်းချင် တယ်။ အစ်ကိုသိတဲ့အတိုင်း မြို့မဈေးရှေ့က အုတ်ပုံပေါ်မှာ ကျွန်တော် သီဆို ခင်းကျင်းခဲ့တယ်။ စိတ်ကောင်းဝင်ရင် အိမ်နဲ့မိဘများကို သတိရ တယ်။ သူတို့လည်း အဲဒီအချိန်က ကွယ်လွန်ကုန်ကြပြီကိုး။ ကျွန်တော့်ကို စောင့်ရှောက်ကူသပေးမယ့်သူ မရှိကြဘူးလေ။

တိုတိုပြောရရင် အစ်ကိုရာ.. ။ တစ်ညှ အရူးမလေး ငွေမြိုင်ကို မသမာသူတစ်ဦးက ညဥ့်သန်းခေါင်မှာ ဗလက္ကာရလုပ်တယ်၊ အဲဒါကို ကူညီဖို့ ဗောဓိညောင်ပင်က အဘိုးရက္ခစိုးက ကျွန်တော့်ကို နှိုးခဲ့၊ နိုင်းခဲ့ တာပဲ"

"ဟေ.. ဗောဓိညောင်ပင်က ရက္ခစိုး.. ဟုတ်လား"

"ဟုတ်တယ်.. ။ ကျွန်တော်ရော၊ ငွေမြိုင်ရော စိတ်မဖောက်ဘဲ စိတ်ကောင်းလေးဝင်လာရင် အဘိုးရက္ခစိုးကြီးကို သစ်သီး၊ ဖယောင်းတိုင်၊ အမွှေးတိုင် ညစဉ်၊ မနက်တိုင်း ကပ်လှူပူဇော်ကြတယ်။ အရူးရောဂါ ပျောက်ဖို့လည်း အဘိုးကယ်မ,ပါလို့ နေ့စဉ်ဆုတောင်းခဲ့ကြတယ်။

မှန်ရာပြောရရင်..

ငွေမြိုင်ကို ကျွန်တော်သနားတယ်၊ သူလည်း အထီးကျန်ပဲဗျ။ ဒီမှာအစ်ကို.. ။ ငွေမြိုင်က ဘယ်အဆက်လဲ.. သိလား"

"ဟင့်အင်း.. မသိဘူး"

"ငွေမြိုင်ရဲ့အမေက မန္တလေးက အငြိမ့်သမ အစ်ကို"

"ဟေ.. ဒါကြောင့် သူ သီချင်းမျိုးစုံရနေတာကိုး"

"ဇာတ်အကူးမှာ ဇာတ်ကားမှောက်ပြီး ငွေမြိုင့်အမေ မုဆိုး ကွယ်လွန်ခဲ့သလို အဲဒီအဖြစ်ဆိုးကို ကိုယ်တွေ့မြင်ပြီး ငွေမြိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



သည်းခြေပျက်လို့ စိတ်နောက်ခဲ့ရတယ်။

စိတ်ကောင်းလေးဝင်လာရင် ကျွန်တော် ငွေမြိုင့်ကို ရင်ခုန်နေမှန်း အရှုဘဝနဲ့ တစ်ချက်တစ်ချက် သိနေတယ်။ ကိုရွှေတင်တို့အုပ်စုက ငွေမြိုင်နဲ့သွားအိပ်ဖို့ မြှောက်ပင့်ပေးပေမင့် ကျွန်တော်မလုပ်ခဲ့ပါဘူး။ ဘဝတူချင်းမို့ သစ္စာစောင့်ခဲ့ပါတယ်''

အဘိုးရက္ခစိုးကြီး အိပ်မက်ပေး နှိုးခဲ့လို့ ကျွန်တော် ငွေမြိုင်ရဲ့ဘဝကို အဲဒီညက လက်မတင်ကလေး ကယ်ခွင့်ရခဲ့ပေမင့် နောက်ပိုင်းအခွင့်အရေးမယူခဲ့ပါဘူး။ ဒါပေမင့် ငွေမြိုင်ကလည်း စိတ်ကလေးငြိမ်ရင် ကျွန်တော့်ကို သံယောဇဉ်ဖြစ်လို့ သီချင်းတွေစောင်းဆိုခဲ့မှန်း နောင်မှ ကျွန်တော်သိခဲ့ရတယ်။

ကံအပြောင်းအလဲကြုံချင်တော့..

အဲဒီလူမသမာဟာ နောင်တမရဘဲ အငြိုးနဲ့ ငွေမြိုင်ကို ဒုတိယအကြိမ် ဗလက္ကာရလုပ်ပြန်ပါရော။ အဲဒီမှာလည်း တေမိညောင်ပင်က အဘိုးရက္ခစိုးကြီးကပဲ အိပ်မက်ပေးပြီး ကျွန်တော့်ကို နှိုးပြန်၊ ခိုင်းပြန်ပါရောဗျာ''

''အံ့သြစရာပဲနော်''

''ဟုတ်တယ်အစ်ကို..။ ကျွန်တော် အိပ်ရာကလန့်နိုးပြီး ထကြည့်တော့ ငွေမြိုင် အခြေအနေအတော်ဆိုးနေပြီ။ ဒီမှာ ကျွန်တော် မသမာသူကို ထင်းချောင်းနဲ့ သေလုနီးပါးရိုက်ခဲ့ပေမင့် သူဟာ ဒဏ်ရာဒဏ်ချက်များစွာနဲ့ ထွက်ပြေးလွတ်မြောက်သွားခဲ့တယ်''

''နေပါဦးကွ..။ အဲဒါ ဈေးညစောင့်တွေ မသိကြဘူးလား''

''မိုးရွာနေတဲ့ ညကြီးကိုး အစ်ကို''

''ဩော်..အေး..အေး..''





''ဒါနဲ့ အဲဒီညက ကျွန်တော် ငွေမြိုင့်အပါးမှာ အိပ်ခဲ့ရတယ်။ မစွန်းရင်းကလည်းရှိတော့ အရှုချင်း ကန့်စွန်းခင်းပါ ငြိတာပေါ့ အစ်ကိုရာ။ မိုးငြိမ်းရင်ကြောက်တတ်တဲ့ငွေမြိုင်နဲ့ ကျွန်တော် အဲဒီညက ကန်တော့ပါရဲ့..ညားခဲ့ကြတယ်။ မိုးလင်းခါနီးမှာ အဘိုးရက္ခစိုးတေမိညောင်ပင်မှာ ကျွန်တော်တို့နှစ်ဦး သစ္စာဆိုခဲ့ကြတယ်။

အဘိုး..ကျွန်တော်တို့နှစ်ဦးကို တရားဝင် အကြင်လင်မယားအဖြစ် သတ်မှတ်ပါ။ ဘယ်လိုဘဝမျိုးရောက်ရောက် ငွေမြိုင်ကို ကျွန်တော်အသက်နဲ့ရင်းပြီး တစ်သက်လုံးကာကွယ်စောင့်ရှောက်သွားပါ့မယ်လို့ သစ္စာဆိုခဲ့တယ်။ ဤမှန်သောသစ္စာကြောင့်လည်း ကျွန်တော်တို့နှစ်ဦးဘဝ မကြာချက်ချင်း လူကောင်းသူကောင်းဘဝ ပြန်ရောက်ရပါလို၏လို့ အဓိဋ္ဌာန်ခဲ့ပြီး ဒီမြို့ကနေ အပြီးပြောင်းသွားခဲ့ကြတယ်။

ဒီလိုနဲ့ တစ်မြို့ဝင်တစ်မြို့ထွက် တောင်းရမ်းစားသောက်ပြီးလာခဲ့လိုက်တာ တစ်ည အိပ်မက်ဆန်းတစ်ခု မက်ပါရောဗျာ။

အိပ်မက်ထဲမှာ အဘိုးရက္ခစိုးကြီး ရောက်လာပါရော။

ရေဖန်ခွက်တစ်ခွက်ကိုကိုင်လို့ 'ဟေ့ကောင်ငထွားကြီး..။ ဒီရေစင်ကို မင်းတို့နှစ်ဦး သောက်လိုက်' တဲ့။ သောက်ဖြစ်အောင်သောက်၊ သစ္စာရှိရှိနေ၊ ရတနာသုံးပါးမမေ့နဲ့လို့ ပြောပြီး ပျောက်သွားရောဗျာ။

မိုးလည်းလင်းရော ကျွန်တော်တို့အရှုလင်မယားနေတဲ့ ဇရပ်ပေါ်က ခေါင်းရင်းမှာ ထူးဆန်းစွာပဲ အနီရောင်ရေတစ်ဖန်ခွက်ကို တွေ့ရပါရော။ ကိုင်း..ဖြစ်ချင်ရာဖြစ်၊ ဒါ..မဟုတ်မှလွဲရော။ ကျေးဇူးရှင်အိပ်မက်ထဲက အဘိုးရက္ခစိုးချီးမြှင့်တဲ့ရေစင် ဖြစ်မှာပဲလို့ ယုံကြည်ပြီး အဲဒီရေကို လင်မယားနှစ်ယောက် အကုန်သောက်လိုက်တာ..

အံ့သြစရာကောင်းလိုက်တာ အစ်ကိုရာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သစ္စာ၊ မေတ္တာနဲ့ အိပ်မက်ရှင် အဘိုးရကွစိုးကြီးရဲ့ စေတနာ၊ မေတ္တာသိဒ္ဓိကြောင့်လား မသိဘူး။ အဲဒီရေသောက်ပြီး နာရီပိုင်းအတွင်း သွေးကြောများပူလောင်လာပြီး ခန္ဓာကိုယ်ထဲမှာ လှိုင်းထသလို ဖြစ်နေရော။

သွေးလှိုင်းများငြိမ်သွားရော ကျွန်တော်တို့နှစ်ဦးလည်း အိပ်ပျော်သွားရောဗျ။ အိပ်ရာကနိုးရော အစ်ကိုရေ. . ကျွန်တော်တို့ အရူးမဟုတ်တော့ဘူးဗျာ။ လူကောင်းတွေဖြစ်ပြီ။ ဝမ်းသာလိုက်ကြတာ. . ။

လင်မယားနှစ်ယောက် ဖရပ်ပေါ်မှာ အိပ်မက်ရှင် ကျေးဇူးရှင် ဗောဓိညောင်ပင် အဘိုးရကွစိုးကြီးကို အော်အော်ခေါ်ပြီး ရှိခိုးလိုက်ကြတာ မမောနိုင်မပန်းနိုင်ပဲ။

နောက်ဆုံး ကျွန်တော် ရရာအလုပ် လုပ်ရင်း ငွေလည်းစုမိရော ဟောဒီအရုပ်လုပ်ငန်းကို တဖြည်းဖြည်း ပညာသင်နဲ့လုပ်ရင်း တစ်နှစ်ခွဲအကြာ သားလေးကို ငွေမြိုင်မွေးအပြီးမှာ ကိုယ်ပိုင်လုပ်ငန်းသေးလေး လုပ်ပြီး နယ်တကာလှည့်၊ ဘုရားပွဲဈေးများမှာ ဘုရားပွဲဈေးသည်ဖြစ်ရပြီး အခု အစ်ကိုနဲ့ ဆုံခဲ့ရတာပဲ။ ကျွန်တော်တို့မှာ ရည်ရွယ်ချက်၊ ရည်မှန်းချက်တစ်ခု ရှိတယ်အစ်ကို''

''ဘာလဲဟင်. . ညီ''

''အခု ငွေအတော်စုမိနေပြီ အစ်ကို။ တစ်နေ့ကျရင် အစ်ကိုတို့မြို့ကလေးကို အလည်လာခဲ့ဦးမယ်။ သန်လျင်ကျိုက်ခေါက်ဘုရားပွဲမှာ အရောက်လာခဲ့မယ်။ အဓိကက ဈေးမြောက်ဘက် ဗောဓိညောင်ပင်က ကျေးဇူးရှင်အဘိုးရကွစိုးနတ်ကွန်းလေးကို ကျကျနနပြုပြင်ပေးဖို့ပဲအစ်ကို''

သည်အချိန်မှာ ငွေမြိုင်ရဲ့သားလေးက တစ်ရေးနိုးပြီး ဂျီကျတော့၏။ ငွေမြိုင်က ကလေးကို ပခက်မှာထည့်ပြီး အသံမတိုးမကျယ်နှင့်





သီချင်းတစ်ပုဒ်ဆို၍ ကလေးချော့လိုက်၏။

*''ငွေမြိုင်ကို နိုးမယ်လို့××လူဆိုးတွေနဲ့ မောင်တိုင်ပင်×××*

*မန်းမြို့တောင် ညောင်ပင်ကြီးမှာ××မြင်းကိုယ်စီပြင်×××*

*လထွက်ကလေးကိုတဲ့ မြင်းပေါ်တင်×××လမဝင်ခင် မန်းတောင်ရောက်အောင်××မြင်းဇောက်လို့မောင်း××××''*

မကြားရသည်မှာ နှစ်နှင့်ချီကြာခဲ့သည့် အာကျယ်မ (ခေါ်) ငွေမြိုင်ရဲ့ ကြည်လင်အေးမြသော သီချင်းသံကို ကျွန်တော်ပြန်ကြားရပြီ။ နားဝင်အေးချမ်းလှလေစွ။ သည်သီချင်းက ဟိုစဉ် အရှုံးဘဝကတည်းက နေ့ဝင်လျှင် ငွေမြိုင်အာကျယ်မ ဟစ်၍ဆိုလေ့ရှိသည့် အငြိမ့်မင်းသမီး မြခြေကျင်းမငွေမြိုင်၏ 'ညည်ရှုံတော်' သီချင်းမှ ခြေဆင်း၏။

သည်မှာ ကျွန်တော်က မျှော်လင့်လိုက်၏။

ကျွန်တော်မျှော်လင့်သည်ကား ဟိုတုန်းကလိုပဲ ငထွားကြီးက အကြော်တဲမှ တုံ့ပြန် ပြန်ဆိုသည့် သီချင်းသံ။

*''လှမ်းမယ်ပ××မြန်းစိုက်နှရိုက်နှရာ××အတူမကွာ×××*

*တွဲကာ××နွဲကာ××ဝဲကာပျံကြ××× တွဲကာ××နွဲကာ××ဝဲကာပျံကြ×××*

*ပန်းစုံစွာ×××ဂနိုင်တွင်း××ကြိုင်သင်းလို့ပါ×××ပန်းစုံစွာ××× ဂနိုင်တွင်း××ကြိုင်သင်းလို့ပါ×××*

*ဖိုမခေါ်သံ××ထူးလို့ပါ××× ငွေသောင်ယံ××ရွှေတောင်ပံ××မခွဲရက်အောင် တွဲယှက်ပျော်တာ××××''*

ကျွန်တော်က အဲဒီသီချင်းသံကို ခုနေ ကြားချင်သည်။ သို့သော် ကိုငထွားကြီးက မဆိုတော့။ သူ့မိန်းမ၏အသံကို မျက်တောင်စင်း၍ နားထောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံထဲမှာ မန်းမြို့တောင် ညောင်ပင်ကြီးအောက်က မြင်းညိုကြီးပေါ်မှ မငွေမြိုင်နှင့် မောင်ငထွားကြီးဆိုသည့် ကောင်လေးနှင့် ကောင်မလေးကို ပြန်မြင်နေရော့သလား မသိ။

အပြင်ကို ကျွန်တော်လှမ်းကြည့်လိုက်တော့..

ကောင်းကင်ပြာပြာမှာ လထွက်သာလျက် ရှိနေသည်။

အဲဒီလို လထွက်ချိန်လေးမှာပဲ..

ရင်ထဲမှာ ကြည်နူးလိုက်ရတာရယ်လေ။ ။

❖

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

# လက်ဒိုက်ရွာက အင်္ဂါဝကဇော်ကြီးနှင့် မြနန္ဒာ

အကျဉ်းထောင်ဖွဲ့စည်းပုံအရ နေ့စဉ် ထောင်လုံခြုံရေးအတွက် တာဝန်မှူးကြီး၊ တာဝန်မှူး၊ တာဝန်ကြပ်ဟူ၍ တာဝန်ခွဲဝေချထားလေ့ရှိသည်။ အလှည့်နှင့်..။ ငါးရက်လျှင် တစ်ရက်ခန့် တာဝန်ကျတတ်သည်။ တာဝန်ကျသည်နှင့် မိမိတာဝန်ကျရာ နေ့စဉ်လုပ်ငန်းအပြင် ထောင်တွင်း၊ ထောင်ပြင် လုံခြုံရေးကိုလည်း နေ့ ည လှည့်ပတ်စစ်ဆေးရတော့သည်။ တာဝန်မှူးကြီးမှာ ထောင်မှူးကြီးဖြစ်၍ တာဝန်မှူးမှာ ထောင်မှူးအဆင့်၊ တာဝန်ကြပ်မှာ တပ်ကြပ် (သို့မဟုတ်) တပ်ကြပ်ကြီးအဆင့်ဖြစ်သည်။

ထောင်အပြင်အုတ်ရိုးပတ်လည်အလျားမှာ တစ်မိုင်ခွဲရှိသည်။ အုတ်ရိုးပေါ်တွင် ဘူးမျှော်စင်ခုနစ်ခုရှိသည်။ အမြဲတမ်း အစောင့်ရှိပြီး ရိုင်ဖယ်သေနတ်လည်း ရှိသည်။





လုံခြုံရေးမှာ အရေးကြီးသဖြင့် တာဝန်ကျဝန်ထမ်းများအား သော့ခတ်ထားလေ့ရှိသည်။ အပေါ့အပါးသွားရန် အောက်အဆင့်တွင် အိမ်သာရှိသည်။ ထမင်းချိုင့်ကိုတော့ ဝန်ထမ်း၏အိမ်မှ ချိုင့်နှင့်လာပို့ရသည်။ အပေါ်ထပ်မှ ကြိုးချပေးပြီး ထမင်းချိုင့်အား ဆွဲတင်ရသည်။ ဝန်ထမ်း၏ဇနီးနှင့် ချေးသည်လာလျှင်လည်း ဆင်းခွင့်မရ၊ အပေါ်နှင့်အောက် အော်ဟစ်ပြီး စကားပြောကြရသည်။

၁၂ နာရီ (တစ်ဆယ့်နှစ်နာရီ) ပြည့်မှ ဘူးအင်ချုပ်က တံခါးလာဖွင့်ပေးပြီး လူဟောင်းဆင်း၍ လူသစ်တက်ရသည်။ ဘူးမျှော်စင်ဝန်ထမ်းမှာ နေ့အခါတွင် နားနားနေနေ စာအုပ်ဖတ်နိုင်သော်လည်း ညအခါတွင်တော့ လုံခြုံရေးအရေးကြီးသဖြင့် Stand by နေကြရသည်။ ထောင်ပိုင်စစ်ဆေးခြင်း၊ ထောင်မှူးကြီးစစ်ဆေးခြင်း၊ အကြပ်များစစ်ဆေးခြင်း၊ စစ်ခွေးနှင့် ဂါတ်ခန်းမှစစ်ဆေးခြင်းတို့အား တစ်နာရီတစ်ကြိမ်၊ နာရီဝက်တစ်ကြိမ် ခံကြရတော့သည်။ စစ်ဆေးစဉ် အိပ်ပိုက်ခြင်း၊ အိပ်ပျော်နေခြင်းဖြစ်ပါက နောက်တစ်နေ့မနက်တွင် အပြစ်ပေးရန် ရုံးတင်စစ်ဆေးခြင်းခံကြရတော့သည်။

ကျွန်ုပ် တာဝန်မှူးကြီးကျလျှင်တော့ ဘူးမျှော်စင်ဝန်ထမ်းများအား ညှာတာတတ်ပါသည်။ ၎င်းတို့တာဝန်မှာ အခြားနေရာများမှာကဲ့သို့ ဝန်ထမ်း၊ ရဲဘက်များနှင့် ရောနှောတာဝန်ထမ်းဆောင်ရခြင်းမဟုတ်ဘဲ တစ်ကိုယ်တည်း အချိန်ကြာမြင့်စွာ နားစွင့်၊ မျက်စိဖွင့်ထားရသဖြင့် သီးခြားဆန်လှသည်။

အင်္ဂလိပ်ခေတ်က ထောင်ကြီးများဖြစ်၍ သရဲ တစ္ဆေ မကြောက်ရွံ့သူများကိုသာ မျှော်စင်အစောင့်အနေဖြင့် ထားနိုင်သည်။ အထူးသဖြင့် ကြိုးစင်ရှိသော (၁) မျှော်စင်တွင် မျှော်စင် ကင်းတာဝန်ကျသူများအား



www.burmeseclassic.com

www.burmeseclassic.com



သတ္တိကောင်းသူများကိုသာ အဓိကထား ရွေးချယ်ရလေ့ရှိသည်။

(၁) မျှော်စင်အနီး အရှေ့ဘက် ပေ ၁၀၀ ခန့်တွင် ကြိုးစင်မည်းမည်းကြီး ရှိသည်။ ကြိုးစင်မှာ နှင်းဆီခြံအတွင်း ထိုးထိုးထောင်ထောင် ရပ်တည်နေသည်။ လှပသော နှင်းဆီအဖြူ၊ အနီ၊ အဝါများနှင့် ကြိုးစင်ကြီးမှာ မည်သို့မျှလိုက်ဖက်ခြင်းမရှိ။ နှင်းဆီခြံ၏ အရှေ့ဘက်တွင် ကြိုးတိုက်ခန်းများရှိပြီး အရှေ့တောင်ဘက်တွင် အမျိုးသမီးဆောင်၊ အချုပ်ဆောင်အမှတ် (၆) ရှိသည်။

တစ်နေ့တွင် ကျွန်ုပ်တာဝန်မှူးကြီးကျစဉ် ကြိုးသမားအား ကြိုးပေးမည့်အဖြစ်အပျက်နှင့် ကြုံတော့သည်။ တာဝန်မှူးမှာ ထောင်မှူးဦးလှ၊ တာဝန်ကြပ်ကတော့ တပ်ကြပ်ကြီးထွန်းမောင်ဖြစ်သည်။ နေ့ပိုင်းတွင် ကိုယ်တာဝန်ကျရာ ဌာနအသီးသီး၌ တာဝန်ထမ်းဆောင်ကြရသော်လည်း ညပိုင်း (၇) နာရီထောင်ပိတ်ပြီးသည်နှင့် ထောင်တာဝန်ခံကိုယ်စား ကျွန်ုပ်တို့တွင် တာဝန်ရှိပေတော့သည်။

ကြိုးသမားကိစ္စရှိသဖြင့် ထောင်ပိုင်ကြီးလည်း မနားရရှာပါ။ ဘူးဝနှင့် ကြိုးတိုက်အား တစ်နေ့လုံး ကူးချည်သန်းချည် လုပ်နေရရှာသည်။ ထောင်ဆရာဝန်ကလည်း (၂) နာရီခြား တစ်ခါလာ၍ ကြိုးသမား၏ ကျန်းမာရေးအား စစ်ဆေးရသည်။ သွေးတိုးနှုန်း၊ ရေသောက်နှုန်း၊ အစားစားခြင်းကအစ အဖျားအနာအဆာရှိ မရှိ စစ်ဆေးရသည်။ ပေါင်ချိန်ခြင်းကိုလည်း နေ့စဉ် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ချိန်ရသည်။ အကယ်၍ ကြိုးသမား ရုတ်တရက်နာမကျန်းဖြစ်လျှင်လည်း ကြိုးပေးမည့်ရက်ကို ရွှေ့ဆိုင်းပေးရန် အမိန့်တောင်းခံရတော့သည်။ ထို့ကြောင့်လည်း ကြိုးသမားအား ပိုးမွေးသလို ဝန်ထမ်းအားလုံးက အရေးတယူ ဂရုစိုက်ကြရတော့သည်။





ညနေစောင်း အကျဉ်းသား၊ အချုပ်သား ရုံးပြန်နှင့် အပြင်ဘုတ်စုံသည်နှင့် ထောင်ပိတ်နေကြစဉ် ကျွန်ုပ် ညစာထမင်းကို အိမ်ပြန်စားရသည်။ ထောင်ပိတ်ပြီးသည်နှင့် ကျွန်ုပ်တို့ တာဝန်ကျအဖွဲ့ တာဝန်ခွဲဝေ၍ ထောင်အတွင်း၊ အပြင် ကင်းလှည့်ကြရတော့သည်။

ကျွန်ုပ်နှင့် ဒုတပ်ကြပ်စန်းဦးက စက်ဘီးကိုယ်စီနှင့် ထောင်အပြင်ကင်းများအား လှည့်လည်စစ်ဆေးသည်။ အပြင်အုတ်ရိုးတစ်ပတ်ဘူး၊ မျှော်စင်များကိုသာမက တွဲဖက်ထောင် (Annex Jail) နှင့် အပြင်ကင်းဘုတ်များ၊ ထောင်အဝကင်းနှင့် သင်တန်းကင်းများအား စစ်ဆေးရသည်။ ပြန်ရောက်တော့ ဘူးတံခါးကြီးတွင် ခေတ္တနားပြီး အစီရင်ခံစာရေးရသည်။ ပြီးမှ ထောင်တွင်းဝင်၍ Main Jail တွင် အနားယူရင်း အတွင်း၊ အပြင် အဖွဲ့ပြန်ဆုံကြပြီး ထူးခြားဖြစ်စဉ်အား မေးစမ်းရတော့သည်။

ကျွန်ုပ်..

"ဦးလှ.. ဘာထူးသလဲဗျ"

"မထူးပါဘူး ဆရာ။ ကျွန်တော်က အတွင်းအုတ်ရိုး ကင်းပတ်တာ၊ စောသေးလို့လား မသိဘူး။ ဝန်ထမ်းတွေအားလုံး နိုးကြားပါတယ်"

"ဆရာကြီးဦးထွန်းမောင်ရော ဘယ်လိုလဲ"

"ကျွန်တော်က အဆောင်နဲ့တိုက်တွေ လိုက်စစ်တာပါ။ အဆောင်ကတော့ အေးအေးဆေးဆေးပါပဲ။ ကြိုးတိုက်က ကောင်ကတော့ အော်ဟစ်သောင်းကျန်းနေတယ်ဗျ"

"ဘယ်သူလဲ ဦးထွန်းမောင်။ ကြိုးသမားလား"

"ဟုတ်ပ ဆရာရယ်။ ကြိုးသမား ဇော်ကြီးပေါ့။ သူ မနက်ဖြန်အသတ်ခံရတော့မယ်ဆိုတာ သိလို့လား မသိဘူး။ ခုန်လိုက်ပျံလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်ဟစ်လိုက်နဲ့ ဂနာကိုမငြိမ်ဘူး။ ဗလကြီးနဲ့ဆိုတော့ ကြိုးစောင့်တွေလည်း အခက်တွေ့နေတယ်။ အဲဒါ ဆရာသွားကြည့်လိုက်ပါဦး။ ထောင်ပိုင်ကြီးလည်း မကြာခင်ဆင်းလာလိမ့်မယ်"

"အင်း.. ကျွန်တော်တို့တော့ ဒီည ခဏာတောင်မှေးရတော့မယ် မထင်ဘူးဗျို့။ ကဲ.. ကျွန်တော် ကြိုးတိုက်ဘက် သွားဦးမယ်။ ထောင်ပိုင်ကြီးလာရင် သတင်းပို့လိုက်ပေတော့ဗျို့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်နှင့် တပည့်ကျော် ဒုတပ်ကြပ်စန်းဦးတို့ Main Jail မှတစ်ဆင့် တိုက်ခန်းများဆီသို့ ကူးလာပြီး ကြိုးတိုက် (ရင်ကွဲတိုက်) သို့ ဝင်ခဲ့ကြပါသည်။

ကြိုးတိုက်ဝသို့ ရောက်လျှင်ပင် ကြိုးသမားဖော်ကြီး၏ အော်ဟစ်မာန်ဖီနေသံကို ကျယ်လောင်စွာကြားနေရသည်။

"ဘယ်ကောင် မိုက်သလဲကွ။ မိုက်ရင် တံခါးဖွင့်ပြီး ဝင်ခဲ့ကြ။ အာဋ္ဌာဝကဖော်ကြီးတဲ့ကွ။ မိုက်လို့ မုဒိမ်းကျင့်ပြီး လူသတ်လာတာ"

ထိုစဉ် အသံပြောင်းသွားပြီး..

"ဟီး.. ဟီး.. အမေရဲ့။ ကယ်ပါဦး..။ သားကို သတ်ကြတော့မယ်။ လုပ်ပါဦး အမေရဲ့၊ ကယ်ပါဦးဗျ"

သေရတော့မည်ကိုသိ၍ သည်းခြေပျက်သွားဟန်တူပါသည်။ ကျွန်ုပ်တို့ရောက်ရှိသွားတော့ ဖော်ကြီးငြိမ်သွားပြန်သည်။ ကြိုးတိုက်ခန်းသံတိုင်ကို ကိုင်၍ထိုင်နေပြီး မျက်ရည်တွေတွေ ကျနေသည်။ တိုက်ထောင်မှူး ဦးသန်းရွှေနှင့် ဝန်ထမ်းများက ဝိုင်းဝန်းဖျောင်းဖျ ချော့မော့နေရသည်။ ကျွန်ုပ် လေသံတိုးတိုးဖြင့် တိုက်ထောင်မှူးဦးသန်းရွှေအား အကွယ်သို့ခေါ်ပြီး မေးရတော့သည်။





"ဦးသန်းရွှေ.. အခြေအနေကောင်းရဲ့လား။ ရူးသွားရင်တော့ ဆရာဝန်နဲ့စစ်ဆေးပြီး ရက်ရွှေ့ဆိုင်းရဦးမယ် ထင်တယ်"

"အဲဒီလိုလည်း မဟုတ်ဘူးဆရာ။ တစ်ချက်တစ်ချက်မှ ဖောက်လာတာ။ ဆေးတွေကလည်း တစ်ကိုယ်လုံးအနှံ့ထိုးထားတော့ ဆေးပေါက်တာ၊ ဆေးကြောင်တာလည်း ဖြစ်မယ်ထင်တယ် ဆရာ။ အခုတော့လည်း အေးအေးဆေးဆေးပါပဲ။ ဆရာ စကားပြောကြည့်ပါဦး"

"အေး.. အေး.."

ကျွန်ုပ် ဖော်ကြီးအနားကပ်၍..

"ဖော်ကြီးရေ.. နေကောင်းရဲ့လားကွ။ ညစာရော စားပြီးပြီလား"

"ဪ.. ဆရာပါလား။ ကျွန်တော် နေကောင်းပါတယ်ဆရာ။ ထမင်းလည်း စားပြီးပါပြီ။ ဆရာရော စားပြီးပြီလား"

"ပြီးပါပြီကွာ..။ မင်းအော်နေတယ်ဆိုလို့ လာကြည့်တာပါ။ ဒီနေ့ည ငါတာဝန်မှူးကြီးကွ"

"သည်းခံပါ ဆရာ။ ကျွန်တော် တစ်ချက်တစ်ချက် လွတ်သွားတာပါ။ ကျွန်တော့်စိတ်ကို ကျွန်တော်ထိန်းပါ့မယ်"

"အေး.. အေး.. စိတ်ကိုထိန်းပါ ဖော်ကြီး။ ဒီက ဝန်ထမ်းတွေက မင်းရန်သူတွေ မဟုတ်ပါဘူး။ မိတ်ဆွေတွေပါ..။ မင်း ဆေးလိပ်သောက်ဦးမလား။ ရော့.. ရော့.. ငါ့မှာ ပါတယ်"

ကျွန်ုပ်က ဆယ်လိပ်ခန့်ကျန်နေသေးသော ကျွန်ုပ်သောက်လက်စ စီးကရက်ဘူးအား လှမ်းပေးလိုက်၍ ဖော်ကြီးက တစ်လိပ်ယူ၍ သောက်သည်။ ကျွန်ုပ်က အလိုက်တသိ (Ronson) မီးခြစ်ကလေးအား ဖွင့်၍ မီးညှိပေးရာ ဖော်ကြီးက ဣန္ဒြေရစွာသောက်၍ ဖွာနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မိနစ်ခန့်ကြာမှ..

"ဆရာ အချိန်ရပါတယ်နော်။ ကျွန်တော် စိတ်ထိန်းနိုင်ပါပြီ။ ကျွန်တော့် အချုပ်ဆောင်တုန်းက ဆရာ့တပည့်ပါ။ ကျွန်တော် ဆရာ့ကို ရင်ဖွင့်ချင်တယ် ဆရာ။ ဆရာတစ်ယောက်တည်း နားထောင်ပေးပါ"

"ငါ အချိန်ရပါတယ်။ ကဲ.. မင်းပြောစရာရှိတာ ပြောပါ။ အေးအေးဆေးဆေးပေါ့။ ကဲ.. စန်းဦးနဲ့ ဝန်ထမ်းတွေရော၊ ဦးသန်းရွှေပါ ခဏရှောင်နေကြပါ"

"ဟုတ်ကဲ့ဆရာ"

"ဆရာ.. ကျွန်တော်လုပ်ခဲ့တဲ့အပြစ်ကို ကျွန်တော်သိပါတယ်။ ကျွန်တော် ဘယ်သူ့ကိုမှ ရင်မဖွင့်ခဲ့ပါဘူး။ တရားရုံးမှာလည်း အမှန်အတိုင်း ဝန်မခံခဲ့ပါဘူး။ သက်သေတွေ ခိုင်လုံလို့ သေဒဏ်ကျခဲ့တာပါ"

"မင်းအမှုက အမှန်ပဲမဟုတ်လား။ ဘာလို့ ဝန်မခံရတာလဲ"

"အမှုကတော့ အမှန်ပါပဲဆရာ။ ဒါပေမဲ့ ဝန်ခံရမှာ ကျွန်တော် ဝန်လေးနေတယ်။ အဲဒီအချိန်က ကျွန်တော် မသိစိတ်နဲ့ ကျူးလွန်ခဲ့တာပါ ဆရာ။ ကျွန်တော်သတ်လိုက်တဲ့ ဆရာမလေးက ကျွန်တော့်ချစ်သူရည်းစား ပါ ဆရာ"

"မင်းတို့ ချစ်သူရည်းစားချင်းဖြစ်ပြီးတော့ ဘာကြောင့် မုဒိမ်းမှု ဖြစ်ပြီး လူသတ်မှု ဖြစ်ရတာလဲ"

"အဲဒါ ဆန်းနေတာ ဆရာ။ ကျွန်တော် ဆရာမလေးကို ကျွန်တော့်အသက်ထက် ပိုချစ်ပါတယ်။ မုဒိမ်းမှုလည်း ဖြစ်စရာမရှိသလို သတ်ဖို့လည်း စိတ်တောင်မကူးမိပါဘူး။ ကျွန်တော် သစ္စာဆိုရဲပါတယ်"

"အမှုမှန်လို့လည်း ပြောတယ်။ ဝန်မခံချင်ဘူးဆိုတော့ ဘယ်လို





ဖြစ်တာလဲ၊ မင်းကိုယ်တိုင်သတ်တာ မဟုတ်ဘူးလား"

"အဲဒါ ထူးဆန်းနေလို့ ဆရာ့ကို ရှင်းပြချင်တာပါ။ ဆရာမလေးကို ကျွန်တော့်စိတ်ကသတ်တာ မဟုတ်ပါဘူးဆရာ။ ကျွန်တော့်ခန္ဓာကိုယ်က သတ်တာပါ"

"မင်းပြောတာ ရှုပ်တော့နေပြီကွ။ မင်းစိတ်က မပါဘဲ သတ်မိတယ်လို့ ပြောချင်တာလား။ ဒါမှမဟုတ် မင်း မူးရူးပြီး သတိလစ်နေတုန်း သတ်မိတယ်လို့ ပြောချင်တာလား"

"အဲဒါတွေလည်း တစ်ခုမှမဟုတ်ဘူး ဆရာ။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ဆေးတွေထိုးထားတော့ ဆေးကြွချိန်၊ ဆေးထချိန်မှာ တိုက်ဆိုင်ပြီး ကျွန်တော့်ခန္ဓာကိုယ်က သတ်မိတာပါ ဆရာ။ ကျွန်တော့်စိတ်နဲ့ ကျွန်တော့်ကိုယ် မဟုတ်ရပါဘူး ဆရာရယ်။ အီး.. ဟီး.. ဟီး.."

"ငါအချိန်ရပါတယ်၊ မင်းဇာတ်လမ်းကို အသေအချာရှင်းပြပါဦး"

"တစ်ခုတော့ပြောချင်တယ် ဆရာ။ ဆရာ့ကို ကျွန်တော်ရှင်းပြမှာက အယူခံဝင်ချင်လို့ မဟုတ်ပါဘူး။ ကျွန်တော့်ကို မသတ်ဖို့လည်း အသနားခံတာ မဟုတ်ပါဘူး။ ကျွန်တော့်ခန္ဓာကိုယ်ကြီးက လူ့ပြည်မှာ မရှိသင့်တော့ပါဘူး။ ဆက်ရှိနေရင်လည်း လူတွေကို ဒုက္ခပေးတော့မှာ အမှန်ပါပဲ၊ ကျွန်တော့်အမှားပါပဲ ဆရာရယ်။ ခွန်အားဗလကြီးမားတော့ ပိုပြီးခွန်အားကြီးအောင်၊ သိဒ္ဓိပြီးအောင်ဆိုပြီး ဆရာနှစ်ဦးနဲ့ တွေ့ရာက အင်္ဂုလိမာ မော်ဆေး၊ ကြောင်ဆေးတွေ ထိုးခဲ့တယ် ဆရာ။ သိဒ္ဓိအင်းဆေးတွေလည်း ပါသေးတယ်။ အဲဒါတွေက ခန္ဓာကိုယ်မှာ တစ်ခုနဲ့တစ်ခု မတည့်ဘူးထင်ပါရဲ့။ လပြည့်၊ လကွယ်နေ့နဲ့ကြုံရင် ဆေးထ၊ ဆေးကြွတော့တာပဲ၊ အဲဒီအချိန်မှာ သတိလက်လွတ်ဖြစ်ပြီး မကောင်းမှုအကုန်လုပ်တော့တာပဲ ဆရာရေ"

***



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဇာတိက ကော့မှူးမြို့နယ် လက်ခိုက်ရွာကြီးကပါ ဆရာ။ ကွမ်းခြံကုန်းမြို့ဘက်ရောက်ဖူးရင် လက်ခိုက်ဘုရားကြီးကို ဖူးတွေ့ရမှာပါ။ ကားလမ်းဘေးကနေ စောင်းတန်းအရှည်ကြီး တက်သွားပြီး ဘုရားကြီးက ကုန်းမြင့်ပေါ်မှာ အလွန်သပ္ပာယ်တယ်။ ထန်းပင်တွေဝိုင်းနေလို့ ရှခင်းရှုကွက်ကလည်း အလွန်လှပါတယ်။ ဘုရားပေါ်ကကြည့်ရင် ရွှေတိဂုံဘုရားကြီးကို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့ရပါတယ်။

ကျွန်တော်က လက်ခိုက်ရွာသူကြီး ဦးဇော်မင်းရဲ့ သားပါ။ မိခင်က ဒေါ်စိန်ငွေ။ မွေးချင်းသုံးယောက်ရှိပေမယ့် ငယ်စဉ်က ကျောက်ရောဂါ ဝမ်းရောဂါတွေနဲ့ ဆုံးပါးသွားကြလို့ ကျွန်တော်တစ်ယောက်တည်း တစ်ဦးတည်းသောသား ဖြစ်ခဲ့တာပါ။ ကျွန်တော်က မွေးချင်းထဲမှာ အငယ်ဆုံးပါ။ ဒါကြောင့်လည်း အဖေ အမေက ဖူးဖူးမှုတ်အောင်ချစ်ခဲ့ပြီး အလိုလိုက်ခဲ့တယ်။ ကျွန်တော်တို့က 'ဇော်' မျိုးဗျ။ အဖေက ဦးဇော်မင်း။ သား အစ်ကိုအကြီးဆုံးက ဇော်ဦး၊ အလတ်နှစ်ယောက်က ဇော်လင်းနဲ့ဇော်လတ်။ ကျွန်တော့်နာမည်ကတော့ ဇော်ငယ်။ ကျွန်တော်က ငယ်စဉ်ကပဲ ဝဝ တုတ်တုတ်ဆိုတော့ မိသားစုက ပြောင်းပြန်ခေါ်ကြရင်း 'ဇော်ကြီး' တွင်လာတာပါ။

ကျွန်တော်ငယ်စဉ်က ကွမ်းခြံကုန်းအ. ထ. က (၁) မှာ ကိုးတန်းအထိ နေဖူးတယ်။ ကိုးတန်းမှာ နှစ်ခါကျတာနဲ့ ကျောင်းထွက်လိုက်ရတာ။ ကျောင်းထွက်ပြီးတော့လည်း မိသားစုပိုင် လယ်ယာတွေကို အဖေနဲ့အတူ ကြီးကြပ်တယ် ဆိုပါတော့ဗျာ။ တစ်ဦးတည်းသောသားမို့ အဖေ အမေက မခိုင်းရက်ပါဘူး။ စက်ဘီးတစ်စီးနဲ့ ကွမ်းခြံကုန်းနဲ့ ကော့မှူးကို ကူးချည်သန်းချည်လုပ်ရင်း အပေါင်းအသင်းတွေနဲ့ ပျော်နေတာပါ။ ငယ်စဉ်ကတော့ ထန်းရည်သောက်ကြတာပေါ့ဗျာ။ ကျွန်တော်တို့ရွာ 'လက်ခိုက်ထန်းရည်'





က နာမည်ကြီးဗျ။ လယ်ကြွက်ကြော်၊ လယ်ငါးရှဉ့်၊ လယ်ငါးကြော်နဲ့ အလွန်လိုက်ဖက်တာပဲ။ ကြီးလာတော့လည်း အပေါင်းအသင်းစုံတော့ ကွမ်းခြံကုန်းနဲ့ ကော့မှူးက စားသောက်ဆိုင်တွေမှာ အမြည်းမျိုးစုံနဲ့ အရက်မျိုးစုံကို သောက်တတ်လာတယ်။ မြို့ကဆိုင်တွေမှာ ထိုင်ရတာ တောကထန်းရည်ဆိုင်မှာ ထိုင်ရတာထက် ပိုကောင်းတာပေါ့ဗျာ။

ဪ.. ပြောရဦးမယ်ဆရာရေ။ ကျွန်တော့်ချစ်သူ ဆရာမလေး မြန်နွှာက ကျွန်တော်တို့လက်ခိုက်ရွာကပဲ။ သူက အကြော်သည်ဒေါ်စန်းနု ရဲ့ သမီးပါ။ မွေးချင်းများတယ်။ ငါးယောက်တောင်ရှိတယ်။ သူက အကြီးဆုံးပါ။ သူ့အဖေ ဦးဘသန်းကတော့ လယ်ထွန်ရင်း မိုးထိလို့ ဆုံးရှာတာ။ သူတို့မှာ လယ်ပိုင်၊ နွားပိုင်၊ လှည်းပိုင်လည်း ရှိတယ်။ အဖေဆုံးတော့ အငယ်တွေက လူလားမမြောက်သေးတာကြောင့် လယ်ယာနဲ့ နွားတွေ၊ လှည်းတွေကို အငှားချထားရတယ်။ ဒေါ်စန်းနုရဲ့ အကြော်ကလည်း နာမည်ကြီးဗျ။ ကော့မှူးနဲ့ကွမ်းခြံကုန်းကတောင် သီးသန့်လာဝယ်စားရတယ်။ အနီးပတ်ဝန်းကျင်က မုန့်ဟင်းခါးဆိုင်တွေကလည်း ဒေါ်စန်းနု အကြော်ကိုပဲ သုံးကြတာများတယ်။ ဒါကြောင့် ဒေါ်စန်းနုက အကြော်ကို ကိုယ်တိုင်မကြော်တော့ဘဲ လူငှားတွေနဲ့ကြော်၊ စက်ဘီးတွေနဲ့ပို့နဲ့ အတော် ချောင်လည်ကြပါတယ်။

ဆရာမလေးမြန်နွှာက စာအလွန်တော်တယ်။ ကျွန်တော်နဲ့က စက်ဘီးကိုယ်စီနဲ့ ကျောင်းတက်ဖက်ပါ။ တစ်ရွာတည်းသားတွေမို့ ငယ်ပေါင်းတွေပေါ့ဗျာ။ သူ့မှာ အမျိုးသမီးအဖော်တွေ ရှိပါတယ်။ ယောကျ်ားလေးသူငယ်ချင်းကတော့ ကျွန်တော်တစ်ယောက်ပဲရှိတယ်။ အတန်းကလည်း အတူတူပဲ။

တစ်ခါ ညနေဘက် ကျောင်းအပြန်မှာ ကားရှောင်ရင်း မြန်နွှာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့စက်ဘီး ကားလမ်းဘေး ချောက်ထဲကျပြီး သူ့ခြေထောက် အဆစ်လွဲသွားတယ်။ လက်ကလည်း နာသွားလို့ စက်ဘီးမစီးနိုင်တော့တာနဲ့ ကျွန်တော့်စက်ဘီးနဲ့ တင်ခေါ်ခဲ့ရတယ်။ ကျွန်တော့်စက်ဘီးက အဖေ့ရဲ့ Humber ကြီးဖြစ်လို့ ဘားတန်းပါတယ်။ တခြားစက်ဘီးတွေက အမျိုးသမီးစီးတွေဖြစ်လို့ ဘားတန်းမပါဘူး။ ဒါကြောင့် ကျွန်တော့်စက်ဘီးနဲ့ ရှေ့မှာတင်ခေါ်ခဲ့ရတာ။ သူက ခြေနဲ့လက်ပါ နာနေလို့ နောက်ခုံ Carrier မှာ မစီးနိုင်ဘူးလေ။ သူ့စက်ဘီးကိုတော့ သူငယ်ချင်းတစ်ယောက်က စီးလာပေးတယ်။ သူကလေးကတော့ ကျွန်တော့်ရင်ခွင်ထဲမှာ ရှက်ကိုးရှက်ကန်းနဲ့ပေါ့ဗျာ။ အဲဒီနေ့က ခုန်လိုက်တဲ့ကျွန်တော့်ရင်တွေ တဒိန်းဒိန်းပဲ။ သူကြားသွားမှာစိုးလို့ အသက်ရှူအောင့်ပြီးထိန်းရင်း တံတွေးမျိုချရတာလည်း တဂွပ်ဂွပ်ပဲဗျို့။ သူကလေးကလည်း ရှက်နေရှာတော့ ကျွန်တော် အမူအရာပျက်နေတာကို မသိရှာဘူး ထင်ပါရဲ့။ မသိချင်ယောင်ဆောင်နေတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့ဗျာ။

ကျွန်တော်က သူကြီးသားဆိုပေမယ့် တခြားလူတွေလို ဟော့ဟော့ရမ်းရမ်းတော့ မဟုတ်ပါဘူး ဆရာရယ်။ အရက်နဲ့ထန်းရည် ကြိုက်တာကလွဲလို့ နိုင့်ထက်စီးနင်းပြုတာ၊ သူများသားသမီးဖျက်ဆီးတာ မရှိခဲ့ပါဘူး။ အဲ. . ကျွန်တော့်ဝါသနာတစ်ခုတော့ ရှိတယ်။ အဆောင်ကောင်း၊ လက်ဖွဲ့ကောင်းနဲ့ အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တန်တွေကို ယုံကြည်ပြီး လိုက်စားတာပဲ။ နောက်ပြီး ကျွန်တော်က ငယ်စဉ်က ခန္ဓာကိုယ်တောင့်တင်းသလို လူပျိုပေါက်အရွယ်ရောက်တော့လည်း အလေးမတယ်။ သိုင်းသင်တယ်။ ကိုယ်ခံပညာတော်တဲ့ ဆရာမှန်သမျှဆီမှာ ကျွန်တော်တပည့်ခံတယ်။ ဒါကြောင့်လည်း ကျွန်တော် လူသုံးလေးဦးကို လက်နက်မပါဘဲ ရင်ဆိုင်ပြီး လှဲနိုင်ပါတယ်။





သူငယ်ချင်းတွေကလည်း ဘေးတီးပေး၊ မစွမ်းရင်းကလည်းရှိုကန်စွန်းခင်းကလည်းငြိ ဆိုသလိုပေါ့ ဆရာရယ်။ ကျွန်တော်နဲ့မြနန္ဒာတို့ ရည်းစားဘဝ ရောက်ကြတယ်။ တစ်ရွာတည်းသားချင်းဆိုတော့လည်း သိုသိုသိပ်သိပ်နေကြရတာပေါ့ ဆရာရယ်၊ အဲဒီအချိန်က ပျော်လိုက်ကြတာ အလွန်ပဲဗျာ။ အခုတောင် သတိတရ လွမ်းမိပါသေးတယ်။ လက်နိုက်ဘုရားကြီးပေါ်လည်း နေ့တိုင်းလိုလို ရောက်တယ်။ ဆယ်ကျော်သက်တွေဆိုတော့လည်း မိုးမမြင် လေမမြင် ပျော်ကြတာပေါ့။ အဲဒီနှစ်က ကျွန်တော် စာမေးပွဲကျတယ်။ မြနန္ဒာကတော့ အောင်တယ်။

နောက်တစ်နှစ် ကျောင်းတက်ရတော့ မြနန္ဒာက ဆယ်တန်း။ ကျွန်တော်ကတော့ ကိုးတန်းပဲပေါ့။ သိုသိုသိပ်သိပ်နေတဲ့ကြားထဲက ကျွန်တော်တို့အကြောင်းကို နှစ်ဖက်မိဘတွေ သိသွားတယ်။ အဖေကတော့ စာမေးပွဲကျတာ ရည်းစားထားလို့ဆိုပြီး တဗျစ်တောက်တောက် ဆူနေလေရဲ့။

မြနန္ဒာလည်း အဆူခံရတယ်လို့ ကြားရတယ်။ ကျွန်တော်က သူကြီးသားဆိုတော့လည်း သူတို့ဘက်က အတင်းအော်သောင်းတင်းတော့ မဖြစ်ပါဘူး။ အရွယ်မရောက်သေးလို့ ကျောင်းမပြီးသေးလို့ဆိုပြီး ဟန့်တားရုံလောက်ပါပဲ၊ ဒါပေမဲ့ သူ့မောင်တွေကတော့ ကျွန်တော်တို့ အသွားအလာ၊ အဆက်အသွယ်ကို စောင့်ကြည့်နေကြလေရဲ့။

ကျွန်တော်တို့ကတော့ အတန်းမတူတော့ပေမယ့် ကျောင်းချိန်တူနေတာကြောင့် နေ့စဉ် ကျောင်းသွားကျောင်းပြန် သူငယ်ချင်းအုပ်စုတွေနဲ့ စက်ဘီးကိုယ်စီစီးပြီး တွေ့နိုင်ကြပါတယ်။ ဒါပေမဲ့ အရင်ကလို လက်နိုက်ဘုရားကြီးပေါ်မှာ ချိန်းတွေ့တာတော့ မလုပ်နိုင်ကြတော့ဘူး။ ကျွန်တော်က ဂရုမစိုက်လို့ ချိန်းပေမယ့် သူက တောင်းပန်ရှာပါတယ်။ သူက အမြဲ



www.burmeseclassic.com

www.burmeseclassic.com



အနေ၊ အချိန်အခါနဲ့ အခွင့်အရေးကို စောင့်ဖို့ အမြဲတမ်းပြောတယ်။

အဲဒီလိုနဲ့ ဒီနှစ်မှာလည်း ကျွန်တော်စာမေးပွဲကျပြီး မြနန္ဒာက တော့ အောင်သွားတယ်။ ကျွန်တော်က ကျောင်းထွက်လိုက်ရပြီး မြနန္ဒာက တော့ တက္ကသိုလ်ဆက်မတက်တော့ဘဲ ကွမ်းခြံကုန်းအ. ထ. က (၁) မှာပဲ မူလတန်းပြလုပ်အားပေးဆရာမ ဝင်လုပ်ရင်း ဆရာမဖြစ်သွားတော့တာပဲ။

အဲဒီတုန်းက ကျွန်တော်က အသက် (၁၉) နှစ်။ မြနန္ဒာက (၁၈) နှစ်။ လူပျို၊ အပျိုတွေ ဖြစ်ပြီပေါ့ဗျာ။ မြနန္ဒာရဲ့ အလှဂုဏ်သတင်း ကြောင့်လည်း ရွာမှာရော၊ ကျောင်းမှာပါ နာမည်က ရေပန်းစားနေတယ်။

ကျွန်တော် စိတ်မပူတော့ဘူး ဖြစ်နေတယ်။ သူ့ကို လက်ထပ်ဖို့ ပူဆာတော့လည်း ငယ်သေးတယ်ဆိုပြီး အမြဲငြင်းဆန်နေတယ်။

ကျွန်တော် ကျောင်းကထွက်တော့ အိမ်ကလယ်ယာမြေတွေကို ဦးစီးလုပ်တယ်ဆိုပေမယ့် ကျောင်းမတက်ရတော့ အချိန်ပိုရတာကြောင့် ဆရာမလေးမြနန္ဒာ ကျောင်းသွား၊ ကျောင်းပြန်ကို ရွာထိပ်ကစောင့်ပြီး အကြို၊ အပို့ လုပ်တတ်တယ်။ ကြာတော့ သူက ဆရာမဂုဏ် ထိခိုက်တယ် ဆိုတာနဲ့ ကျွန်တော့်မှာ နေ့စဉ်ကြိုပို့ခွင့်မရတော့ဘဲ တစ်ပတ်တစ်ခါသာ ကြိုပို့ခွင့် ရတော့တယ်။

ကျွန်တော့်မှာ အဲဒီအချိန်တုန်းက အတော်ဒုက္ခရောက်ပါတယ် ဗျာ။ အချစ်ဘိလူးကလည်း စီးနေတော့ မြနန္ဒာကို နေ့စဉ်တွေ့ချင်တယ်။ မတွေ့ရရင်ကို မနေနိုင်ဘူး။ အဲဒေါကပဲ လှမ်းတွေ့ရတွေ့ရ ကြိုးစားရတော့ တယ်။ မနေနိုင်လွန်းလို့ အဖေ အမေကို ပူဆာတော့လည်း ငယ်သေး တယ်တဲ့လေ။

ဒီလိုနဲ့ နှစ်တွေကုန်လာပြီး ကျွန်တော်တို့ အသက်တွေကြီးလာ ကြတာပေါ့။ ကျွန်တော်လည်း အသိတရားရပြီး လယ်ယာမြေတွေကို





တကယ်ကို ဦးစီးပြီး လုပ်နိုင်လာပြီ။ အဖေကလည်း ကျွန်တော့်ကို လုပ် ငန်းတွေမှာ မျက်နှာလွှဲလာတယ်။ အလုပ်ကို တကယ်လုပ်တော့လည်း အချစ်ရေးကိစ္စက အဓိကမဟုတ်တော့ဘူးဗျ။ လုပ်ငန်းထဲ စိတ်နှစ်ပြီး စီးပွားရေးလောကထဲဝင်လာတော့ ဘာပဲဖြစ်ဖြစ် ငွေသာအဓိကဖြစ်မှန်း သိလာတယ်။ ငွေရှာရတာ မလွယ်မှန်းလည်း သိလာတယ်။ အရင်က ငွေကို ဖုံးပေါလအောသုံးခဲ့တာတွေကို ပြန်နှမြောလာမိတယ်။ နောက်တစ်ခု က မြနန္ဒာနဲ့ကျွန်တော် လက်ထပ်ဖို့ ကိုယ်ပိုင်ငွေနဲ့ လုပ်ချင်လာတယ်။ အဖေနဲ့အမေလည်း အသက်ကြီးကြပြီလေ။ သူတို့စုဆောင်းထားတဲ့ ရွှေ ငွေတွေကိုတော့ သူတို့အတွက် အိုစာမင်းစာထားပြီး ကျွန်တော်မင်္ဂလာ ဆောင်ဖို့အတွက်တော့ ကျွန်တော့်ဘာသာ ရှာဖွေစုဆောင်းထားတဲ့ငွေနဲ့ လုပ်ချင်တယ်။

အသက်အရွယ်ရလာပြီမို့ အဖေ အမေကလည်း မကန့်ကွက် တော့တဲ့အပြင် တိုက်တွန်းလာတယ်။

ပြောရဦးမယ် ဆရာရေ..။ ကျွန်တော်က ပညာရေးမှာ မထူး ချွန်ပေမယ့် စီးပွားရေးမှာတော့ အောင်မြင်တယ်ဗျ။ လယ်စိုက်၊ ယာစိုက် အပြင် ကျွန်တော့်မှာ ငွေကြေးစုဆောင်းထားတာရှိတာမို့ စပါး၊ ပဲ ပင် ထောင် ကြိုဝယ်ပြီး ရန်ကုန်က ဘုရင့်နောင်ပွဲရုံကိုသွင်းတာ ဟက်ဟက်ကွဲ အောင် မြတ်တယ်ဗျာ။ ကျွန်တော့်အသက် (၂၅) နှစ်ရောက်တော့ တော သူဌေးပေါက်စ ဖြစ်နေပြီ။ မြနန္ဒာကတော့ အလယ်တန်းပြဆရာမ ဖြစ်နေ ပြီ။ ကျွန်တော်ကလည်း သူ့ကို လက်ထပ်ဖို့ မပူဆာတော့ပါဘူး။ သူလက် ထပ်ချင်တဲ့အချိန်မှာ အသင့်ပဲဟော့လို့တော့ ကြေညာထားတယ်။

အဲ.. တစ်နေ့မှာပေါ့ဗျာ။ ကျွန်တော့်ငယ်ပေါင်းသူငယ်ချင်း မြတ်စိုးနဲ့ တင်ဦးတို့ ကျွန်တော့်အိမ်ကို ရောက်လာကြတယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က လယ်ထဲဆင်းဖို့ ပြင်ဆင်နေချိန် မနက်ပိုင်းမှာပါ။

မြတ်စိုး..

"ဖော်ကြီးရေ..ဘယ်သွားမလို့လဲကွ။ မင်းကို သတင်းကောင်း ပေးစရာရှိလို့"

"ဘာသတင်းကောင်းလဲကွ။ မင်းနှမ လင်နောက်လိုက်သွားလို့ လား"

"ထပ်သနိုး..ငါ့အစ်မက အသက်သုံးဆယ်ကျော်နေပြီကွ။ လင် မယူတော့ဘူး။ အပျိုကြီးပဲ လုပ်တော့မှာ"

"ဒါဖြင့် ဘာသတင်းကောင်းလဲကွ"

"လက်နိုက်ရွာ သုသာန်ထဲမှာ ဆရာကြီးတစ်ဦး ရောက်နေတယ် ကွ။ နှုတ်ခမ်းမွေးဖြူဖြူ မုတ်ဆိတ်မွေးဖြူဖြူနဲ့ အင်မတန်ဥပဓိရုပ်ကောင်း တာ။ ပီယဆေးအမျိုးမျိုး စွမ်းတယ်တဲ့။ နောက်ပြီး အဆင်းအတက်၊ အခုန်အပျံကောင်းတဲ့ ကြောင်ဆေးလည်း ထိုးပေးမယ်တဲ့။ ငါတို့တော့ ပီယဆေးပဲ ထိုးနိုင်တယ် မောင်။ ထောင်ဂဏန်းပဲ ပေးရတာ။ ကြောင် ဆေးကတော့ သေသွားတဲ့ကြောင်နက်မျက်လုံးကိုဖောက်ပြီး နက္ခတ်တာရာ စုံတဲ့ လကွယ်ညမှာ ထိုးရမှာတဲ့ မောင်..။ ကန်တော့ပွဲ၊ အုန်းပွဲတွေ စီရင်ရမှာမို့ တစ်သိန်းပေးရမယ်တဲ့။ ငါတို့တော့ မတတ်နိုင်လို့ မင်းကို လာပြီး သတင်းကောင်းပေးတာ"

ကျွန်တော့်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အရာရာကို ဆင်ခြင်နိုင်သော်လည်း ပီယဆေးနှင့် အခုန်အပျံ၊ အကျော်အလွှား သိဒ္ဓိအမျိုးမျိုးပြီးသောဆေး အသံကြားသည်နှင့် မနေနိုင်မထိုင်နိုင် ဖြစ်လာ သည်။

"ကဲ..ဒါဖြင့်လည်း သွားကြရအောင်ကွာ။ ငါလည်း လယ်ထဲ





ဆင်းမှာဆိုတော့ လမ်းကြုံပါတယ်။ ငါတို့လယ်က လက်နိုက်သချိုင်း အနောက်ဘက်မှာလေ။ ငါလည်း လယ်ထဲမဆင်းတာကြာလို့ အခုမှ သိရတာ။ ဆရာကြီးရောက်နေတာ ကြာပြီလားကွ..ဟင်"

တင်ဦး..

"မကြာသေးဘူးကွ။ သုံးလေးရက်ပဲ ရှိဦးမှာ"

ကျွန်တော်တို့အဖွဲ့ ရွာအရှေ့မှ ရွာလယ်လမ်းအတိုင်း ရွာ အနောက်တံခါးဘက်သို့ ထွက်ခဲ့ကြသည်။ မိုးဦးကျကာလဖြစ်၍ ရွာလယ် လမ်းမှာ လှည်းဘီးရာ၊ နွားခြေရာနှင့်၊ လက်တွန်းထွန်စက်ခြေရာများနှင့် ဗွက်ပေါက်နေသည်။ လမ်းဘေးမှ မြေမာကိုယူ၍ ရှောင်ကွင်းသွားကြရ သည်။ ရွာအနောက်ပေါက်ရောက်တော့ ခပ်ဝေးဝေးတွင် လက်နိုက်သချိုင်း အား လယ်ကွင်းများဝိုင်းရံလျက် မြင်ကြရသည်။ သချိုင်းဇရပ်မှာတော့ ကြီးမားလှသည့် မန်ကျည်းပင်၊ ကုက္ကိုပင်ကြီးများ အုံ့ဆိုင်းနေသဖြင့် မမြင်ကြရ၊ သိဒ္ဓိဆရာကြီးမှာ သချိုင်းဇရပ်ကြီးထဲတွင်ရှိနေမည်ဟု မျှော် လင့်ရင်း အဝေးမှ လှမ်းကြည့်ရသည်။

ကျွန်တော်တို့အဖွဲ့ ရွာအနောက်ဘက် လယ်ကန်သင်းရိုးအတိုင်း လျှောက်ကြရပြီး လက်နိုက်သုသာန်အနီးသို့ ရောက်လာသည်။ ထိုစဉ်တွင် အညှော်နံ့များအား ရရှိသည်။ လူသေကောင်အား မီးရှို့သည့် အညှော်နံ့မျိုး ဖြစ်သည်။ အတော်လည်း ဆိုးဝါးလှသည်။ လက်နိုက်ရွာမှာ ရွာကြီးဖြစ် သော်လည်း ကျွန်တော်တို့မွေးရာဇာတိဖြစ်၍ ဘယ်သူနေမကောင်း၍ ဘယ်သူဖျားနာတာကအစ သိသည်။ ယခုတလော ရွာတွင် အဖျားအနာ ပင်မရှိ၊ သေဆုံးသည်ကိုလည်း မကြားမိပါ။

ကျွန်တော်တို့အဖွဲ့ ဆီးချုံနှင့် မြယာချုံတောများအား တိုးဝှေ့ပြီး၊ မြေပုံမို့မို့နှင့် သချိုင်းအုတ်ဂူများအား ကျော်ဖြတ်ပြီး လာကြရာ ကုက္ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မန်ကျည်းပင်ကြီးများ အုံ့ဆိုင်းနေသည့် သချိုင်းဇရပ်မည်းမည်းကြီး အား အဝေးမှ လှမ်းတွေ့ရသည်။ သစ်ပင်ပင်စည်ကြီးများခံနေ၍ လူရိပ်လူ ယောင်ကိုတော့ မမြင်ရ၊ ဝေ့ဝဲနေသော မီးခိုးမည်းညစ်ညစ်များကိုတော့ တွေ့နေရသည်။ အနီးရောက်သည်နှင့် အညော်နံ့မှာ ပိုပြင်းလာသည်။

ကျွန်တော်တို့ မန်ကျည်းပင်ကြီးအောက်ရောက်တော့ အိုးတစ် လုံးအား ဖိုပေါ်တင်၍ မီးထိုးပြီး မွှတ်ပြောင်းဖြင့်မွှတ်နေသော ဆံပင်ဖြူ နုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဖြူဖြူ၊ အဖြူရောင်ဝတ်စုံဝတ်ထားပြီး လည် ပင်းတွင် ပုတီးအနက်ကြီးတစ်ကုံးဆွဲထားသော လူကြီးတစ်ဦးအား တွေ့ရ တော့သည်။ အညော်နံ့မှာ သူ့ထံမှလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့က ချောင် ဟန့်သံပေး၍..

"အဟမ်း.. အဟမ်း.. အဟမ်း.."

လူကြီးက ခေါင်းမော့ကြည့်ပြီး..

"လာကြ.. လာကြ.. ငါ့တူတို့၊ အဘက မင်းတို့သုံးယောက် ရွာအနောက်တံခါးက ထွက်လာကတည်းက သိနေတာကွယ့်၊ ကြောင် ဆေးထိုးမယ့်သူ ပါလာတယ်မဟုတ်လား။ သင့်ရာမှာ ထိုင်ကြကွယ့်၊ သချိုင်းဇရပ်ဆိုတော့ ထိုင်ခုံတော့ မရှိဘူး"

ကျွန်တော်တို့ အလွန်အံ့သြသွားကြသည်။ ချိန်းဆိုထားခြင်း လည်း မရှိ၊ မြတ်စိုးနှင့်တင်ဦးအားလည်း မပြောရသေး။ လိုက်၍လေ့လာ ရုံသက်သက်သာ ရှိသေးသည်။

ထိုစဉ် ဆရာကြီးက..

"မအံ့သြကြနဲ့ကွယ့်၊ မြတ်စိုးနဲ့တင်သောင်းကိုတော့ အဘက သိပြီးသား။ ဒီသူငယ်ကိုသာ အဘက မသိတာ။ လူစိမ်းဆိုတော့ ကြောင် ဆေးထိုးမယ့်သူလို့ ခန့်မှန်းလို့ ရတာပေါ့ကွယ်။ ဟုတ်သလား မောင်ရင်"





ကျွန်တော်..

"ဟုတ်ပါတယ် အဘ။ ဒါပေမဲ့ ကြောင်ဆေးက ဘာတွေစွမ်း သလဲလို့ ကျွန်တော်သိချင်တာပါ"

"အရာရာ စွမ်းသပေါ့ကွယ်။ အခုန်အပျံ၊ အတက်အဆင်းနဲ့ ကာယသိဒ္ဓိ ပြီးစီးရုံတင်မက နက္ခတ်စုံရာနဲ့ အချိန်တိုက်ဆိုင်ရင် ရှုံနီးဆာ ယာ ပိုမောက်ပြီး ကိုယ်ပျောက်နိုင်သကွယ့်။

ဒါကလည်း ပစ္စည်းလည်းစုံမှ၊ ဆရာလုပ်သူကလည်း ကျွမ်းကျင် လိမ္မာမှ၊ ဆေးထိုးခံရမယ့်သူကလည်း သတ္တိဗျတ္တိနဲ့ ပြည့်စုံမှ၊ နက္ခတ်တာရာ စုံတဲ့ အခုလိုနေ့ ညမျိုးမှ ဖြစ်နိုင်သကွယ့်။ ဒီနေ့ ဘာနေ့တုံး.. မောင်ရင် သိသလား"

"သိပါတယ်ခင်ဗျား..။ ကဆုန်လကွယ်နေ့ပါ"

"အေး.. အဲဒါပဲကွယ့် နိမိတ်ဆိုတာ။ ကဆုန်လကွယ်ညမှာ ဆေးထိုးတော့ မြင်းလို ကဆုန်စိုင်းပြီး ပြေးလွှားနိုင်တာပေါ့။ ဒါတောင် နက္ခတ်စုံမှ ဖြစ်တာ။ မိုးအုံ့နေလို့ နက္ခတ်စုံမမြင်ရရင်လည်း မအောင်မြင် နိုင်ဘူးကွယ့်။ ဒါနဲ့ မောင်ရင်က ဘာနေ့သားတုံးကွယ့်"

"တနင်္လာသားပါ အဘ။ နာမည်အရင်းက မောင်ငယ်ပါ"

"မောင်ငယ်.. တနင်္လာသား..။ ဒီနေ့က ကြာသပတေးဆို တော့ သမသတ်ကျတယ်ကွယ့်"

"သမသတ်ဆိုတာ ဘာလဲအဘ"

"သမသတ်ဆိုတာ နေ့နံရက် တတ်တည့်တာကို ပြောတာကွယ့်"

"ဪ.. အဲဒီလိုလား။ ဒါဆို ကျွန်တော် ဒီည ကြောင်ဆေးထိုး လို့ ရတာပေါ့နော်"

"ရပြီလား မောင်ရင်ရဲ့။ အဲဒါကြောင့် အဘပြင်ဆင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ အခု ဆေးကျိုနေတာလည်း မောင်ရင့်အတွက်ပဲလေ''

''အဘ ကျွန်တော်ဆေးထိုးမယ်မှန်း ဘယ်လိုလုပ် သိသလဲ''

''အဘတို့က မဟာဗိန္ဒိ၊ သိဒ္ဓိဆရာတွေပဲ၊ အကြားအမြင် ရသပေါ့ကွယ်''

''ဘာဆေးတွေ ကျိုနေတာလဲ အဘ၊ ကျွန်တော်သိချင်လို့ပါ''

''မင်းက တနင်္လာသား မဟုတ်လားကွယ့်။ ကက်ကင်းတတ်နဲ့ ရေချိုးရအောင် ကြာသပတေးနံဖြစ်တဲ့ 'ပ၊ ဖ၊ ဗ၊ ဘ၊ မ' နံပါတဲ့ ပျဉ်းမရွက်၊ ဖွတ်ချေးရွက်၊ ဗျိုင်းချေးရွက်၊ ဘန့်ဘွေးရွက်၊ မြယာရွက်တွေကို ကြောင်ဆေးပင်နဲ့ ရောကျိုနေတာ''

''အဘ . . အဲဒီအရွက်တွေကျိုတာ ညှော်နံ့မရနိုင်ပါဘူး။ အခု ဘာလို့ ညှော်နံ့ထွက်နေတာလဲ''

''အဲဒါလည်း ပညာခန်းပဲကွယ့်။ တနင်္လာသားအတွက် ဗုဒ္ဓဟူးက ရန်တတ်ကျသကွယ့်။ ဆန့်ကျင်ရန်ဖက်ပေါ့ကွယ်၊ ကြာသပတေးနံ ဆေးရွက်တွေကို လက်ပံသား၊ လက်ခုပ်သားထင်းနဲ့ လှူ့ိုးခြောက် ရောပြီး မီးထိုးတော့ သိဒ္ဓိအစီအစဉ် ပြီးမြောက်တာပေါ့ကွယ်။ ဒါနဲ့ ရေချိုးရမှာ''

''ဪ . . အဲဒီလိုလား။ ဒါနဲ့ အဘ . .။ ကျွန်တော်တို့ ဘယ်အချိန် လာရမှာလဲ၊ ဘာပစ္စည်းတွေ ယူခဲ့ရမလဲ''

''ည (၉) နာရီမထိုးမီ အရောက်လာခဲ့။ ည (၉) နာရီတိတိမှာ ပွဲစရမှာ။ အုန်းသီးတစ်လုံး၊ ငှက်ပျောဖီးသုံးဖီး၊ အမွှေးတိုင်နဲ့ ဖယောင်းတိုင် ကိုးတိုင်စီ၊ ငွေက ကိုးသောင်းယူခဲ့ပါ။ နောက်ကျလို့ မရဘူးနော်။ မိုးရွာရင်လည်း မလာကြနဲ့။ အစီအစဉ်ပျက်မယ်။ အင်္ကျီအဖြူ ဝတ်မလာနဲ့။ အနက်ရောင်ပဲ ဝတ်လာပါ။ မောင်ရင့်ကို ပြောတာနော်၊ တခြားသူတွေက ဘာဝတ်ဝတ် ရတယ်''





''ဟုတ်ကဲ့ အဘ . .။ ကျွန်တော်တို့ ပြန်ပြီးစီစဉ်လိုက်ပါဦးမယ်။ ည (၈) နာရီခွဲလောက် အရောက်လာပါ့မယ်။ ဒါနဲ့ အဘစားဖို့ ဘာယူခဲ့ရဦးမလဲ''

''ဘာမှ မယူခဲ့နဲ့။ အဘက ဥပုသ်စောင့်နေတာ။ ညစာ မစားဘူး''

တိုတိုပြတ်ပြတ်ပြော၍ ကျွန်တော်တို့သုံးဦး အဘအား ကန်တော့ပြီး ကျွန်တော်၏လယ်တဲရှိရာသို့ လာခဲ့ကြသည်။ လယ်တဲတွင် ကျွန်တော်လာမည်ကို သိရှိထားသဖြင့် သူရင်းငှားခေါင်းဆောင်က စားသောက်ရန် အသင့်ပြင်ဆင်ထားသည်။ လုပ်ငန်းကိစ္စအား မေးမြန်းပြီး ကျွန်တော်တို့ နေ့လယ်စာ ထမင်းစားကြသည်။ အရက်မသောက်သဖြင့် သူရင်းငှား ခေါင်းဆောင်က အံ့သြနေသည်။ ကျွန်တော်တို့က ညအစီအစဉ်ရှိသဖြင့် အရက်မသောက်ကြခြင်းဖြစ်သည်။

ကျွန်တော်တို့ အိမ်ပြန်ကြပြီး စက်ဘီးကိုယ်စီနှင့် ကွမ်းခြံကုန်းမြို့ဈေးသို့ ပြေးရသည်။ ကျွန်တော်တို့ရွာတွင် အုန်းပင်ရှိသော်လည်း အုန်းပင်တက်ရဦးမည်။ ကွမ်းခြံကုန်းဈေးတွင် ငှက်ပျောသီး၊ အုန်းသီးနှင့် ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ပလတ်စတစ်ဇလုံတစ်လုံး ဝယ်ရသည်။ ပစ္စည်းများအား လူမမြင်စေရန်အတွက် အသင့်ယူလာသော မြေဩဇာအိတ်နှင့်ထည့်ပြီး ပြန်ယူလာကြသည်။ ကန်တော့ပွဲပြင်ရန်အတွက်လည်း မြတ်စိုးနှင့် တင်ဦးအား ပစ္စည်းများပေး၍ တာဝန်လွှဲလိုက်တော့သည်။

ကျွန်တော် အိမ်တွင် အေးဆေးစွာ ပြန်နားသည်။ ကျွန်တော့်တွင် စပို့ရှပ်အနက်ရောင်တစ်ထည်ရှိသဖြင့် အတော်ပင်ဖြစ်သည်။ ညနေစာကို ယခင်က ည (၈) နာရီမှ စားလေ့ရှိသော်လည်း ယနေ့တော့ စိတ်စောနေသဖြင့် ည (၇) နာရီကတည်းက စားသည်။ ကျွန်တော် အလွန်



www.burmeseclassic.com

www.burmeseclassic.com



အစားလဲ၍ ပြင်ဆင်ထွက်လာသော်လည်း အဖေ အမေက မမေးပါ။ လူပျိုလူလွတ်ဖြစ်၍ သူတို့ သဘောပေါက် နားလည်ကြပါသည်။ မြတ်စိုးတို့ အိမ်ရောက်တော့ ည (၈) နာရီပင် မထိုးသေးပါ။ တင်ဦးလည်း မရောက်သေး၍ စောင့်ရသည်။ ည (၈) နာရီတိတိတွင် တင်ဦးရောက်လာသည်။ အထုပ်ကြီးနှစ်ထုပ်ဖြင့် ဖြစ်သည်။ လူမြင်မည်စိုး၍ သချိုင်းကုန်းရောက်မှ ပွဲပြင်ရမည်ဖြစ်သည်။

ကျွန်တော်တို့သုံးဦး ည (၈) နာရီကျော်ခန့်တွင် အိမ်မှထွက်လာကြသည်။ မြတ်စိုးနှင့်တင်ဦးတွင် ဆောင်ဓားတစ်လက်စီနှင့် လက်နှိပ်ဓာတ်မီးများ ကိုယ်စီပါသည်။ ကျွန်ုပ်တွင် လက်နှိပ်ဓာတ်မီးတစ်လက်နှင့် ငွေကိုးသောင်းထည့်ထားသော လွယ်အိတ်တစ်လုံးသာ ပါသည်။

တောရွာထုံးစံအတိုင်း ညမိုးချုပ်သည်နှင့် အိမ်တွင်းမှ အိမ်ပြင် မထွက်ကြသဖြင့် ကျွန်တော်တို့အဖွဲ့ အစပ်အစုကင်းလွတ်ခဲ့သည်။ အကယ်၍ မေးလျှင်လည်း ကျွန်တော်၏လယ်တဲသို့ ညသွားအိပ်ရန်ဟု ဖြေရန်လည်း တိုင်ပင်ထားကြသည်။

အချိန်စောသေးသဖြင့် ရွာနောက်ကင်းတဲတွင် ကိုတိုးကြီးတို့ ကင်းအဖွဲ့လည်း မရောက်ကြသေး။ သူတို့ကင်းအဖွဲ့က ည (၉) နာရီမှ မနက် (၅) နာရီအထိသာ စောင့်သည်။ လမိုက်ညဖြစ်၍ လယ်တောတစ်ပြင်လုံး မှောင်မည်းနေသည်။ မိုးကာလဖြစ်သော်လည်း ကောင်းကင်တွင် တိမ်ကင်းမဲ့နေသည်။ ကြယ်ကလေးများကိုသာ မှိတ်တုတ်မှိတ်တုတ်မြင်ရသည်။ ပုရစ်အော်သံ၊ ဖားအော်သံများကတော့ တစ်ကွင်းလုံးညံနေသည်။

"ပရစ်.. ပရစ်.. ကလစ်.. လစ်.."

"အုံးအင်.. အုံးအင်.. အုံးအင်.."

"ဂွမ်.. ဂွမ်.. ဂွမ်.."





"ရှီ.. ရှီ.. ရှီ.."

တောသူတောင်သားများဖြစ်၍ ကျွန်တော်တို့က မြွေ၊ ကင်း မကြောက်တတ်ပါ။ ငယ်စဉ်ကပင် လယ်ကွင်းနှင့် လယ်ကန်သင်းပေါ် ပြေးလွှားဆော့ကစားနေကျဖြစ်၍ နေ့နေ့ညည သွားလာနိုင်ပါသည်။ ဖားအော်သံ၊ ပုရစ်အော်သံနှင့် မြွေတွန်သံများကတော့ ကျွန်တော်တို့လို တောသူတောင်သား လယ်သမားများအတွက် သဘာဝတေးဂီတများသာ ဖြစ်ကြပါသည်။

လယ်ကန်သင်းရိုးကိုဖြတ်၍ လတ်ဆတ်သောလေကို တစ်ဝကြီးရှူကြရင်း လျှောက်လှမ်းလာကြရာ သချိုင်းကုန်းအစပ်သို့ရောက်သည်နှင့် သချိုင်းဇရပ်ပေါ်မှ မီးအလင်းရောင်ကို မြင်ရသည်။ ကျွန်တော်တို့ အနီးရောက်တော့ သိဒ္ဓိဆရာကြီးမှာ ရှေ့တွင်ဖယောင်းတိုင်ထွန်း၍ တရားထိုင်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့၏ ခြေသံကြားသည်နှင့် ဆရာကြီးမှာ တရားထိုင်ခြင်းကိုရပ်ပြီး..

"လာကြ.. လာကြ.. မောင်ရင်တို့။ နဝင်းအချိန် နီးနေပြီ။ ကန်တော့ပွဲကို အမြန်ပြင်ဆင်ကြ"

ကျွန်တော်တို့ ပါလာသည့်ပစ္စည်းများနှင့် အုန်းပွဲ၊ ငှက်ပျောပွဲကို အလျင်အမြန်ပြင်ဆင်ရသည်။ ပြင်ဆင်ပြီးသော် သချိုင်းဇရပ်၏ အရှေ့ဘက်သို့ထွက်၍ ဆရာကြီးရှာထားသော သင်ဖြူးဖျာနှစ်ချပ်အား မြေကြီးပေါ်တွင် ခင်းသည်။ ဖျာများမှာ အသုဘချရာတွင် လူသေအား ပတ်၍ချသော ဖျာများလည်း ဖြစ်နိုင်သည်။

ဖျာတစ်ချပ်ပေါ်တွင် ကန်တော့ပွဲတင်၍ အစွန်းတွင် ဆရာကြီးက ထိုင်သည်။ နောက်ဖျာတစ်ချပ်ပေါ်တွင် ကျွန်တော်က အလယ်တွင် ထိုင်ပြီး မြတ်စိုးနှင့်တင်ဦးတို့က တစ်ဖက်စီတွင် ထိုင်ကြသည်။ ထိုစဉ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ကောင်းကင်သို့မော့ကြည့်ပြီး..

"ကဲ.. တပည့်တို့၊ နဝင်းချိန်ကို ရောက်ပြီ"

ဟု ပြောဆိုကာ အမွှေးတိုင်ကိုးတိုင်နှင့် ဖယောင်းတိုင်ကိုးတိုင်အား မီးထွန်းသည်။

"ကဲ.. ဘုရားကန်တော့ကြ။ ပြီးရင် အဘတိုင်ပေးသလို ငါးပါးသီလယူပြီး ဝေနေယျသတ္တဝါအပေါင်းကို မေတ္တာပို့ရမယ်"

"ဩကာသ.. ဩကာသ.. ဩကာသ..။ ကာယကံ၊ ဝစီကံ၊ မနောကံ.."

စသဖြင့် ကျွန်တော်တို့ ညီညာစွာဘုရားဝတ်ပြုကြသည်။ တိတ်ဆိတ်နေသော သင်္ချိုင်းကုန်းအတွင်းဖြစ်၍ ကျွန်တော်တို့၏အသံကြောင့် ဇရပ်အနီးရှိ မန်ကျည်းပင်နှင့် ကုက္ကိုပင်များပေါ်မှ ငှက်ဆိုးများ ထပျံသွားကြသည်မှာ တိတ်ဆိတ်သောညဦးယံတွင် ဆူညံသွားတော့သည်။ ဖျိုင်းအောက်များ၊ လင်းတက်များ၊ ကျီးကန်းများနှင့် လင်ကောင်ပိုးခေါ်

"ကွပ်.. ကွပ်.. ကွပ်.."

"အား.. အား.. အား.."

"ဂစ်.. ဂစ်.. ဂစ်.."

သတ္တိကောင်းသော ကျွန်တော်တို့ပင် ကျောချမ်း၍ တုန်လှုပ်သွားမိသည်။ ဆရာကြီးကတော့ အမူအရာမပျက်။

ဘုရားကန်တော့ပြီးတော့ ဆရာကြီးက ကျွန်တော်တို့အား ငါးပါးသီလပေးသည်။ ပြီး.. ဝေနေယျသတ္တဝါများအား အမျှပေးဝေကြသည်။ ဆရာကြီး၏ အောင်မြင်ခန့်ညားသောအသံကြီးမှာ သင်္ချိုင်းကုန်းတစ်နံတစ်လျား ဖုံးအုပ်သွားတော့သည်။

ပြီးနောက် ကျွန်တော့်အား ကိုယ်တုံးလုံးချွတ်စေပြီး ညနေက





ဆရာကြီးကဖျိုထားသော ရေအိုးထဲမှ ရေများနှင့် ခေါင်းကလောင်း၍ ရေချိုးခိုင်းသည်။ ကျွန်တော်ရေချိုးနေစဉ် ဆရာကြီးက ဂါထာမန္တန်များ ရွတ်ဖတ်နေသည်။

"ဉုံ.. သရဏာကံရော နော်မာစ
အတ္တ ဒသိစ ဝေဿဘု
စန္ဒ ဝါရေ အာဘိဇာတာ
တော နမဿာမိ သာဒရံ
နဝေနာနေန ကမ္ဘေန
ပေါ်ရာဏကံ ဝိနဿတု
စတုန္နံ ဗုဒ္ဓ တေဇေန
သဒါ သုခီ ဘဝန္တု မေ။
ဉုံ.. ဩောင်း.. ဩောင်း.. ဩောင်း..
ဒူဝေ.. ဒူဝေ.. ဒူဝေ.."

ကျွန်တော် ညဘက်ကြီးရေချိုးနေရ၍လား မသိပါ။ ကြက်သီးဖြန်းဖြန်းထမိသည်။ ကျွန်တော့်အနီးမှ မြတ်စိုးနှင့်တင်ဦးတို့လည်း တုန်လှုပ်နေကြသည်။ ပြီးနောက် ဆရာကြီးက ကျွန်တော့်အားခေါ်၍ ကန်တော့ပွဲအား သုံးကြိမ်ဦးတိုက်ခိုင်းပြီး အနောက်ဘက်သို့လှည့်၍ ခြေဆင်းထိုင်ခိုင်းပါသည်။ မြတ်စိုးနှင့် တင်ဦးအား ကျွန်တော့်ပခုံးနှစ်ဖက်ကို ဖိထားစေပြီး စုတ်ဆေးစထိုးတော့သည်။

"ဉုံ..
ဉုံ..
ဉုံ.."

(စကားချုပ် – သိဒ္ဓိဆရာကြီး ရွတ်ဖတ်မန်းမှုတ်သော ဂါထာ



www.burmeseclassic.com

www.burmeseclassic.com



မန္တန်များအား အတိအကျရေးသားဖော်ပြလိုသော်လည်း သရဲ တစ္ဆေတတ္တု များ ရေးသား၍ လုပ်ကိုင်စားသောက်နေသော သန့်လျင်မောင်ညိုမှိုင်း ကူးယူဖော်ပြမည်စိုးသဖြင့် ဤနေရာတွင် မဖော်ပြတော့ပါ။ စာရေးသူ)

ဆရာကြီးက ကိုးကြိမ်တိတိ ဂါထာမန္တန်စုတ်၍ ကျွန်တော်၏ ငယ်ထိပ်မှ စတင်ပြီး လည်တိုင်အနောက်၊ ပခုံးနှစ်ဖက်နှင့် ဝဲယာလက် မောင်းနှစ်ဖက်မှ လက်ဖျံ၊ လက်ဖဝါးအထိ။ ပြီးနောက် ကျောရိုးတစ် လျှောက်၊ ပေါင်နှစ်ဖက်မှသည် ခြေသလုံး၊ ခြေမျက်စေ့အထိ စုတ်ဆေး ထိုးပေးရာ တစွပ်စွပ်နှင့် တစစ်စစ်နာကျင်မှုများကို ခံစားရသော်လည်း အောက်ပိုင်းရောက်သည်နှင့် နာကျင်မှုကို လုံးဝမခံစားရတော့ပါ။ ဂါထာ၊ မန္တန် ကိုးခေါက်အဆုံးတွင် စုတ်ဆေးထိုးပေးခြင်းကို ရပ်လိုက်သည်နှင့် သချိုင်းဇရပ်ခေါင်မိုးပေါ်မှ အိမ်မြှောင်များစုတ်ထိုးသံကို ကြားရပြီး ဇရပ် အရှေ့ မန်ကျည်းပင်ပေါ်မှ တောက်တဲ့ကြီး၏ ကိုးကြိမ်တိတိအော်သံကို ကြားရတော့သည်။

"ကျွတ်..ကျွတ်..ကျွတ်.."

"တောက်တဲ့..တောက်တဲ့..တောက်တဲ့..

တောက်တဲ့..တောက်တဲ့..တောက်တဲ့..

တောက်တဲ့..တောက်တဲ့..တောက်တဲ့..တဲ့..တဲ့.."

ထိုစဉ် ဆရာကြီးထံမှ အောင်မြင်ခန့်ညားသောအသံကြီးဖြင့်..

"အောင်ပြီ..အောင်ပြီ..အောင်ပြီ.."

အသံကြီးမှာ တိတ်ဆိတ်နေသော သချိုင်းနယ်မြေအတွင်း ပဲ့ တင်သံဖြင့် ဟိန်းသွားသဖြင့် ငှက်များထပျံကြပြန်သည်။

"ကွပ်..ကွပ်..ကွပ်.."

"အား..အား..အား.."





"ဂစ်..ဂစ်..ဂစ်.."

ဆရာကြီး..

"ကဲ..ငါ့တပည့်။ ဟောဒီဆီမန်းကို တစ်ကိုယ်လုံးလိမ်း။ စုတ် ထိုးရာအတွက် အနာမရင်းအောင်။ ပြီးရင် အဝတ်အစားဝတ်တော့။ ကိစ္စအားလုံး အောင်မြင်သွားပြီ"

ကျွန်တော့်တစ်ကိုယ်လုံးအား မြတ်စိုးနှင့်တင်ဦးကပါ ဆီမန်း ပွတ်လိမ်းပေးကြပြီးနောက် အဝတ်အစားဝတ်၍အပြီးတွင် ဆရာကြီးက..

"မင်း ငါ့တပည့်ဖြစ်သွားပြီ။ ခုန်ကြည့်စမ်း"

..........

ဆရာကြီးက..

"ကဲ..အောင်မြင်ပါပြီ တပည့်။ ရှောင်ရမှာတွေကို ပြောမယ်။ ထဘီတန်းအောက် မဝင်မိစေနဲ့။ အရက်မသောက်နဲ့။ သူများသားမယား မပြစ်မှားနဲ့။ အဲဒီသုံးမျိုးကို အဓိကထားပြီး ရှောင်ပါ။ တစ်သက်လုံး ကြောင်နက်စွမ်းအားကို ရနေမယ်။ ဒီနေ့ နက္ခတ်တာရာမစုံတော့ ရှိန်း ဆာယာပုံမောက်ပြီး ကျိုးယ်ပျောက်ဖို့တော့ မဖြစ်သေးဘူး။ အဲဒီဆေးကို တော့ လာမယ့်တန်ဆောင်မုန်းလကွယ်နေ့ ညဉ့်သန်းခေါင်မှာ ထိုးရဦး မယ်"

ကိစ္စများပြီးပြီဖြစ်၍ ကျွန်တော့်တွင်ပါလာသော ငွေကိုးသောင်း အား ဆရာကြီးကို ကန်တော့လိုက်သည်။ ဆရာကြီးက ဆုများပေးသည်။ နောက်လာမည့် တန်ဆောင်မုန်းလကွယ်နေ့တွင် ဤနေရာ၌ ပြန်ဆုံကြ ရန်လည်း ဆရာကြီးက သတိပေးသည်။ ကျွန်တော်တို့ပြန်ကြတော့ ညဉ့်



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင် (၁၂) နာရီ ထိုးနေပြီ။

ကျွန်တော်တို့သုံးဦး လက်နှိပ်မီးကိုယ်စီနှင့် ပြန်လာကြရာ ရွာအနောက်တံခါးအနီးအရောက်တွင်..

''ရပ်.. ဘယ်သူလဲ''

''မိတ်ဆွေ''

''ပြော.. နာမည်''

''ဇော်ကြီး၊ မြတ်စိုးနဲ့ တင်ဦးပါ''

ကင်းမှူးကိုတိုးကြီး၏ အသံဝါဝါကြီးနှင့်..

''ဟေ့ကောင်လေးတွေ.. သန်းခေါင်သန်းလွဲ ဘယ်ကပြန်လာကြတာလဲ''

''လယ်တဲကပါ ကိုတိုးကြီး။ ဟိုမှာ ခြင်ကိုက်တာနဲ့ အိမ်ပြန်အိပ်မလို့ပါ''

''စောစောစီးစီး ပြန်ကြရောပေါ့ကွာ။ သန်းခေါင်သန်းလွဲမှ ပြန်ရတယ်လို့။ ခြင်ကိုက်လည်း လယ်တဲမှာ မီးဖိုပြီး အိပ်ကြပေါ့။ မြို့သားယောင်ယောင်၊ တောသားယောင်ယောင်ကောင်တွေ..။ နောင်.. (၁၂) နာရီကျော်ရင် တံခါးဖွင့်မပေးဘူး။ မှတ်ထားကြ''

''ဟုတ်ကဲ့ပါ ကိုတိုးကြီး''

ကျွန်တော်တို့အဖွဲ့ အနောက် ရွာတံခါးမှ ကုပ်ကုပ်ကလေးဝင်လာခဲ့ကြသည်။

ကျွန်တော့်စိတ်ထဲမှာတော့ ရွာတံခါးဖွင့်မပေးလျှင်လည်း ခုန်ပျံကျော်လွှားတက်ရန် ဝန်မလေးပါ။

အိမ်ပေါ်အသာတက်ပြီးမှ..

ကျွန်တော် အိမ်အောက်ပြန်ဆင်းခဲ့သည်။ ပေါ့ပါးလွန်းသည့်





ကိုယ့်ကိုယ်အား အလွန်သဘောကျမိသည်။ သန်းခေါင်သန်းလွဲမှ ပြန်လာတတ်သော ကျွန်တော်က အိမ်အောက်ထပ်တွင်ပင်အိပ်တတ်ရာ အခန်းတံခါးသော့ဖွင့်၍ အသာပင်ဝင်အိပ်ခဲ့ပါတော့သည်။ အိပ်၍လည်း ကောင်းလှသည်။ အိပ်မက်ထဲတွင် ဆရာမလေးမြနန္ဒာနှင့် ခမ်းနားကြီးကျယ်လှစွာ မင်္ဂလာဆောင်ရကြောင်း အိပ်မက်မက်သည်။

မနက် နိုးတော့ ကျွန်တော် လန်းဆန်းပြီး အတော်ရွှင်မြူးနေမိသည်။

မနက် နိုးတော့ မျက်နှာသစ်ပြီး စားနေကျထမင်းကြမ်းနှင့် ညကဟင်းကျန်အား မစားချင်သဖြင့် ရွာအရှေ့ဘက် ကားလမ်းဘေးရှိ ဒေါ်စန်းနု၏အကြော်ဆိုင်သို့ ထွက်ခဲ့သည်။ အကြော်ဆိုင်တွင် ချိန်းထားသည့်အလား မြတ်စိုးနှင့်တင်ဦးက အလျင်ရောက်နှင့်နေသည်။

ကျွန်တော်တို့သုံးဦး အကြော်စားရင်း ညကကိစ္စအား တိုးတိုးပြောရင်း စားမြုံ့ပြန်ကြသည်။ စုတ်ဆေးများ နေရာအနှံ့ထိုးထားသော်လည်း အနာမရင်း၊ မကိုက်၊ မနာသဖြင့် သူတို့အံ့ဩနေကြသည်။ ထိုစဉ်တွင် ကျောင်းသွားရန် ဆရာမမြနန္ဒာ စက်ဘီးကလေးဖြင့် ရောက်လာသည်။

ကျွန်တော်တို့အား မြင်သဖြင့်..

''ကိုမြတ်စိုးတို့အဖွဲ့ စောစောစီးစီးပါလား။ ဘယ်သွားကြမလို့လဲ။ ကားစောင့်နေတာလား''

မြတ်စိုး..

''အကြော်လာစားတာပါဗျာ။ ညက ထမင်းစားမကောင်းလို့။ ဘယ်မှ သွားစရာမရှိပါဘူး။

မြနန္ဒာ..



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း ဝ,အောင်စားကြပါ။ သူငယ်ချင်းတွေပဲ၊ ကျွန်မ ကျွေးပါ့မယ်။ တစ်ခါတစ်ရံစားတာပဲဟာ"

တင်ဦး. .

"မလုပ်ပါနဲ့ ဆရာမရယ်။ ကျွန်တော်တို့သုံးယောက်စားရင် လေးငါးရာဖိုး ကုန်သွားလိမ့်မယ်"

ကျွန်တော်. .

"ကြိုက်သလိုစားကြစမ်းပါကွာ။ ငါရှင်းပါ့မယ်"

တင်ဦး. .

"ဘာထူးမှာလဲ။ အတူတူပဲဥစ္စာ"

"ဝါး. . ဟား. . ဟား. ."

တင်ဦးနှင့်မြတ်စိုး ဝိုင်းရယ်ကြသည်။

တော်ပါသေးသည်။ ဒေါ်စန်းနုလည်းမရှိ၊ သူ့မောင်များလည်း မရှိ၊ အလုပ်သမားများသာ ရှိနေသည်။

မြနန္ဒာက မျက်စောင်းထိုး၍ စက်ဘီးကလေးဖြင့် ထွက်သွားသည်။

တင်ဦး. .

"ဟော့ကောင် ဖော်ကြီး. .။ မင်းတို့ဇာတ်လမ်းက ဘယ်လိုလဲ။ အေးစက်စက်ကြီး. .။ အသက်တွေပဲ အစိတ်ကျော်လာပြီ"

မြတ်စိုး. .

"အေးကွ. . ဟုတ်တယ်။ ငယ်ငယ်တုန်းက ဖော်ကြီးက သည်းသည်းလှုပ်ပဲ။ အခုတော့လည်း ရေခဲတုံးကြီး လုပ်နေတယ်"

ကျွန်တော်. .

"ငါ့ဘက်ကတော့ အဆင်သင့်ပါကွာ။ သူ့ဘက်က နေ့ရွှေ့လ





ရွှေ့ လုပ်နေတာပါ။ ကြာတော့လည်း ငါက လက်လျှော့ထားရတော့တာ ပေါ့"

တင်ဦး. .

"လက်မလျှော့နဲ့ မောင်။ အရွယ်တွေ ကြီးလာကြပြီ။ အခုအချိန် အိမ်ထောင်ပြုမှ ကောင်းမှာ။ တော်ကြာ သူက နီးစပ်ရာနဲ့ဖြစ်သွားရင် မင်းရင်ကျိုးရလိမ့်မယ်"

မြတ်စိုး. .

"ဟုတ်တယ်ကွ ဖော်ကြီးရ၊ အခုဆို မင်းလည်း လုပ်ငန်းကိုင်ငန်း အဆင်ပြေနေပြီ။ မြနန္ဒာလည်း အလယ်တန်းပြဆရာမကြီးတောင် ဖြစ်နေပြီပဲ။ ဒီအချိန် အချိန်ကောင်းပဲ"

ကျွန်တော်. .

"အေးကွာ. .။ ဒီတစ်ခါ နှစ်ယောက်ချင်းတွေ့မှ အပြတ်မေးရတော့မှာပဲ"

ထိုအချိန်မှစ၍ ကျွန်တော် မြနန္ဒာအပေါ် စိတ်ခုမိသည်။ သည်တစ်ခါ နှစ်ယောက်ချင်းတွေ့လျှင်တော့ အပြတ်မေးရန် မောင်းတင်ထားမိသည်။

တစ်ပတ်ခန့်အကြာတွင် ကျွန်တော် မြနန္ဒာကို သွားတွေ့သည်။ သွားတွေ့သည်ဆိုရာ၌လည်း ကျောင်းဆင်းချိန် ညနေပိုင်း ကွမ်းခြံကုန်းသို့သွား၍ စောင့်တွေ့ရခြင်းဖြစ်သည်။ သူက တခြားဆရာမများပါ၍ စကားသိပ်မပြော၊ နောက်တစ်ပတ်တွင် တွေ့မည်ဟု ချိန်းသည်။ ကျွန်တော် သူတို့အုပ်စုနောက်က စက်ဘီးစီး၍လိုက်ရင်း မကျေမနပ်ဖြစ်နေမိသည်။

နောက်တစ်ပတ် သူချိန်းသောနေ့သည် နယုန်လပြည့်နေ့ဖြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်လည်း သူချိန်းသောရက်ကို စောင့်စားရင်း အလုပ်ထဲ စိတ်နှစ်ထားလိုက်တော့သည်။ မြတ်စိုးနှင့်တင်ဦးအားတွေ့၍ ထိုအကြောင်း ပြောပြရာ သူတို့က ထိုနေ့တွင် တစ်ခါတည်း ခိုးသွားရန် အကြံပေးကြ သည်။

သူမ ချိန်းသောရက်အား စောင့်စားရင်း ကျွန်တော့်ကိုယ်တွင် ထူးခြားမှုများဖြစ်ပေါ်လာသည်။ ခန္ဓာကိုယ်ပေါ်တွင် ယားယံနေပြီး ပြေး ချင်လွှားချင် ခုန်ပေါက်ချင်သောစိတ်နှင့် သဘောမတွေ့စရာ ဖြစ်ပေါ် လာပါက ဖြေလို့မရဘဲ ဒေါသနှင့် ဖြေရှင်းချင်လာသည်။ လယ်စာရင်း ငှားခေါင်းဆောင်အားလည်း ဟင်းချက်မကောင်း၍ လက်သီးနှင့်တစ်ချက် ထိုးမိရာ မေးရိုးကျိုးသွားသဖြင့် လျော်ကြေးပေးရပြီး ကွမ်းခြံကုန်းဆေးရုံ သို့ပင် တင်ပို့ခဲ့ရသည်။ ကိုယ့်လူရင်းဖြစ်၍ အမှုအခင်းတော့ မဖြစ်ပါ။

တစ်ခါလည်း လယ်တောမှ ရွာအပြန် စိတ်ပေါက်လာသဖြင့် ရွာတံခါးက မဝင်ဘဲ ရွာစည်းရိုးအား ခုန်ကျော်ရာ ပြန်အကျတွင် အနီးရှိ အိမ်တစ်အိမ်မှ ခွေးတစ်ကောင်က လိုက်ဆွဲသောကြောင့် ခြေထောက်နှင့် ကန်လိုက်ရာ တစ်ချက်တည်း ခွေးသေဆုံးသွားသဖြင့် ပိုင်ရှင်မသိအောင် ပြေးခဲ့ရသေးသည်။

လပြည့်နေ့နီးလာသည်နှင့်အမျှ စိတ်များ ခက်ထန်ကြမ်းကြုတ် လာသည်ကို မိမိကိုယ်မိမိ သိလာသဖြင့် ဆင်ခြင်နေရသည်။

ဆေးကြွလာခြင်းဖြစ်သည်ဟု ယူဆမိသဖြင့် အပြင်သို့မထွက် ဘဲ အိမ်တွင်းပုန်း လုပ်နေမိသည်။

လပြည့်နေ့မတိုင်မီ တစ်ရက်တွင် မြတ်စိုးနှင့်တင်ဦးတို့ ရောက် လာကြသည်။





တင်ဦးက..

"ဟေ့ကောင် ဖော်ကြီး..။ အိမ်တွင်းပုန်းလှချည်လားကွ။ ငါ တို့ ရွာထဲလိုက်ရှာတာ နှံနေပြီ။ မင်းလယ်တောတောင် ရောက်သေးတယ်"

မြတ်စိုး..

"ဒီကောင် အိမ်တွင်းပုန်းပြီး ကြိတ်ကြံနေတာကွ။ လပြည့်နေ့ ကျရင် မြနန္ဒာကို ခိုးပြေးဖို့ဖြစ်မယ်"

ကျွန်တော်..

"မဟုတ်ရပါဘူးကွာ..။ ငါ့စိတ်တွေ တစ်မျိုးကြီးဖြစ်နေတယ်။ ခက်ထန်နေတယ်။ အဲဒါကြောင့် ပြဿနာမဖြစ်ရအောင် အိမ်တွင်းပုန်း လုပ်နေရတာပါ။ တင်ဦး..လာစမ်းကွာ။ ငါ့နောက်ကျောကုန်းကို ကြည့် ပေးစမ်းပါ။ ကျောကုန်းက ယားပြီး ရောင်နေသလားလို့"

တင်ဦး..

"မှန်းစမ်း..။ ငါကြည့်ပေးမယ်။ အကျႌချွတ်လိုက်"

ကျွန်တော်အကျႌချွတ်ပေးတော့ မြတ်စိုးနှင့်တင်ဦးတို့ ဝိုင်းကြည့် ကြသည်။

တင်ဦး..

"ဟာ..ကြည့်စမ်း။ မင်း ဟိုနှစ်က ဆရာအောင်နဲ့ထိုးထားတဲ့ အာဋ္ဌာဝကဘီလူးရုပ်ကြီး ပေါ်နေတယ်။ ပေါ်နေတာမှ ဖောင်းကြွနီရဲပြီး ပေါ်နေတာ။ အသားတွေတောင် ရောင်နေသလိုပဲ"

"အေး..အဲဒါကြောင့် ဖြစ်မယ်ထင်တယ်။ ကျောကုန်းက အရမ်းယားပြီး ငါ့စိတ်တွေ ခက်ထန်နေတာ။ အရင် ထိုးတုန်းက ရေးရေး လေးပဲ ပေါ်နေတာမဟုတ်လား"

မြတ်စိုး..



www.burmeseclassic.com

www.burmeseclassic.com



"အေး.. ဟုတ်တယ်။ အရင်က ရေးရေးလေးပဲ။ အခုမှ ကြွတက်လာတာ။ ကြောက်စရာကြီး..။ ငါထင်တာတော့ ကြောင်ဆေးနဲ့ မတည့်ဘူးထင်တယ်"

ကျွန်တော်..

"အဲဒါဆိုရင် သိဒ္ဓိဆရာကြီးနဲ့ ပြန်ပြကြည့်ရင် ကောင်းမယ်ထင်တယ်"

မြတ်စိုး..

"အေး.. ကောင်းတော့ကောင်းတယ်။ ဒါပေမဲ့ သိဒ္ဓိဆရာကြီးက ဘယ်မှာနေမှန်းမှ မသိတာ။ လက်ခိုက်သချိုင်းကုန်းကို တစ်နေ့က ငါတို့ရောက်သေးတယ်။ ရွာလယ်ပိုင်းက ဖိုးလှတို့ ဗိယဆေးထိုးချင်တယ်ဆိုလို့ သွားကြတာ။ ဆရာကြီး မရှိတော့ဘူး။ သူပြောသလိုဆိုရင်တော့ တန်ဆောင်မုန်းလကွယ်နေ့နီးမှ ပြန်လာမယ်ထင်တယ်"

BURMESE CLASSIC .com

တင်ဦး..

"ဒါနဲ့ ဖော်ကြီးရေ..။ မနက်ဖြန် မင်းနဲ့မြနန္ဒာ ချိန်းထားတာ ဘယ်လိုလဲ။ ငါတို့အကူအညီ လိုသေးသလား။ တစ်ခါတည်းနိုးပြေးတာ ကောင်းပါတယ်ကွာ"

မြတ်စိုး..

"ဝါဝင်တော့မယ်ကွ ဖော်ကြီးရ။ လုပ်စရာရှိတာ မြန်မြန်လုပ်၊ နိုးစရာရှိတာ မြန်မြန်နိုး"

"အေးကွာ..။ အဲဒါဆိုရင် ကွမ်းခြံကုန်းမြို့မပိုင်းက ငါ့သူငယ်ချင်း ထွန်းလှအောင်ဆီမှာ ဂျစ်ကားရှိတယ်။ သူ့ကားကို အကူအညီတောင်းပြီး နိုးပြေးရတော့မှာပဲ။ ဘယ်ကိုသွားရင် ကောင်းမလဲကွ"

မြတ်စိုး..





"ရှည်ရှည်ဝေးဝေးမစဉ်းစားနဲ့ ဖော်ကြီးရေ။ ညနေပိုင်း ကျောင်းဆင်းမှ နိုးရမှာဆိုတော့ လက်ခုပ်ကုန်းက တည်းခိုခန်းကို ပြေးပေတော့။ အဲဒီတည်းခိုခန်းပိုင်ရှင်က ငါ့သူငယ်ချင်း"

"အေးကွာ.. အဆင်ပြေတာပေါ့။ မင်းတို့လည်း မနက်ဖြန်ကျရင် ဝိုင်းကူညီကြပါဦး"

တင်ဦး..

"အေးပါ..။ စိတ်ချပါ..။ အပေါင်းအသင်းချင်းပဲ။ ကူညီရမှာပေါ့။ ငါတို့ကို ကွမ်းခြံကုန်းက အန်းကိုးဆိုင်မှာ တစ်ဝိုင်းတော့လုပ်ပေးရမယ်နော်"

"စိတ်ချပါကွာ..။ ငါတာဝန်ယူပါတယ်"

နောက်တစ်နေ့ နယုန်လကွယ်နေ့တွင် မနက်ပိုင်း ကျွန်တော်တို့ ဒေါ်စန်းနုအကြော်ဆိုင်တွင် ဆုံကြသည်။ အကြော်စားရင်း မြနန္ဒာအား စောင့်ကြသည်။ ယနေ့တော့ အကြော်ဆိုင်တွင် ဒေါ်စန်းနုကိုယ်တိုင်ထိုင်၍ စိစဉ်ညွှန်ကြားနေသည်။

မနက်စောစောဖြစ်သော်လည်း အကြော်လာစားသူ၊ အကြော်ဝယ်သူများနှင့် စည်ကားနေသည်။ မနက် (၈) နာရီခန့်တွင် မြနန္ဒာရောက်လာသည်။ ပန်းကန်မှာစက်ဘီးကလေး၏ ရှေ့ခြင်းထဲတွင် ထမင်းချိုင့်နှင့် ရေဘူး၊ စာအုပ်များ ထည့်ထားသည်။ ကျောင်းတွင် စားရန်အတွက် အကြော်ဝင်ယူခြင်းဖြစ်သည်။

ကျွန်တော့်အားတွေ့တော့ မသိမသာ ခေါင်းညိတ်ပြသည်။ ကျွန်တော်ကလည်း ခေါင်းညိတ်ပြလိုက်သည်။ ယနေ့ ချိန်းဆိုထားသည်ကို သိကြောင်းဖြစ်သည်။

မြနန္ဒာ သူ့အမေအား နှုတ်ဆက်ပြီး စက်ဘီးကလေးဖြင့် ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ကျွန်တော်တို့ကတော့ ကူရှေ့မပျက် အကြော်ဆက်စားနေကြသည်။ ဒေါ်စန်းနုကတော့ ကျွန်တော်တို့အဖွဲ့အား ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

အကြော်စားပြီးတော့ ကျွန်တော်တို့ အချိန်းအချက်လုပ်ကြသည်။ နေ့လယ်စာထမင်းစားပြီး စက်ဘီးကိုယ်စီဖြင့် ကွမ်းခြံကုန်းသို့ သွားကြရန် ဖြစ်သည်။ ထို့ကြောင့် အိမ်ပြန်၍ ပြင်ဆင်ရတော့သည်။

အဝတ်အစား၊ အသုံးအဆောင်နှင့် ငွေများအား အိတ်တစ်လုံးထဲတွင် ထည့်သည်။ ရေမိုးချိုး၊ အဝတ်အစားလဲပြီး နေ့လယ်စာ ထမင်းစားသည်။

ပြီးနောက် ကုန်ဝယ်ရန် ညအိပ်ခရီးထွက်ရမည်ဟု အဖေ၊ အမေအား ခွင့်ပန်၊ ကန်တော့ပြီး စက်ဘီးဆွဲ၍ ထွက်ခဲ့တော့သည်။

ရွာထိပ် လက်ခိုက်ဘုရား တန်ဆောင်းရှေ့တွင် ချိန်းဆိုထားသည့်အတိုင်း ဝီရိယကောင်းလှသော သကောင့်သားနှစ်ဦးက စက်ဘီးကိုယ်စီနှင့် အသင့်စောင့်မျှော်နေကြသည်။

"ဟော့ကောင်တွေ. . ဝီရိယကောင်းလှချည်လား။ မိန်းမခိုးရမှာက ငါလေကွာ"

"အေး. . ဖော်ကြီးရေ။ မင်းတော့ ဘယ်လိုနေမယ်မသိဘူး။ ငါတို့တော့ အိမ်မှာ ဆန္ဒတွေစောပြီး နေလို့ထိုင်လို့မရတာနဲ့ စောစောထွက်လာကြတာ"

"ကဲ. . သွားကြစို့"

ကျွန်တော်တို့ စက်ဘီးကိုယ်စီနင်း၍ ကွမ်းခြံကုန်းမြို့သို့ ထွက်ခဲ့ကြသည်။ မြို့မပိုင်း ကျောက်တိုင်အနီးမှ ကိုထွန်းလှအောင်၏ အန်းကိုးစားသောက်ဆိုင်သို့ ဝင်ကြသည်။ ကိုထွန်းလှအောင်ကိုတော့ မတွေ့ရ။





ဂျစ်ကားလည်း မရှိ။ သူ့ဇနီး ဒေါ်မွေးက ကျွန်တော်တို့အား နှုတ်ဆက်ကြိုဆိုသည်။

"ကိုဖော်ကြီးတို့အဖွဲ့ပါလား။ စုံလှချည်လား။ ရှင်တို့ဘော်ဒါကြီးတော့ ကမ်းနားက ဆန်စက်သွားပြီး ဝက်စာသွားတိုက်နေတယ်။ လာတော့မှာပါ။ မကြာပါဘူး။ စောင့်ရင်း သောက်ကြပေါ့။ အမြည်းစုံပါတယ်"

ကျွန်တော်. .

"ကျွန်တော်တော့ မသောက်တော့ဘူး ဒေါ်မွေးရေ။ ဒီကောင်နှစ်ကောင်အတွက်ပဲ စီစဉ်ပေးပေတော့ဗျို့"

ဒေါ်မွေးက အမြည်းစုံချပေးပြီး အရက်ချပေး၍ မြတ်စိုးနှင့် တင်ဦး သောက်ကြသည်။

နာရီဝက်ခန့်အကြာတွင် ကိုထွန်းလှအောင် ဂျစ်ကားလေးဖြင့် ပြန်ရောက်လာသည်။ ဝက်စာအိတ်များချပြီးသည်နှင့်. .

"ကိုဖော်ကြီးတို့ ဘယ်တုန်းက ရောက်တာလဲ။ ဘယ်သွားကြမလို့လဲ"

"လက်ခုပ်ကုန်းဘက် သွားမလို့ဗျာ။ ခင်ဗျားကား လာငှားတာပါ"

"ရတယ်လေ။ ဝက်စာတိုက်ပြီး ကားက အားပါပြီ။ ကျွန်တော် လိုက်ပို့ရမှာလား"

"ခင်ဗျား နားပါ။ ကားပဲ ငှားပါ။ မြတ်စိုးမောင်းလိမ့်မယ်"

"ဘယ်လောက် ကြာမှာလဲ။ မနက်ဖြန်ညနေတော့ ဒလဘက် သွားစရာရှိတယ်"

"ရပါတယ်ဗျာ. .။ မနက်ဖြန်နေ့လယ် ထမင်းစားချိန်လောက် ပြန်ရောက်မှာပါ။ နေ့လယ်စာကိုလည်း ဒေါ်မွေးလက်ရာနဲ့ ဝက်ခေါက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



စားချင်တယ်''

''ရပါ့ဗျာ..။ မနက်ဖြန်နေ့လယ် အသင့်စီစဉ်ထားမယ်။ သုံးယောက်စာနော်။ ဝက်ခေါက်ဆွဲ..''

''မဟုတ်ဘူးဗျ..။ လေးယောက်စာ..။ သုံးပွဲက ဝက်ခေါက်ဆွဲ။ တစ်ပွဲက ကြက်ခေါက်ဆွဲ''

''ဩော်..ညှိသည်ပါလာမှာကိုး။ မိန်းကလေးထင်ပါရဲ့။ ကျွန်တော်တို့ အသင့်လုပ်ထားပါမယ်''

''ကျေးဇူးပဲ ကိုထွန်းလှအောင်ရေ''

စားသောက်ပြီးတော့ ညနေ (၂) နာရီခန့်သာရှိသေး၍ ကျွန်တော်တို့ ကွမ်းခြံကုန်းမြို့ထဲသို့ စက်ဘီးကိုယ်စီဖြင့် ပတ်ကြသည်။ အ.ထ.က (၁) ကျောင်းကြီးဘက်သို့လည်း မယောင်မလည်ကြည့်ကြသည်။

ကျောင်းရှေ့ လက်ဖက်ရည်ဆိုင်တွင် ဝင်၍ ကျွန်တော်လက်ဖက်ရည်သောက်တော့ နောနစ်ကောင် အရက်သောက်ထားသဖြင့် အချိုရည်သာ သောက်ကြသည်။

ကျောင်းမှာ ညနေ (၃း၃၀) နာရီမှ ဆင်းမည်ဖြစ်၍ ကျွန်တော်တို့ အတော်စောင့်ရသည်။ ညနေ (၃) နာရီထိုးတွင် စက်ဘီးများပြန်ထားပြီး ဂျစ်ကားယူ၍ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တွင် ပြန်စောင့်ရသည်။

ညနေ (၃) နာရီခွဲတော့ ကျောင်းဆင်းပါပြီ။ သို့သော် ဆရာမမြနန္ဒာ ထွက်မလာသေး။ လူရှင်းပြီး သူ့အဖော်များထွက်သွားတော့မှ မြနန္ဒာ စက်ဘီးတွန်း၍ထွက်လာသည်။ ကျွန်တော်က သွားရောက်ကြိုရသည်။

''ကိုဇော်တို့ရောက်နေတာ ကြာပြီလား''

''ကြာပြီ..။ နေ့လယ်ကတည်းက ရောက်နေကြတာ''





''ညနေမှ ချိန်းထားတာ။ ဘာလို့ အစောကြီးလာတာလဲ''

''မတွေ့ရတာကြာတော့ စိတ်စောနေလို့ပါကွာ။ လာ..ကားပေါ်တက်။ စက်ဘီးကို ကိုတင်ဦးကိုပေးလိုက်''

''ကိုဇော်..ဘယ်ကိုသွားမှာလဲ။ မိုးချုပ်လို့ မဖြစ်ဘူးနော်။ အမေဆူလိမ့်မယ်''

''လက်ခုပ်ကုန်းတင်ပါကွာ။ မိုးမချုပ်ပါဘူး''

''လက်ခုပ်ကုန်းက အဝေးကြီးမဟုတ်လား။ နန္ဒာ တစ်ခေါက်မှ မရောက်ဖူးသေးဘူး''

''ကားနဲ့သွားတာပဲကွာ..။ မဝေးပါဘူး။ မြတ်စိုးနဲ့တင်ဦးလည်း ပါပါတယ်။ ကဲ..တင်ဦးရေ။ မြနန္ဒာစက်ဘီးကို အန်းကိုးဆိုင်ကို သွားပို့လိုက်။ ငါတို့စက်ဘီးတွေနဲ့အတူ သော့ခတ်ထားလိုက်ပါလို့ ပြော။ သူတို့ဆိုင်က လူအဝင်အထွက်များတယ်။ ငါတို့ ကျောက်တိုင်နားက စောင့်မယ်''

ကျွန်တော်တို့ကားလေး တင်ဦးပြန်လာတော့ လက်ခုပ်ကုန်းဘက်သို့ ထွက်ခဲ့သည်။ ကျွန်တော်နှင့်မြနန္ဒာက နောက်ခုံတွင် နှစ်ဦးယှဉ်၍ထိုင်ကြသည်။ မြတ်စိုးက ကားမောင်းပြီး တင်ဦးက ဘေးကထိုင်လိုက်သည်။ ကွမ်းခြံကုန်းချောင်းကူးတံတားကိုကျော်တော့ ကျွန်တော်က မြနန္ဒာလက်ကလေးကို ကိုင်လိုက်သည်။

''သတိရလိုက်တာ မြနန္ဒာရယ်။ မင်းရော ကိုယ့်ကို သတိရရဲ့လားဟင်''

''ရပါတယ် ကိုဇော်ရယ်။ မြလည်း အချိန်ဆွဲနေတာ မဟုတ်ပါဘူး။ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး စောင့်နေရတာပါ''

ကျွန်တော် စိတ်မထိန်းနိုင်၍ သူ့ခါးကလေးကိုဖက်မိတော့..

''ဆင်ခြင်ပါ ကိုဇော်ရယ်။ ဒီမှာ လူတွေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



တင်ဦး..

"ကျွန်တော်တို့ကိုတော့ ဂရုမစိုက်နဲ့ဗျို့။ လွတ်လွတ်လပ်လပ်သာ နေကြပါ။ ကျွန်တော်တို့ မျက်စိပိတ်၊ နားပိတ်ထားပါ့မယ်"

တင်ဦးက နားပိတ်ဟန်ပြုစဉ် မြတ်စိုးက..

"ဟေ့ကောင် တင်ဦး..။ ငါက ကားမောင်းနေရတာ။ ဘယ်လို လုပ် မျက်စိပိတ်၊ နားပိတ်ထားလို့ ရမလဲ။ မင်းပဲ အကုန်ပိတ်ထား"

"ဝါး..ဟား..ဟား..ခစ်..ခစ်..ခစ်.."

အားလုံး သဘောကျ၍ ရယ်မောမိကြသည်။ စိုးရိမ်စိတ်များ လည်း လွင့်ပျောက်ကုန်သည်။ လက်ခုပ်ကုန်းကားလမ်းမှာ ကြမ်းသော် လည်း ဂျစ်ကားနှင့်ဖြစ်၍ အဆင်ပြေသည်။ တစ်နာရီခန့်နှင့် လက်ခုပ် ကုန်းကမ်းခြေ တည်းခိုဆောင်များရှေ့သို့ ရောက်သည်။ သာယာလှပသော ကမ်းခြေဖြစ်သော်လည်း ပင်လယ်ရေမှာ နောက်ကျိနေသည်။ အုန်းပင် များနှင့် ဘန်ဂလိုအိမ်ကလေးများကတော့ အလွန်လှပသာယာသည်။ ကျွန်တော်တို့ ညှော်ခန်းတွင်ထိုင်ကြပြီး နှစ်ယောက်ခန်းနှစ်ခန်း ယူလိုက် ကြသည်။

မြနန္ဒာက..

"ကိုဇော်..ဘာလုပ်တာလဲ။ ခဏဆို.."

"ခဏပါပဲ..။ လွတ်လွတ်လပ်လပ် စကားပြောလို့ရအောင် အခန်းယူတာပါ။ မြတ်စိုးနဲ့တင်ဦး..စားချင်တာ မှာစားကြကွာ။ လာ.. မြနန္ဒာ။ အနားယူရအောင်"

"မိုးချုပ်နေမယ် ကိုဇော်ရယ်။ အခုတောင် ညနေ (၅) နာရီထိုး တော့မယ်"

"ခဏလေးပါကွာ..။ ကားနဲ့ပဲ..။ မြန်ပါတယ်"





ကျွန်တော်လက်ဆွဲခေါ်တော့ မြနန္ဒာလိုက်လာသည်။ ဤကဲ့သို့ အခွင့်အရေးမျိုး ယခင်က တစ်ခါမျှမရခဲ့ဖူးပါ။ ဘန်ဂလိုလေးမှာ ကမ်းခြေ ဘက် မျက်နှာလှည့်ထားပြီး အလွန်သပ်ရပ်သန့်ရှင်းသော တစ်ထပ်ပျဉ် အိမ်ကလေးများသာ ဖြစ်ကြသည်။ ကျွန်တော်တို့ အခန်းထဲဝင်ကြပြီး တံခါးပိတ်လိုက်တော့..

"ကိုဇော်..တံခါးမပိတ်နဲ့လေ။ တော်ကြာ လူတွေက တစ်မျိုး ထင်ကြဦးမယ်"

"ထင်ထင်ကွာ..။ ဂရုမစိုက်တော့ဘူး။ အခု ငါက မင်းကို ခိုးလာတာ။ သိရဲ့လား မြနန္ဒာရဲ့"

"အို..ဒါဖြင့် ပြန်မယ်..ပြန်မယ်..။ လူဆိုး.."

ကျွန်တော် မြနန္ဒာကို အားပါးတရသိုင်းဖက်လိုက်ပါသည်။ သူမ က ကျွန်တော့်ကျောကို တဘုန်းဘုန်းထုတော့သည်။ သူမက ထုတော့ ကျွန်တော် ထောင်းခနဲဒေါသထွက်သွားပြီး လူစိတ်ပျောက်သွားတော့သည်။ ဘာလုပ်၍ဘာကိုင်မိမှန်းပင် မသိ။ အချိန်အတော်ကြာ ကျွန်တော် ပုံမှန် သတိဝင်တော့ မြနန္ဒာ အိပ်ရာပေါ်တွင် သတိလစ်မေ့မြောနေသည်။ နှာခေါင်းနှင့် ပါးစပ်မှ သွေးများစိမ့်ထွက်နေသည်။ လည်တိုင်ဖြူဖြူလေး တွင်လည်း အညိုအမည်းရာများ စွဲနေသည်။ ကျွန်တော့်လက်ကို ပြန်ကြည့် မိတော့လည်း သွေးစသွေးနများ ပေကျံနေသည်။ ကျွန်တော် ကြောက်လန့် တကြားခုန်၍ အော်လိုက်မိတော့သည်။

"ဂုန်း.."

"ဒုန်း.."

"အား..အား..အား.."

ကျွန်တော့်အော်သံနှင့် ဆူညံသံများကြောင့် မြတ်စိုးတို့နှင့်အား



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းမန်နေဂျာတို့ ပြေးလာကြသည်။

"ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ. ."

"မသိဘူး. . မသိဘူး. . ဘာဖြစ်တာမှန်း မသိဘူး"

သူတို့ စစ်ဆေးကြသည်။ မြနန္ဒာ အသက်မရှိတော့။ ကျွန်တော် ထခုန်လိုက်၍ ဆယ်ပေခန့်မြင့်သောမျက်နှာကြက် ပေါက်ပြဲသွားသည်။ သို့သော် ကျွန်တော့်ခေါင်းတွင် ဘာမျှမဖြစ်။ မကွဲမပြဲသည့်အပြင် အဖု အရာပင် မထင်။ မကြာမီ တည်းခိုခန်းမန်နေဂျာက ဆက်သွယ်ခေါ်ယူ ထားသော ရဲများ ရောက်လာတော့သည်။ ကျွန်တော် မြနန္ဒာအလောင်း အား ဖက်၍ ငိုနေမိသည်။

ရဲများအစီအစဉ်ဖြင့် ကျွန်တော့်အားဖမ်းပြီး မြနန္ဒာအလောင်း နှင့်အတူ ကျွန်တော်တို့စီးလာသော ဂျစ်ကားဖြင့်ပင် ကွမ်းခြံကုန်းသို့ ပြန်လာကြပြီး ကျွန်တော့်အား ကွမ်းခြံကုန်းအချုပ်တွင်ထား၍ မြနန္ဒာ အလောင်းအား ကော့မှူးမြို့ဆေးရုံမှတစ်ဆင့် ရန်ကုန်မြို့ ဆေးရုံကြီးသို့ တင်ပို့စစ်ဆေးသည်။ နောက်တစ်ရက်တွင် မုဒိမ်းမှု လူသတ်မှုဖြစ်ကြောင်း ဆေးစာထွက်လာပြီး ကျွန်တော့်အား ရန်ကုန်အင်းစိန်ထောင်သို့ ပို့တော့ သည်။

❋ ❋ ❋

"ကျွန်တော့်အမှုဖြစ်စဉ်ကတော့ ဒါပါပဲ ဆရာရယ်။ ကျွန်တော် အချစ်ဆုံး ချစ်သူကို ကျွန်တော်ဘယ်သတ်ရက်ပါ့မလဲ။ ဆေးထပြီး ဆေး ကြွလို့ မသိစိတ်နဲ့ သတ်မိတာပါ။ ကျွန်တော်လည်း မကြာခင် သူ့နောက် ကို လိုက်ရတော့မှာပါ ဆရာ။ တမလွန်ဘဝမှာ သူ့ကိုတွေ့အောင်ရှာမယ်။ တွေ့ရင်တော့ သူကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ် ဆရာ။ ဒီဘဝမှာ ဒီခန္ဓာကိုယ်ကြီးကြောင့် ပြစ်မှုကျူးလွန်မိပေမယ့် နောင်ဘဝမှာ ဒီခန္ဓာကိုယ် ကြီး မရှိတော့တာကြောင့် သူ ကျွန်တော့်ကို ခွင့်လွှတ်နိုင်ကောင်းပါရဲ့ဗျာ။ နော်. . ဆရာ"

"အင်း. . မင်းရဲ့စိတ်ရင်းနဲ့မဟုတ်လို့ မြနန္ဒာခွင့်လွှတ်နိုင်ကောင်း ပါရဲ့ကွာ။ မင်းရဲ့ဇာတ်ကြောင်းကိုလည်း လူငယ်တွေ နမူနာယူပြီး ဆင်ခြင် နိုင်ကြရအောင် ငါအသိပေးလိုက်ပါ့မယ် ဖော်ကြီးရာ"

ကျွန်တော်တို့ စကားပြတ်တော့ နာရီကိုကြည့်လိုက်မိရာ ညဉ့် သန်းခေါင်ကျော် (၂) နာရီပင် ထိုးနေပြီ။ ဖော်ကြီး လူ့ပြည်တွင်နေရန် နှစ်နာရီခွဲတိတိသာ ကျန်တော့သည်။ မနက် (၄း၃၀) နာရီတိတိတွင် သူ့ အား ကြိုးပေးကွပ်မျက်တော့မည်ဖြစ်သည်။ ကျွန်တော် ဖော်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ရင်း အားပေးစကား ဆိုရတော့သည်။

"ကဲ. . ဖော်ကြီးရေ။ ငါ ဒီနေ့ တာဝန်မှူးကြီးကွ။ အတွင်း။ အပြင် ကင်းစစ်ရဦးမယ်။ ရော့. . ဒီဆေးလိပ်ကျန်တာကို ယူထား။ ဘုရား။ တရား မမေ့နဲ့။ မိဘ၊ ဆရာ၊ အပေါင်းအသင်းများနဲ့ မြနန္ဒာကို မေတ္တာပို့။ ယောက်ျားပဲကွာ. . ။ သေတစ်နေ့ မွေးတစ်နေ့ပါ။ အလျင်သေမှာနဲ့ နောက်သေမှာပဲ ကွာခြားပါတယ်"

"ဟုတ်ကဲ့ ဆရာ. . ။ ကျွန်တော်သဘောပေါက်ပါပြီ။ ဆရာ့ကို လေးစားလို့ ကန်တော့ပါတယ်။ ကျွန်တော့်အိမ်က လာရင်လည်း ခုနစ်ရက်လည်ရင် အမှုမဝေပါနဲ့ဦးလို့ ပြောပေးပါ ဆရာ။ ကျွန်တော် တမလွန်ဘဝမှာ မြနန္ဒာကို လိုက်ရှာရဦးမယ်ဆရာ။ အမှုရလို့ ကျွန်တော်ကျွတ်လွတ်သွားရင် မြနန္ဒာကို မတွေ့လိုက်ရမှာစိုးလို့ပါ ဆရာ။ ကျွန်တော့်အပေါ်မှာ နားလည်ခွင့်လွှတ်ပါ ဆရာရယ်. . နော်"

"အေး. . အေးပါကွာ"

ကျွန်ုပ် ဖော်ကြီးအား မည်ကဲ့သို့ဆုတောင်းပေးရမှန်း မသိပါ။ ဝေသီရစ်ဝဲလာသော မျက်ရည်အား မျက်တောင်ခတ်၍ ပုတ်ထုတ်လိုက်ပြီး မိန်းဂျေးသို့ ထွက်ခဲ့ပါသည်။ တိုက်ထောင်မှူးဦးသန်းရွှေတို့အဖွဲ့အားလည်း နှုတ်မဆက်ခဲ့မိပါ။ မိန်းဂျေးရောက်မှ တပည့်ကျော် ဒုတပ်ကြပ်စန်းဦး အနောက်မှကပ်၍ လိုက်ပါလာကြောင်း သိတော့သည်။

"ဆရာ. . ဘယ်လိုဖြစ်တာလဲ"

"အေးကွာ. . ။ ဖော်ကြီးအမှုအကြောင်း ကြားရတာ ငါတောင် စိတ်မကောင်းဖြစ်မိတယ်။ အဲဒါကြောင့် အမြန်ထပြန်လာတာပဲ။ ကဲ. . အဆောင်တွေစစ်ပြီးရင် အပြင်တစ်ပတ် ပတ်ရဦးမယ်။ လေးနာရီခွဲမှာ သူ့ကိစ္စကြီးက ရှိသေးတော့ မတိုင်ခင် မိန်းဂျေးပြန်ရောက်မှ ကောင်း





မယ် စန်းဦးရေ"

"စက်ဘီးကိုယ်စီနဲ့ပဲ ဆရာရယ်။ မြန်ပါတယ်"

ကျွန်တော်တို့ဆရာတပည့် အိပ်ဆောင်များစစ်ဆေးပြီးနောက် ဘူးတံခါးကြီးမှ ထောင်ပြင်ထွက်၍ မျှော်စင်ကင်းများနှင့် တွဲဖက်ထောင်အား စစ်ဆေးရသည်။ ထောင်ကြီးကို တစ်ပတ်ပတ်ပြီး ထောင်မကြီးဘူးဝသို့ ပြန်ရောက်တော့ မနက် (၄) နာရီ ထိုးလုပြီ။ ထောင်ဘုန်းတော်ကြီး၊ တရားသူကြီးနှင့် ရဲများ၊ ထောင်အရာရှိများ တဖွဲဖွဲရောက်လာကြသည်။ ညွှဲသည်များအား ထောင်တွင်းရှိ ရိက္ခာဌာနရုံးခန်းတွင် မုန့်ဟင်းခါးကျွေး၍ ကော်ဖီတိုက်သည်။ ပြီးနောက် ထောင်ပိုင်ကြီးဦးဆောင်၍ မိန်းဂျေးမှတစ်ဆင့် တိုက်ထဲဝင်ကြပြီးနောက် ထောင်လုပ်ထုံးလုပ်နည်းများအရ စစ်ဆေး၍ ဘုန်းတော်ကြီးက သရဏဂုံတင်ပေးသည်။ ဖော်ကြီးမှာ အစောပိုင်းကလို မကြွမ်းတော့ဘဲ အေးဆေးတည်ငြိမ်စွာပင် တရားနာသည်။ သာဓုခေါ်သည်။

ကိစ္စများပြီး၍ ကြိုးတိုက်ခန်းတံခါးဖွင့်ပြီး ဝန်ထမ်းများဝင်ရောက်သည်။ ကြိုးသမားအကျႌကို ဝတ်ပေးပြီး လက်နောက်ပြန် ကြိုးတုပ်သည်။ ပြီးနောက် ဦးထုပ်အချွန်ကြီး ဆောင်းပေးပြီး ကြိုးစင်ရှိရာသို့ ခေါ်ဆောင်လာကြရာ ကြိုးစင်အနီး နှင်းဆီပန်းခင်းအနီး ရောက်သည်နှင့် ကြိုးသမားက ခေတ္တရပ်ပြီး ကျွန်ုပ်အားခေါ်သည်ဆို၍ ကျွန်ုပ်အပြေးသွားရာ. .

"ဖော်ကြီး. . ဘာပြောချင်လို့လဲ။ ပြော. . "

"ဆရာဦးသိန်းဝင်းမဟုတ်လား။ ကျွန်တော် မှာစရာလေး ကျန်နေခဲ့လို့ပါဗျာ။ နှင်းဆီပန်းနံ့ ရတော့မှပဲ သတိရတော့တယ် ဆရာရယ်။ မြနန္ဒာက နှင်းဆီပန်းသိပ်ကြိုက်တာ ဆရာ။ သူက စနေသမီးပါ။ ကျွန်တော်က တနင်္လာသားပါ။ ဆရာကြုံခဲ့ရင်တော့ ရွှေတိဂုံဘုရားမှာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့မွေးနံ့ထောင့်တွေမှာ တမလွန်မှာ ကျွန်တော်တို့နှစ်ဦး အမြဲန်ပြန်ဆုံတွေ့ကြဖို့ ဆုတောင်းပေးပါဆရာရယ်. . နော်''

''အေး. . အေး. . ဖော်ကြီး။ စိတ်ချပါ. . ။ ဒီမနက် တာဝန်မှူးထွက်တာနဲ့ ငါ ရွှေတိဂုံဘုရားကို သီးသန့်သွားပြီး ဒီကြိုးစင်နားက နှင်းဆီပန်းတွေနဲ့ ဆုတောင်းပေးပါ့မယ်ကွာ''

''ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော်နှုတ်ဆက်ခဲ့ပါတယ်''

ကြိုးစင်၏ မင်္ဂလာမရှိသော ဆယ့်သုံးထစ်သောလှေကားကို ဝန်ထမ်းများက ဖော်ကြီးအား တွဲ၍တင်သည်။

စက်တိုင်အောက် ခြေနင်းခုံပေါ်တွင် ဖော်ကြီး၏ခြေအစုံအား ရပ်စေပြီး လည်ပင်းအား ကြိုးကွင်းစွပ်၍ (၄း၃၀) နာရီတိတိတွင် တာဝန်ကျသော ထောင်မှူးကြီးတစ်ယောက်က ထောင်ပိုင်ကြီးအမိန့်အတိုင်း ဒေါက်အား ဖြုတ်ချလိုက်တော့သည်။

''ဖြုတ်. .''

''ဂုန်း. .''

''ဒိုင်း. .''

''အီး. . အား. .''

''ဘွမ်း. .''

''ဟား. .''

''အူး. . ဝူး. . ဝူး. .

''အား. . အား. .''

''ဂစ်. .''

ထောင်ပိုင်ကြီးအမိန့်ပေးသံအဆုံးတွင် ဒေါက်ဖြုတ်သံနှင့် ဘာဂျာတံခါးဘောင်အား ရိုက်သံ၊ ဖော်ကြီး ကြိုးစင်ခေါင်းထဲသို့ ပြုတ်ကျပြီး





အော်သံနှင့် အနီးရှိ (၁) မျှော်စင်ပေါ်မှ သောက်ရေအိုးကြီး လန့်ကွဲ၍ မျှော်စင်ဝန်ထမ်းများ လန့်အော်သံများအပြင် ထောင်ပြင်ဘက်မှ ခွေးများအူသံ၊ ကြိုးကန်းများပြုသံနှင့် ငှက်ဆိုးထိုးသံတို့မှာ နောက်ဆက်တွဲ ပွဲတင်ထပ်သွားတော့သည်။

ကျွန်ုပ် အတော်စိတ်မကောင်းဖြစ်မိပါသည်။ အစောကလေးကပင် ကျွန်ုပ်အား နှင်းဆီပန်း ဘုရားအားကပ်လှူပေးရန် ပြောသွားသော ဖော်ကြီးတစ်ယောက် လူ့ပြည်တွင် မရှိရှာတော့ပါ။ လူ့ဘဝ၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ မတည်မြဲခြင်းကိုလည်း ဆင်ခြင်၊ တရားရမိသည်။

ကျွန်ုပ်၏ ထောင်လုပ်သက် အနှစ်နှစ်ဆယ်အတွင်း ဘိန်းဖြူကြောင့် လူသတ်မှုဖြစ်ခြင်း၊ အရက်ကြောင့်၍ လူသတ်မှုဖြစ်သူများကို ကြုံခဲ့ဖူးပါသည်။ ယခုကဲ့သို့ စုတ်ဆေးကြွ၍ လူသတ်မှုဖြစ်ခြင်းကိုတော့ ယခုတစ်ကြိမ်သာ ကြုံခဲ့ဖူးပါသည်။

မနက် (၆) နာရီကျော်ကျော်တွင် အစီရင်ခံစာများရေးပြီး (၆) နာရီခွဲတွင် ထောင်ဖွင့်သည်နှင့် အမျိုးသမီးဆောင်မှ ဒုတပ်ကြပ် မညိုအား နှင်းဆီပန်းရောင်စုံ အပွင့်ငါးဆယ်မှာပြီး တာဝန်ပြီးဆုံးသဖြင့် အိမ်သို့ ပြန်ခဲ့ပါသည်။ အိမ်တွင် မနက်စာစား၍ ရေမိုးချိုးပြီး ဖော်ကြီးအားပေးထားခဲ့သည့် ကတိအတိုင်း ရွှေတိဂုံဘုရားသွား၍ ၎င်းတို့၏မွေးနံ့ထောင့်များတွင် နှင်းဆီပန်းလှူပေးရဦးမည် ဖြစ်ပါတော့သတည်း။ ။

❖

*ထောင်မှူးကြီးသိန်းဝင်း*

www.burmeseclassic.com

www.burmeseclassic.com



## ဟားမဲ့ဆရာတော်၏ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများ

<၁>

မြန်မာ့ဂမ္ဘီရ ဝိဇ္ဇာဓရ လောကီပညာနယ်ပယ်တွင် နေတစ်ဆူ လတစ်ဆူကဲ့သို့ ထင်ရှားကျော်ကြားခဲ့သော ဟားမဲ့ဆရာတော်အကြောင်းကို အကျွန်ုပ် ငယ်စဉ်တောင်ကျေး ကလေးဘဝက မိဘဘိုးဘွားများက ဒဏ္ဍာရီပုံပြင်သဖွယ် ပြောပြခဲ့၍ သိခဲ့၊ ကြားခဲ့၊ မှတ်သားခဲ့ရဖူး၏။

အကျွန်ုပ် လူလားမြောက်လာပြီး မိမိ၏ဝါသနာအလျောက် မြန်မာ့ဂမ္ဘီရသိပ္ပ ဝိဇ္ဇာဓရ လောကီပညာရပ်များကို စူးစမ်းရှာဖွေ လေ့လာကြည့်သောအခါ ဟားမဲ့ဆရာတော်ကြီး၏ ထက်မြက်သည့်ပညာစွမ်းရည်တို့ကို သိရှိခဲ့ရ၏။

ယင်းသို့ သိရှိခဲ့ရသော အကြောင်းခြင်းရာအချို့ကို စုစည်းပေါင်းစပ်၍ ရေးသားတင်ပြပါအံ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

〈၂〉

## ရှင်နန္ဒသာရ

ဘားမဲ့ဆရာတော်သည် ရရှိုင်ပြည်နယ်စပ် ဘားမဲ့တောင်ခြေရ
တွင် သက္ကရာဇ် ၉၃၃ ခုနှစ်၌ ဖွားမြင်တော်မူခဲ့သည်ဆို၏။

ဟံသာဝတီပြည်၌ ရှင်သာမဏေပြုသည်။ စာပေပိဋကတ်တော်
တို့ကို သင်ကြားတတ်မြောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ 'ရှင်နန္ဒသာရ
ဖြစ်၏။

## ကြေးနီပုရပိုက်

တစ်နေ့သ၌ ဟံသာဝတီမြစ်ကမ်းနားသို့ ဒေသစာရီကြွချီတော်
မူခိုက် သူရူးတစ်ယောက်နှင့် ကြုံတွေ့သည်။ ထိုစဉ်ဝယ် မိကျောင်းတ
ကောင်သည် ကြေးနီပုရပိုက်ကို ကိုက်ချီပြီး ပေါ်လာကာ ကမ်းခြေ
ကူးလာ၏။

သာမဏေသည် မိကျောင်းအား တအံ့တသြကြည့်ရှုနေရ





သူရူးအား..

"ကြေးနီပုရပိုက်ကို လုယူပါ"

ဟူ၍ လှမ်းပြောလေ၏။

သူရူးက သာမဏေစေခိုင်းသည့်အတိုင်း ရေထဲသို့ဆင်းကာ မိကျောင်းပါးစပ်တွင်းမှ ကြေးနီပုရပိုက်ကို လု၍ယူ၏။

သူရူးက သူရရှိခဲ့သော ကြေးနီပုရပိုက်ကို သာမဏေအား ပေးအပ်သည်။ သာမဏေသည် ကြေးနီပုရပိုက်ကို ကြည့်ရှု၏။

အချို့သော ပညာရပ်များကို သိသည်။ အချို့သောပညာရပ်များကိုမူ နားမလည်၊ မသိရှိ။ သို့အတွက်ကြောင့် မေးမြန်းစုံစမ်းလေ့လာခြင်းတို့ကို ပြုလုပ်ခဲ့၏။

တစ်နှစ်တည်းဟူသော အချိန်ကာလက ကုန်လွန်ခဲ့လေပြီ။

ထို့နောက် ဟံသာဝတီမြို့ ရွှေလေးထပ်ဆရာတော်ကျောင်း၌ ရဟန်းပြုတော်မူသည်။ ကြေးနီပုရပိုက်မှ အတတ်ပညာရပ်များကို မည်သို့မည်ပုံ ကြံဆရမည်ကို မသိလေသောကြောင့် အခက်အခဲနှင့် ကြုံတွေ့နေရ၏။

## မဟာသိဒ္ဓိ

ထိုကဲ့သို့ဖြစ်နေစဉ် တစ်ညသ၌ ဘားမဲ့ဆရာတော်ဖြစ်လတ္တံ့သော 'ရှင်နန္ဒသာရ' ဘွဲ့အမည်ရှိသော ရဟန်းပျိုသည် အင်ကြင်းပင်အောက်တွင် ဆောက်လုပ်ထားသော ဝါးကျောင်းကလေးဝယ် 'ဗုဒ္ဓါနုဿတိ' ကမ္မဋ္ဌာန်းတရားကို ပွားများနေတော်မူ၏။

ယင်းအခိုက်ဝယ် ဒကာယောကျာ်းတစ်ယောက်သည် သူသီတင်းသုံးနေရာကျောင်းသို့ ရောက်ရှိလာသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ထိုဒကာယောက်ျားသည် ထူးကဲစွာမွေးကြိုင်သေ ရန့် ရှိသောလူဖြစ်လေ၏။

ထိုအခါ ရှင်နန္ဒသာရက။

"အသင် ဘယ်သူလဲ"

ဟူ၍ မေးတော်မူ၏။

ဒကာယောက်ျားက။

"တပည့်တော်ဟာ ဝိဇ္ဇာဓိုရ်ယောက်ျားပါဘုရား"

"အသင့်ရဲ့အမည်နာမက။ "

"မဟာသိဒ္ဓိလို့ ခေါ်ဆိုကြောင်းပါ ဘုရား"

ဟူ၍ ပြန်လည်လျှောက်ထား၏။

ယင်းနောက်တွင် ဗားမဲ့ဆရာတော်လောင်းလျာ ရဟန်းတေ ရှင်နန္ဒသာရသည် သူသိရှိလိုသော အကြောင်းအရာတို့ကို ဝမ်းသာအ အစဉ်တစိုက် မေးမြန်းလေသည်။ ဝိဇ္ဇာဓိုရ်ယောက်ျားကလည်း သူသိ သမျှတို့ကို ဖြေကြားသည်။ ယင်းကဲ့သို့ အဖြေပေးသော စကားမျ တွင်။

"တပည့်တော်ဟာ ဆေးပင်တွေပေါက်တဲ့ သီရိရုက္ခမည် တောင်မှာ နေထိုင်ပါတယ်။ ဒီတောင်ကြီးရဲ့ အနီးအနားမှာ အလွန်ကြီး တဲ့ ဂန္ဓမာနတောင် ရှိပါတယ်။ ဒီတောင်မှာ ကြီးမားတဲ့ ရွှေဂူ၊ ငွေဂူ လည်းရှိပါတယ်။ အဲဒီအနီးအနားမှာ အနောတတ်ရေအိုင် ရှိပါတ ရေအိုင်ထဲမှာ တန်ခိုးကြီးမားတဲ့ နဂါး၊ ဂဠုန်တွေမှစပြီး ဝိဇ္ဇာဓိုရ်ယော တွေနဲ့ အချို့နတ်တွေဟာ ရေမိုးသုံးသပ်ပြီး သန့်စင်ပျော်ပါး ရေကစာ ပါတယ်"

ဟူ၍ ပါရှိ၏။





ထိုအခါ ရှင်နန္ဒသာရက။

"ခု ဒီအရပ်ဒေသကို အသင် အဘယ်အကြောင်းနဲ့ ရောက်ရှိ ပါသလဲ"

"အရှင်ဘုရားနဲ့ ဒပည့်တော်တို့ဟာ လွန်လေခဲ့တဲ့ဘဝတုန်းက အစ်ကိုအရင်းအချာတွေ ဖြစ်ခဲ့ဖူးပါတယ်။ ဒါကြောင့် ရွှေပေကို လှူဒါန်း ာရောက်ခြင်းဖြစ်ပါတယ်။ ဒီစာပေ ပညာရပ်တွေကို လေ့လိုက်စားရင် ိရှိသမျှတွေ ပြီးပြည့်စုံတော်မူပါလိမ့်မယ်ဘုရား"

ဟူ၍ လျှောက်ထား၏။

## ာင်တော်ရွှေပုပ္ပား

ထိုအခါ ရှင်နန္ဒသာရသည် မိကျောင်းပါးစပ်တွင်းမှ ရရှိထား ာ ကြေးနီပုရပိုက်ကို ပြသပြီး သူမသိ၊ မရှင်းလင်းသည့် အကြောင်း ရာတို့ကို မေးမြန်းကြည့်၏။

ဤတွင် ဝိဇ္ဇာဓိုရ်ယောက်ျားက။

"တပည့်တော်မှာ အရှင်ဘုရားအား သင်ကြားပြသပေးဖို့ အချိန် နိုင်ပါ။ ပုပ္ပားတောင်တော်ရဲ့ အရှေ့ဘက်မှ ကျောက်လိုဏ်ဂူထဲမှာ ိဘိလူးထံသို့ သွားရောက်ပြီး အမဲသားအတုံးငယ်လေးတွေပြုလုပ်ကာ ဘိလူး။ အမဲသားစားမလား' လို့ မေးပါဘုရား။ 'စားမယ်' လို့ အဖြေ ပါလိမ့်မယ်။ ဒီအခါမှာ ခပ်လှမ်းလှမ်းကနေပြီး အမဲသားတုံးကလေး ွကို ပစ်ပြီးပေးပါ။ ဘီလူးရဲ့ပါးစပ်ထဲကို ရောက်နေတုန်း သိရှိလိုသမျှ ွကို မေးမြန်းပါ။ ပြောပါလိမ့်မယ်။ နောက်ဆုံး အမဲသားအတုံးကြီးကြီး ပေးထားခဲ့ပြီးရင် အမြန်ဆုံးပြန်ကြွတော်မူခဲ့ပါဘုရား"

ဟူ၍ လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာဓိုရ်ယောက်ျား၏စကားကို တားမဲ့ဆရာတော်လောင်း ရှင်နန္ဒသာရက များစွာအားရနှစ်ခြိုက်တော်မူ၏။

ရှင်နန္ဒသာရက..

"ကျေးဇူးတင်တယ် ဒကာတော်"

ဟူ၍ ပြောပြီး ဆက်လက်၍..

"လွန်လေခဲ့တဲ့ ဘဝတုန်းက ညီအစ်ကိုတော်စပ်ခဲ့တယ်ဆိုတာ တောင် ခုလောက်ကြာမှ လာရောက်ထောက်ပံ့ခြင်းဟာ မေ့လျော့နေလို့ ဖြစ်လိမ့်မယ်"

ဟူ၍ မိန့်ဆို၏။

ထိုအခါ ဝိဇ္ဇာဓိုရ်ယောက်ျားက..

"မေ့လျော့နေလို့ မဟုတ်ပါဘူးဘုရား။ လူတွေနေထိုင်တဲ့ အရပ် ဒေသကို လာရောက်ခြင်းဟာ လွန်စွာမှ ဝန်လေးလှပါတယ်။ ဘုန်းကံကြီး မားတဲ့ လူများထံ၊ ဒါမှမဟုတ် သီလ၊ သမာဓိ စတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့လူတွေ ထံကိုတော့ အခုလို လာရောက်လိုတဲ့စိတ် ရှိပါတယ်။ အရှင်ဘုရားဟာ လည်း သီလသိက္ခာနဲ့ ကြွယ်နေလို့သာ တပည့်တော်လာရောက်လိုတဲ့စိတ် အတိုင်း လာရောက်ရပါတယ်ဘုရား"

ဟူ၍ အလုံးစုံကို လျှောက်ထားနှုတ်ဆက်ပြီး ပြန်သွားပါတော့၏။

ထို့နောက်တွင် တားမဲ့ဆရာတော်လောင်းလျာ ရှင်နန္ဒသာရသည် ပုပ္ပားတောင်တော်သို့ သွားရောက်ရန် ဆုံးဖြတ်လိုက်၏။

ဆရာတော်သည် တပည့်ဖြစ်သူ သာမဏေရှင်မုန်ယိုနှင့်အတူ ပုပ္ပားတောင်တော်သို့သွားရောက်၍ ဝိဇ္ဇာဓိုရ်ယောက်ျား မိန့်ဆိုခဲ့သည့် အတိုင်း အင်းဘီလူးနှင့်တွေ့ဆုံကာ ကိစ္စပြီးမြောက်အောင် ဆောင်ရွက်ခဲ့ ကြသည်။ ဆရာတော်သည် ဂန္ဓာရီသိပ္ပ ဝိဇ္ဇာဓရ လောကီပညာရပ်များစွာ





တို့ကို ရရှိသဖြင့် နှစ်သောင်းအားရရှိတော်မူ၏။

ထို့နောက်တွင် ဆရာတော်နှင့် တပည့်ဖြစ်သူ ရှင်မုန်ယိုတို့သည် ပုပ္ပားတောင်တော်မှ ပံသာဝတီမြို့တော်သို့ ပြန်လည်၍ ကြွမြန်းလာခဲ့ ကြ၏။

ဆရာတော်သည် ခက်ခဲနက်နဲလှသော ဂန္ဓာရီသိပ္ပ ဝိဇ္ဇာဓရ ပညာရပ်တို့ကို လေ့လာလိုက်စားသည်နှင့်အညီ အရပ်ရပ်သော ထူးထွေ ဆန်းပြားသည့် လောကီဘက်ဆိုင်ရာ လောကီပညာများစွာတို့ကိုလည်း ထမြောက်အောင်မြင်တော်မူ၍ အလွန်ထင်ရှားကျော်ကြားတော်မူ၏။

လောကီပိုင်းဆိုင်ရာ အတတ်ပညာရပ်များစွာတို့ကိုလည်း စဉ် ဆက်မပြတ် စမ်းသပ်လုပ်ကိုင်နေသည်။ အစဉ်မပြတ် တွေးတောကြံဆ ဖူးစမ်းလေ့လာနေသည်။ ထိုကဲ့သို့လုပ်ကိုင်ဆောင်ရွက်နေသည်တို့ကို တစ် ယောက်စကား တစ်ယောက်နားဖြင့် ရွှေနန်းရှင်ဘုရင့်နားသို့ ပေါက်ကြား လေတော့၏။

ထိုကဲ့သို့ လောကီဂန္ဓာရီသိပ္ပပညာရပ်များစွာတို့ကို အရှင်နန္ဒသာရ သည် အထူးဝါသနာပါ၍ လေ့လာလိုက်စားနေကြောင်းကို ငါးဆူဒါယကာ မင်းတရားကြီးက ကြားသိတော်မူ၏။

## နန္ဒာသာရ ကဝိဓေ

ဆရာတော်သည် သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ညောင်ရမ်းမြို့သို့ ရောက်ရှိသွားခဲ့၏။

ထိုစဉ်သမယကပင် မင်းရဲနန္ဒမိတ် အမည်တော်ရှိသော ညောင် ရမ်းမင်းသည် ရှင်နန္ဒသာရ၏ ထေရုပ္ပတ္တိနှင့် ဂန္ဓာရီသိပ္ပ လောကီပညာရပ် ၏ အစွမ်းထက်မြက်မှုများကို စုံစမ်းသိရှိတော်မူလျှင် နှစ်သောင်းအား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော်မူလေ၏။

ယင်းအတွက်ကြောင့် ဆရာတော်အား 'နန္ဒသာရ ကဝိဇ' ဟူသော ဘွဲ့တံဆိပ်တော်ကို လှူဒါန်းဆက်ကပ်ပြီး ကျောင်းဆောက်ကာ ကိုးကွယ်တော်မူသည်။ ထိုအခါသမယကစ၍ အရှင်နန္ဒသာရသည် 'တားမဲ့ဆရာတော်' ဟူပြီး ထင်ရှားကျော်ကြားလာလေတော့၏။

စကားချပ်။ ။ ဟံသာဝတီ ပဲခူးတစ်ဝိုက်၌ တားသို့မဟုတ် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းရှိသည်ဟု သိရ၏။

'တား' သို့မဟုတ် 'ဘား' သည် မွန်စကားကား 'ဖယ်' ဟုအသံထွက်ပြီး မြန်မာဘာသာဖြင့် ကျောင်းဟု အဓိပ္ပာယ်ရ၏။

ယင်းကျောင်း၌ သီတင်းသုံးသော ဘုန်းတော်ကြီးကို ကျောင်းအမည်ကိုလိုက်ပြီး ခေါ်ဝေါ်လေ့ရှိသည်။ ကျောင်းအမည်ကိုလည်း ကျောင်းဝင်းအတွင်းရှိ အများသိသော သစ်ပင်မျိုးမည်ကိုလည်းကောင်း၊ ထူးခြားသောအရာကိုလည်းကောင်း အစွဲပြု၍ ခေါ်ဝေါ်လေ့ရှိ၏။

(၁) တားမဲ့ = ဖယ်မဲ့ (အမဲ့ပင်ကျောင်း)

(၂) တားထီး = ဖယ်ထီး (ကြေးရာဇ်ပင်ကျောင်း)

(၃) တားမြိုက် = ဖယ်ပရိုက် (ချောက်ပင်ကျောင်း)

(၄) တားတမော့ = ဖယ်တမော့ (ကျောက်စွန်းကျောင်း)

(၅) တားကရာ = ဖယ်ကရာ (ခရေပင်ကျောင်း)

(၆) တားတွဲ = ဖယ်တွန် (ပထမကျောင်း)

(၇) တားနိုင် = ဖယ်နိုင် (အနန်းပင်ကျောင်း)

(၈) တားထော် = ဖယ်ထော် (ရွှေကျောင်း)

(၉) တားနိုက် = ဖယ်နိုက် (ကန့်ကသာပင်ကျောင်း)

တားဆရာတော်များမှာ လောကုတ္တရာရေးထက် လောကီရေးရာ





ကို ဦးစားပေးကြသည်။ လောကီအတတ်ပညာရပ်အမျိုးမျိုးတို့ကိုလည်း ...မ်းကျင်စွာ တတ်မြောက်ကြ၏။

တားမဲ့ဆရာတော်မှာ လောကီပညာရပ်တွင် အထူးကျော်ကြားသည်။ ကျန်တားဆရာတော်ရှစ်ပါးတို့မှာကား တားမဲ့မှ ဆင့်ကဲပြန့်ပွားခြင်း ...ဖြစ်ဟန်တူသည်။ တားမဲ့ဆရာတော်နှင့် တစ်ချိန်တည်းလောက်တွင် တားထီး၊ တားမြိုက်၊ တားတမော့ဆရာတော်များ ပေါ်လာပြီး ကျန်ငါးပါးမှာ နောင်းဆက်ကျမှ ပေါ်ပေါက်လာဟန်တူသည်' ဟူ၍ 'မြန်–စာ–ပြန့်' စာအုပ်တွင် ...ဆရာပါရဂူရေးသားသည့် ဟံသာဝတီခေတ် သာသနာရေးအခြေအနေ (ဆောင်းပါး) ဟံသာဝတီမော်ကွန်းတင်စာတမ်းများတွင် ဖတ်ရှုခဲ့ရပူး၏။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



<၃>

## ဘုန်းကြီးသည့်နိမိတ်

ထိုနောက်ပိုင်းကာလတွင် တိုင်းရေးပြည်ရေးသည် မငြိမ်မသက် ဖြစ်လာသည်။ ထို့ကြောင့် ရွှေနန်းရှင်ဘုရင်မင်းမြတ်သည် ဖားမဲ့ဆရာတော်အား ပင့်ဖိတ်၍..

"အရှင်မြတ်ဘုရား.. နောင်တော်မင်းတရားကြီးဟာ တိုင်းပြည်နိုင်ငံကို ပွားစည်းအောင် မပြုလုပ်နိုင်။ ဒီအတိုင်းသာ အချိန်ကြာလာရင် နိုင်ငံအရေးဟာ ခက်လာလိမ့်မယ်။ ဘယ်လိုများ စီမံကြစည်၍ သင့်တော်မလဲဘုရား။ ဟံသာဝတီကိုစစ်ချီပြီး လုပ်ကြရရင် သင့်တော်မလား၊ နေရင်း ညောင်ရမ်းမှာပဲ နေရရင် ကောင်းမလား။ ရတနာပူရ အင်းဝနေပြည်ကို ချီတက်လုပ်ကြရရင် သင့်မလား။ အမိန့်တော်ရှိတော်မူပါဘုရား"

ဟူ၍ လျှောက်ထား၏။

"ဒကာတော်မင်းမြတ်.. မွန်သုံးရပ်ဟာ ဇာတာအရ နန်းစံနိုင်နေတယ်။ ထောင်းထောင်းညက်ညက် ကြေပျက်လိမ့်မယ်။ ညောင်ရမ်းမြို့ဟာ မင်းတို့စံရာ ရာဇဌာနီမဟုတ်ဘူး။ အင်းဝမြို့သာ ရာဇဌာနီ မြန်မာတို့ ဦးစွန်းတည်ရာ အရပ်ဖြစ်တယ်။ တိုင်းခရိုင် နိုင်ငံလည်း အလွန်ကျယ်ဝန်းတယ်။ ရတနာပူရ အင်းဝပြည်ကြီးကနေပြီး အရပ်ရပ်ကို သိမ်းယူတော်မူရင် အရန့်ထီးဆောင်းမင်းအပေါင်းတို့ကို စိုးမိုးပိုင်သပြီး သားစဉ်မြေးဆက် လက်နက်နိုင်ငံတော်ကြီး ဖြစ်လာလိမ့်မယ်။ သာသနာတော်လည်း အလွန်ပွင့်လင်း စည်ကားလာမယ်။ မြန်မာတစ်နိုင်ငံလုံးကို လက်ရုံးဆန့်ကာ စိုးပိုင်ဖို့ အစီအရင်မှာ ဆရာတော်ရဲ့ တာဝန်ထား"

ဟူ၍ မိန့်တော်မူ၏။

ဘုရင်မင်းတရားကြီးနှင့်တကွ မှူးတော်မတ်တော် ပညာရှိအပေါင်းတို့သည် အကြိုက်ချင်းညီကြသည့်အားလျော်စွာ အရပ်ရပ်သော ဂမ္ဘီရသိပ္ပ လောကီပညာကိုယ်တော်၏ အဆောင်အရွက်နှင့်တကွ သန်လျက်တော်၊ ရွှေယပ်၊ ရွှေသုတ်ပဝါမှစ၍ အလံ၊ ဗုံမောင်း၊ ဆင်၊ မြင်း၊ တံခွန် စသည်တို့ကို စီရင်တော်မူ၏။

မင်းတရားကြီးသည် ညောင်ရမ်းမြို့တွင်ရှိနေသော အမှုထမ်း၊ အရာထမ်းတို့ကို အပါးတော်သို့ လာရောက်စေပြီး အရပ်ရပ်တို့ကို သိမ်းကျုံး စည်းကြပ်၍ ဖားမဲ့ဆရာတော်ထံပါး၌ အပ်နှံလေ၏။

ဖားမဲ့ဆရာတော်က ဂမ္ဘီရသိပ္ပ လောကီအစီအမံတို့ကို လုပ်ငန်းအလျောက် သင်ကြား ညွှန်ကြား လုပ်ကိုင်စေပြီး အင်းဝမြို့သို့ ချီတက်စေ၏။

တပ်ချထားစဉ် ဆီးတောအရပ်၌ တဲတော်ကို မီးသင့်သည်။ ဆရာတော်က စိုးရိမ်ပူပန်ခြင်း အလျဉ်းမရှိ။ မီးတောက်မီးလျှံတို့ကဲ့သို့ပင် ဘုန်းတန်ခိုးကြီးမည်ဟု နိမိတ်ကောက်တော်မူ၍ ဆက်လက်ချီတက်စေကာ မင်း၏နေပြည်တော်တစ်ခုလုံးကို အခက်အခဲမရှိ သိမ်းပိုက်နိုင်ခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com



## ပတ္တမြားရတနာ

တစ်နေ့သ၌ မိုးကုတ်ကျပ်ပြင်က ဆက်ရောက်လာသည့် ကျောက်မျက်ရတနာများ၏ တန်ဖိုးကို ရာဖြတ်တို့က ဖြတ်ဆိုနေကြသည်။ ထိုစဉ်ဝယ် တားမဲ့ဆရာတော် ကြွရောက်လာသည်နှင့် ကြုံကြိုက်နေ၍ ဆရာတော်က. .

"ငါ့မှာ သံပရာသီးထက်ခြမ်းလောက်ရှိတဲ့ ကျောက်နီကြီးတစ်လုံး ရှိတယ်။ ရာဖြတ်တို့ ကျောင်းကိုလာရောက်ပြီး ဖြတ်လှည့်"

ဟူ၍ဆိုကာ ကျောင်းသို့ ပြန်လည်ကြွသွားတော့၏။

သုံးရက်ခန့်ရှိသောအခါ ရာဖြတ်တို့သည် တားမဲ့ဆရာတော် ကျောင်းသို့ သွားရောက်ကြ၏။

ကျောင်းသို့ ရောက်ရှိလေသော်. .

"ဆရာတော်ဘုရားဆီမှာရှိတဲ့ ကျောက်နီကြီးကို တန်ဖိုးဖြတ်ဖို့ ရောက်လာပါတယ်"

ဟူ၍ လျှောက်ထား၏။

ထိုအခါ တားမဲ့ဆရာတော်ဘုရားသည် သတိမေ့လျော့နေ၍ ကျောင်းခန်းအတွင်းသို့ ခထာဝင်သွားပြီး. .

"မောင်ရင်တို့မှာ သံပရာသီး အသင့်မရှိကြဘူးလား"

"ခြံထဲမှာ အပင်ရှိပါတယ်ဘုရား"

"ဒါဖြင့် သံပရာသီးယူချေ"

ဟူ၍ ခိုင်းလိုက်၏။

သံပရာသီးကို ယူဆောင်လာသောအခါ တားမဲ့ဆရာတော်က သံပရာသီးကို ခြမ်းလိုက်သည်။ တစ်ခြမ်းကို မန္တန်ဖြင့်စုတ်လိုက်သောအခါ ယုန်သွေးကဲ့သို့သော ပတ္တမြားကြီး ဖြစ်ပေါ်လာသည်ကို အံ့ဩဖွယ်ရာ





မြင်တွေ့ကြရ၏။

ဂန္ဓာရီသိပ္ပ ဝိဇ္ဇာဓရ လောကီပညာဖြင့် ပြုလုပ်ဖန်တီးထားသော ပတ္တမြားကြီးကို တားမဲ့ဆရာတော်က ရာဖြတ်တို့အား ပြသ၏။

ရာဖြတ်တို့က. .

"ဒီပတ္တမြားကျောက်မျက်ရတနာဟာ ရွှေနန်းတော်ထဲမှာလည်း မရှိကြောင်းပါ။ စကြဝတေးမင်းရဲ့ ပတ္တမြားရတနာဖြစ်သောကြောင့် တန်ဖိုးမဖြတ်ဝံ့ကြောင်းပါဘုရား"

ဟူ၍ လျှောက်တင်ကြ၏။

အချိန်ကြာလတ်သော် ပတ္တမြားကြီးကို ရာဖြတ်တို့က ပြောင်းကြည့်နေစဉ်မှာပင် တားမဲ့ဆရာတော်က ရေမန်းဖြင့် ပက်ဖျန်းမှုတ်သပ်လိုက်ရာ သံပရာသီးအတိုင်း နဂိုမူလပြန်ဖြစ်သွားသောအခါ ထိုအံ့ဖွယ်သရဲ အဖြစ်ကို ရာဖြတ်တို့က ချီးမွမ်းလျက် ပြန်သွားကြတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

〈၄〉

## ရှိန်းဆာယာရိပ်ဝင်ဆေး

တစ်နေ့သောအခါတွင် ဟားမဲ့ဆရာတော်ဘုရားသည် သူ့ကျောင်းတွင် ရှိန်းဆာယာရိပ်ဝင်ဆေးကိုဖော်လျက် ထိုဆေးကို တပည့်တစ်ယောက်၏ နဖူးပြင်တွင် သုတ်လိမ်းပေးပြီး မင်းကြောစ်ပွဲတော်တည်ရာ ထမင်းဝိုင်းမှာ လက်နှိုက်စားခဲ့ဟု အမိန့်ပေးလိုက်၏။

ထိုသူသည် ဟားမဲ့ဆရာတော်ဘုရားမိန့်ဆိုသည့်အတိုင်း ပွဲတော်တည်ရာအဆောင်တော်၌ ဘုရင့်ထမင်းပွဲတွင် လက်နှိုက်၍ စားသောက်ခဲ့၏။

နန်းတော်မှ ပြန်လည်ရောက်ရှိလာပြီး ဆရာတော်ထံသို့ ရောက်ရှိလေသော် ဆရာတော်က အကြောင်းစုံကို မေးမြန်းတော်မူ၏။

ထိုအခါ. .

"ကျေးဇူးတော် ကြီးမြတ်လှပါတယ်ဘုရား။ တပည့်တော်အား ဘယ်သူ တစ်စုံတစ်ယောက်ကမှ မသိ၊မမြင်ကြပါ။ ရှင်ဘုရားကိုယ်တော်





တိုင်လည်း မသိရှိပါ။ ဘဝရှင်မင်းတရားကြီးကလည်း ပွဲတော်ထမင်းကုန်လွယ်တယ်လို့သာ ထင်နေပါတယ်။တပည့်တော်လည်း မဝပါ။ မင်းတရားကြီးလည်း ပွဲတော်မဝပါ ဘုရား"

ဟူ၍ လျှောက်တင်လေ၏။

ဟားမဲ့ဆရာတော်ဘုရားက. .

"ကဲ. . ဒီလောက်ဆို တော်ပြီ။ နောင်ကို နန်းတော်ကို မသွားနဲ့တော့"

ဟူ၍ ပိတ်ပင်တားမြစ်၏။

သို့သော် တပည့်ဖြစ်သူက နားမထောင်ပါ။ ဟားမဲ့ဆရာတော်ဘုရား၏ ဆေးတော်ကိုယူ၍ သုံးရက်၊ လေးရက် နန်းတော်သို့ ဆက်တိုက်သွားရောက်ပြီး ပွဲတော်အုပ်ကို စားနေတော့၏။

တစ်နေ့သော် ဘဝရှင်မင်းတရားကြီးက ဟားမဲ့ဆရာတော်ဘုရားအား. .

"ယခုတလော ပွဲတော်အုပ်ထမင်းစားရတာ အကုန်မြန်လှပါတယ်ဘုရား"

ဟူ၍ လျှောက်ထား၏။

ထိုအခါ ဟားမဲ့ဆရာတော်ဘုရားက တပည့်ဖြစ်သူ၏ လက်ချက်ဖြစ်သည်ကို ရိပ်စားမိ၍. .

"ဒကာမင်းကြီး. . ပွဲတော်ထမင်းကို မင်းကြီးရဲ့ပန်းကန်ထဲမှာ အနည်းငယ်မျှသာ ခူးခပ်ထားပြီး ကျန်တဲ့ဟင်းလျာပန်းကန်တွေမှာ ရေတ်မှုန့်တွေကို ထည့်ပါ။ ထမင်းဟင်းလျာတွေမှာလည်း ရေတ်စပ်လှအောင် ချက်ထားရင် အဖြေပေါ်လာပါလိမ့်မယ်"

ဟူ၍ မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ စီရင်သောအခါ ဘုရင့်ပွဲတော်အုပ်ထမင်းကို နိုးစားသူ၏ နဖူးက ချွေးများထွက်သဖြင့် ရှိန်းဆေးတယာရိပ်ဝင်မှန်လူးဆေးပြယ်၍ ကိုယ်လုံးပေါ်က ထင်ရှားလာသည် ဆို၏။

ယင်းအခါတွင် ထိုသူကိုဖမ်းဆီးစေပြီး စစ်ဆေးမေးမြန်းရာ ထိုသူက..

"တားမဲ့ဆရာတော်ဘုရားက ဆေးတော်ကိုစမ်းသပ်နိုင်းလို့ နိုးစားမိပါတယ်။ နောင်သောအခါမှာ ဘုရင့်ပွဲတော်အုပ်ဟာ အံရသာရှိလွန်းလို့ ဆရာတော်ဘုရားရဲ့ ဆေးအကူအညီနဲ့ နိုးယူစားသောက်မိပါတယ် ဘုရား"

ဟူ၍ ဝန်ခံပြောဆို၏။

ထိုအခါ ဘုရင်ကလည်း ထိုသူပြောစကား မှန်၊ မမှန်ကို သိရှိလိုသောကြောင့်..

"ဆရာတော်ဘုရားရဲ့တပည့် ဆေးစမ်းတာမှန်ရင် အသက်ကို ချမ်းသာပေးစေ၊ မမှန်ရင် ရာဇဝတ်ဒဏ် စီရင်စေ"

ဟူ၍ အမိန့်တော်ချမှတ်တော်မူပြီး တားမဲ့ဆရာတော်ဘုရားကျောင်းသို့ စေလွှတ်ကာ အကျိုးအကြောင်းကို စုံစမ်းလျှောက်ထားမေးမြန်း၏။

တားမဲ့ဆရာတော်ဘုရားက..

"အရင်က ဆေးတော်စမ်းတာ မှန်တယ်။ နောင်..သူ့အလိုအလျောက် ဆေးတော်ကို နိုးယူပြီး မှန်ကူသွားဟန်တူတယ်။ ဒါပေမဲ့ ချမ်းသာပါစေ"

ဟူ၍ မိန့်တော်မူလိုက်၏။

ဘုရင်သည် တားမဲ့ဆရာတော်ကို ကြည်ညိုလေးစားသောစိတ်





ကြောင့် ဆရာတော်ဘုရား၏ မိန့်တော်မူသည်ကို နားထောင်တော်မူပြီး တရားခံဖြစ်သော ထိုသူအား အပြစ်မှ လွှတ်ပေးလိုက်တော့၏။

## ရွှေဂုဝင်ခြသေ့်ဆေး

သက္ကရာဇ် ၉၆၇ ခုနှစ်တွင် ညောင်ရမ်းမင်းတရား နတ်ရွာစံ၍ သားတော် မဟာဓမ္မရာဇာဓိပတိ နန်းတက်တော်မူ၏။

တားမဲ့ဆရာတော်ဘုရားကို အလွန်အမင်း သဒ္ဓါတော်မူလွန်း၍ ကျောင်းသစ်ဆောက်လုပ်ပြီး လှူဒါန်းတော်မူ၏။

တားမဲ့ဆရာတော်ဘုရားကလည်း ရွှေဂုဝင်ခြသေ့်ဆေးကို ချီးမြှင့်ရာ လက်ျာနံ့၌ ရွှေဂုထွက်ဆေးကို ထိုးနှံ့ပေးသည်။ ၎င်းဆေးတော်များကို မင်ကြွယ်သောအရာများနှင့် မထိပါးစေရဟုလည်း အမိန့်ရှိလိုက်၏။

တစ်ခါတစ်ရံ ဆင်ခြင်တော်မမူမိ၍ ထိပါးမိတတ်သည်။ ထိုအခါတွင် တစ်ကိုယ်လုံးယားယံနေတတ်သည်။ သို့အတွက်ကြောင့် နွေအခါများမှသာ မိဖုရားများနှင့် အတူစံတော်မူသည်ဆို၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

<၅>

## တောင်ငူခံတပ်

တစ်ရံရောအခါ နန်းတော်သို့ တားမဲ့ဆရာတော်ဘုရားအား ဘုရင်မင်းမြတ်က ပင့်ဖိတ်၍..

"တောင်ငူမြို့ဟာ မြို့ပြကျယ်တယ်။ နိုင်ခံ့တယ်။ လက်နက်လူသူလည်း များပြားတယ်။ ဆန်ရေစပါးလည်း ဝပြောတယ်။ ဗေဒင်ယတြာတတ်ကျွမ်းတဲ့ ရှင်မုန်ယိုဆိုသူကလည်း ရှိနေတယ်။ သူတို့ဟာ တပည့်တော်ရဲ့အပေါ်မှာ မကျိုးမနွံ အနိုင်အလုံ့နေပါတယ်။ ဒါကြောင့် တောင်ငူမြို့ကို အရင်ချီတက်ပြီး လုပ်ကြံရရင် ကောင်းမလား။ ဒါမှမဟုတ် အခြားတိုင်းတစ်ပါးကို ချီတက်တိုက်ခိုက်ရရင် ကောင်းမလားဆိုတာကို ကွဲကွဲပြားပြား အမိန့်ရှိတော်မူပါဘုရား"

ဟူ၍ လျှောက်ထားလေ၏။

"ဒါယကာတော်.. တောင်ငူမြို့ဟာ ဒကာပြောသလို မှန်ပါတယ်။ ဒါပေမဲ့ ရှင်မုန်ယိုဟာ ယတြာကြီးကိုမတတ်။ ယတြာလတ်ကိုသာ တတ်





တယ်။ ချီတက်လုပ်ကြံတော်မူရင် အောင်တော့ အောင်မယ်။ ကြာပေဦးမယ်။ ဒါပေမဲ့ တေဇအရပ် ကတက်ပင်ရှိရာမှာ တပ်ချပါ။ သင့်တယ်"

ဟူ၍ မိန့်ကြားတော်မူပြီးလျှင် ကျောင်းသို့ ပြန်လည်ပြီး ကြွသွားခဲ့လေ၏။

မင်းတရားကြီးသည် တောင်ငူမြို့သို့ ချီတက်တော်မူသည်။ အစတပင် ရန်သူများဝင်ရောက်တိုက်ခိုက်တော့မည်ကို ကြိုတင်သိနှင့်နေသော ရှင်မုန်ယိုက မြို့နားပတ်ဝန်းကျင်၌ရှိသည့် ကတက်ပင်ဟူသမျှတို့ကို တစ်ပင်မကျန်အောင် ခုတ်လှဲထားစေခဲ့သည်။ ကတက်ပင်မှန်လျှင် အမြစ်မှမကျန်အောင်ကို တူးယူစေပြီး ရေသို့ချစေ၏။

တောင်ငူမြို့တွင်း၌လည်း လူနှင့် တိရစ္ဆာန်တို့အတွက် စပါး၊ ထင်း၊ မြက် အစရှိသည်တို့ကို အလုံအလောက်သွင်းထားစေ၏။

မြို့ဝင်တံခါး၊ ပစ္စင်၊ ရင်ကာ၊ သူရဲခို၊ ကျုံး၊ မြောင်း၊ ကတုတ်၊ ကင်းလျှောက် စသည်တို့ကို ကောင်းမွန်ခိုင်ခံ့အောင် လုပ်ဆောင်ထားစေခဲ့၏။

စစ်လမ်းတစ်လျှောက်လုံးတွင်ရှိသော ကျီကျနှင့် စပါးများကိုလည်း ကုန်အောင်သယ်ယူစေသည်။ ရေလှောင်ဆည်မြောင်း၊ ရေတွင်း၊ ရေကန်မှန်သမျှကိုလည်း ဖျက်ဆီးထားစေသည်။ ထိုကား စစ်ပရိယာယ်ခံစစ်တို့၏ အကာအကွယ်ဖြစ်၏။

## ကတက်ပင်တစ်ပင်

မင်းတရားကြီးသည် ယင်းသို့ စစ်ချီတက်လာပြီး တောင်ငူမြို့ တေဇအရပ်၌ ကတက်ပင်ကိုရှာဖွေသော်လည်း တစ်ပင်မှမမြင်တွေ့ရပါ။

သို့သော် ကံကောင်းထောက်မသဖြင့် တေဇအရပ်ရှိ ပျဉ်ပုံများ



www.burmeseclassic.com

www.burmeseclassic.com



ကို ခံတပ်တည်ရန် ရွှေ့ပြောင်းနေရာယူသောအခါ လှုတစ်ရပ်ခန့်ရှိသော ကတောက်ပင်လေးတစ်ပင်ကို မြင်တွေ့ကြရ၏။

ထိုအကြောင်းကို မင်းတဲရားကြီးအား လျှောက်ထားရာ..

"ဒီတောအရပ်ဟာ ငါတို့ဆရာတော်ဘုရား မိန့်ကြားထားတဲ့ အရပ်ဖြစ်တယ်။ တပ်စွဲနိုင်အောင်ကို စွဲရမယ်။ အမိန့်တော်အတိုင်း တည်စေရမယ်။ ဒီတပ်တော်အတွင်းမှာ ငါကိုယ်တော်တိုင် နန်းတော် ဆောက်ပြီး. စံတော်မူမယ်"

ဟူ၍ မိန့်တော်မူ၏။

ထိုသို့နေစဉ်အတွင်း ညဉ့်သုံးချက်တီးအချိန်သို့ ကျရောက်လေ လျှင် ရှင်မှန်ယိုတို့ဘက်မှ လောကီပညာဖြင့် အစီမံတိုက်စီစဉ်ထားသော ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတို့သည် လူသူဆင်မြင်းအသွားအလာတို့ကို လိုက်ခတ်သည်။ လိုက်ဝှေ့သည်။ ငါးရက်ခြောက်ရက်ကြာလာသော် တပ် တစ်တပ်လုံးသည် ကြောက်လန့်ကုန်၏။

## ဒေါက်ချာ

မင်းတရားကြီးသည် ထိုအကြောင်းအရာတို့ကို ဆရာသမား ဟားမဲ့ဆရာတော်ဘုရားရှိရာသို့ မြင်းသည်တော်များ အမြန်စေလွှတ်ပြီး လျှောက်ထား၏။

ဟားမဲ့ဆရာတော်ဘုရားက မည်သို့မျှ မမိန့်ကြား။ ဒေါက်ချာကို ယူ၍ သူ့ဦးခေါင်းထက်၌ စွပ်လိုက်ပြီး အတန်ကြာလျှင် သူ့ဦးခေါင်းကပြန် ချွတ်၍ ကြမ်းပြင်ပေါ်သို့ပစ်ချကာ ကျောက်သရေခန်းအတွင်းသို့ ဝင်ရောက် သွားတော့၏။

မင်းတရားကြီးစေလွှတ်လိုက်သော မြင်းသည်တော်တို့သည်





ဟားမဲ့ဆရာတော်ဘုရား ကျောက်သရေခန်းအတွင်း ဝင်ရောက်သွားသည်မှာ အချိန်ကြာမြင့်လှပြီဖြစ်၏။

မည်သို့မည်ပုံအမိန့်ရှိမည်ကို အကြိမ်ကြိမ်အခါခါ လျှောက်ထား သည်။ သို့သော် ဟားမဲ့ဆရာတော်ဘုရားက မည်သို့မျှ စကားမတုံ့ပြန်။ ဆိတ်ဆိတ်သာ နေတော်မူ၏။

သို့ဖြစ်သည့်အလျောက် ထိုအကြောင်းကို ကျောင်းနေပဉ္စင်းအား လျှောက်ထားကာ အကူအညီတောင်းခံရာ ပဉ္စင်းကြီးသည် ကျောက်သရေ ခန်းအတွင်းသို့ ဝင်ရောက်ရန် တံခါးကို တွန်းဖွင့်ကြည့်သည်။ တံခါးရွက်ကို အတွင်းမှ ချက်ထိုးပိတ်ထား၍ မဝင်နိုင်ဖြစ်နေ၏။

"အခု တပည့်တော်တို့ လာရတာဟာ ရာဇဝတ်ဘေးကို ဦးခေါင်းထက်မှာတင်ပြီး လာရောက်ခြင်း ဖြစ်ပါတယ်ဘုရား။ နေ့ရက်ကြာ ညောင်း အကြောင်းမထူးရင် တပည့်တော်တို့ရဲ့အသက်ဟာ မရှိနိုင်တော့ ပါ။ အမြန်ပြန်တော့မယ်ဘုရား"

ဟူ၍ လျှောက်ထားပြီး ပြန်သွားကြပါတော့၏။

မြင်းသည်တော်တို့သည် တပ်မတော်သို့ ပြန်လည်ရောက်ရှိကြ ပြီး မင်းတရားကြီးရှေ့တော်မှောက် ရောက်ရှိသောအခါ ဟားမဲ့ဆရာတော် ဘုရား ပြုမူဆောင်ရွက်ပုံကို ပြန်လည်ပြီး လျှောက်ထားကြ၏။

မင်းတရားကြီးသည် အကင်းပါးသူဖြစ်သည့်အားလျော်စွာ သာ သနာရေး၊ ဘာသာရေးဖြစ်၍ ငါ့ဆရာတော်ဘုရား မမိန့်ဆိုလိုက်ခြင်းဖြစ် ဟန်တူသည်ဟူ၍ တွေးမိ၏။

ဒေါက်ချာကို ကြမ်းပြင်ပေါ်၌ ပစ်ချလိုက်သော အရိပ်နိမိတ်ကို ဆောက်ချင့်ကြည့်သော် မြတ်စွာဘုရားညီနောင်စေတီတော်မှ ထီးတော်ကို ချရမည်ဟု ဆိုလိုဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စောညီနောင်စေတီတော်သည် တောင်ငူမြို့ကို တည်သည့်ကာလက တစ်ပြိုင်တည်းတည်သည့် သာသနိကအဆောက်အဦ စေတီတော်ဖြစ်သည်။ ထိုစေတီတော်မှ ဘုရားထီးကိုချသော် ရှင်မုန်ယိုစီရင်ထားသော ကျွဲခေါင်း၊ နွားခေါင်းရိုးတို့ အစီအံတိုက်ထားသော အစီရင်များလည်း ပျောက်ကွယ်သွားမည်မှာ မုချ။ တပ်တော်သည်လည်း ထိတ်လန့်ခြင်းမှုဖြစ်မည်ဟု တွေးတောဆင်ခြင်ကာ မြတ်စောညီနောင်စေတီတော်မှ ဘုရားထီးတော်ကို အမြန်သွားရောက်၍ ချ၏။

မြတ်စောညီနောင်စေတီတော်မှ ဘုရားထီးတော်ကို ချပြီးသည်နှင့် ရှင်မုန်ယို၏လောကီပညာအစီအမံတို့ အားလုံးပျက်စီးသွား၍ တောင်ငူမြို့ကို သိမ်းပိုက်ရရှိသွားတော့၏။

## ရှင်မုန်ယို

ရှင်မုန်ယို၏ အတ္ထုပ္ပတ္တိအကျဉ်းမှာ ဤသို့ဖြစ်၏။

ရှင်မုန်ယိုသည် ကုလားရွာသားဖြစ်သည်။ ရဟန်းဖြစ်၍ အညာအကြေ အနှံ့အပြားသို့ သွားရောက်လျက် အင်းအိုင်ဆေးဝါး မန္တရားရှာဖွေလေ့လာ ဆည်းပူးခဲ့၏။

တားမဲ့ဆရာတော်ဘုရား ညောင်ရမ်း၌ရှိနေစဉ် ကျောင်းသို့ရောက်ရှိလာပြီး လောကီပညာအရပ်ရပ်တို့ကို နည်းနိသျှည်းများ ခံယူခဲ့ဖူးသူဖြစ်၏။

ရှင်မုန်ယိုကို မိခင်မျက်နှာမြင်စဉ်ကပင် ပါးတွင် မုန့်အိုး မုန့်ကွင်း ဆင်များကဲ့သို့ ပါရှိလာသည်။ အမျက်ထွက်လာလျှင် ဆင်များကဲ့သို့ပင် မုန့်အိုးမှ မုန့်ရည်များယိုထွက်လာသည်ဖြစ်သောကြောင့် ရှင်မုန်ယိုဟု၍ ခေါ်ဝေါ်သမုတ်ထားကြခြင်းဖြစ်၏။





အရေးတော်ပုံကြီး ပြီးစီး၍ မင်းတရားကြီးသည် တပ်စဉ်အတိုင်း အင်းဝနေပြည်တော်သို့ ပြန်လည်၍ ကြွမြန်းတော်မူ၏။

## လောကီပရိယာယ်

တားမဲ့ဆရာတော်သည် ဂန္ထရသီပွ ဝိဇ္ဇာဓရ လောကီပညာရပ်တို့ကို လေ့လာလိုက်စားသော်လည်း ရဟန်းဝိနည်းဥပဒေတော်များကို ရိုသေလေးစားသော လက္ခဏာရှိ၏။

အဘယ်ကြောင့်ဟူမူ မြတ်စောညီနောင်စေတီတော်မှ ထီးတော်ကို ချရမည်ဟု မိန့်တော်မမူ။ ဒေါက်ချာကိုဆောင်းပြီး တစ်ဖန် ဒေါက်ချာကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်ကို ပရိယာယ်လက္ခဏာသဘောမှာ ဆရာတော်သည် ဝိနည်းသိက္ခာတော်တို့ကို လိုက်နာကြောင်း ထင်ရှား၏။

ယင်းကဲ့သို့ ပရိယာယ်ဖြင့် ပြသခြင်းကိုပင်လျှင် မင်းတရားကြီးကလည်း ပါးနပ်လိမ္မာသူပီပီ ပရိယာယ်နိမိတ်တို့ကို ကောက်ယူတတ်၍ မြတ်စောညီနောင်စေတီတော်မှ ထီးတော်ကို ချနိုင်ခဲ့သဖြင့် အရေးတော်ပုံကြီး အောင်မြင်သွားသည်ဆို၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

<၆>

## သုံးခွန်းစကား

ဟံသာဝတီ ငါးဆူဒါယကာမင်း (နန္ဒဘုရင်) လက်ထက်တော်တွင် တိုင်းပြည်သည် မငြိမ်မဝပ်ရှိခဲ့၏။

နန္ဒဘုရင်က ဤသို့ဖြစ်ပျက်ခြင်းတို့ကို သိရှိလိုသောကြောင့် တားမဲ့ တားမြိုက်၊ တားမွတ်၊ တားတမော့၊ တားကာရ စသော မွန်ဆရာတော်ကြီးတို့ကို နန်းတော်သို့ပင့်ဆောင်စေပြီး မေးလျှောက်၏။

ထိုအခါ တားမဲ့ဆရာတော်ဘုရားက..

"သာသနာတော်ကို သိကြားက စောင့်တယ်မဟုတ်လား။ သိကြားကိုမေးမှ သိနိုင်လိမ့်မယ်"

ဟူ၍ မိန့်တော်မူရာ ဘုရင်က..

"သိကြားကို မေးမြန်းဖို့ အလွန်ကိုခက်ခဲပါတယ်ဘုရား"

"မစိုးရိမ်ပါနဲ့ ဒကာတော်။ သိကြားနဲ့တွေ့ဖို့ ငါတာဝန်ထားပါ။ မြို့ရှာမှာ တန်ဆောင်း မထွန်းပလွှင် ဆောက်လုပ်ပါ။ သိကြားမင်း ဆင်း





လာစေရမယ်။ လာရောက်တဲ့အခါမှာ နတ်သိကြားတို့မည်သည်မှာ စကားများများ မပြော။ ဒါကြောင့် မိမိလိုအပ်ရာ စကားသုံးခွန်းကိုသာ မေးပါ"

ဟူ၍ တားမဲ့ဆရာတော်ဘုရားက မိန့်ဆို၏။

ထိုကဲ့သို့ တားမဲ့ဆရာတော်က မိန့်ဆိုခဲ့သည့်အတိုင်း စီမံဆောင်ရွက်သောအခါ သိကြားမင်းရောက်လာ၏။

(၁) မေး ။ ။ တာဝတိံသာနှင့် လူပြည် ယူဇနာရှစ်သောင်းလေးထောင် ကွာသည်။ မည်သည့်အချိန်က ကြွခဲ့ပါသနည်း'

ဖြေ ။ ။ နတ်သိကြားတို့အာနုဘော်တို့ကြောင့် ခဏဖြင့်ရောက်နိုင်ပါသည်။

(၂) မေး ။ ။ သိကြားမင်း.. ကျွန်းခံ့သာ ချမ်းသာပါ၏လော။

ဖြေ ။ ။ လူမင်းတို့၏ မေတ္တာကြောင့် ကျွန်းခံ့သာ မာပါ၏။

(၃) မေး ။ ။ သုဇာတာ၊ သုမာလာ စသော မိဖုရားတို့ရော ကျွန်းခံ့သာ မာပါ၏လော။

ဖြေ ။ ။ လူမင်းတို့၏ မေတ္တာကြောင့် ကျွန်းခံ့သာ မာပါ၏။

ဤသို့ စကားသုံးခွန်း သုံးကြိမ်ပြည့်သဖြင့် သိကြားမင်းသည် ပျောက်ကွယ်၍ သွားတော့၏။

ယင်းကဲ့သို့ ဘုရင်နှင့်သိကြားမင်းတို့ အလွှာပသလ္လာပ နှုတ်ဆက်မှုနှင့် သုံးကြိမ်စေ့သွားပြီး သိကြားမင်းကွယ်ပျောက်သွားသောကြောင့် အရေးပါ အရာရောက်သော စကားကို မမေးမြန်းလိုက်ရပါ။

ထိုအခါ နန္ဒဘုရင်သည် မကျေမချမ်း စိတ်လက်မကြည်မသာ ဖြစ်ကာ..

'ဒီဆရာတော်ဟာ ဆေးဝါးမန္တရား ပယောဂအတတ်ပညာနဲ့ ပြုလုပ်ဖန်ဆင်းပြီး ငါ့ကိုလိမ်လည်ခြင်းသာ ဖြစ်ဟန်တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အထင်တော်လွဲမှားကာ တားမဲ့ဆရာတော်ဘုရား၏ ဂုဏ်ရှိသိပ္ပ ဝိဇ္ဇာဓရ လောကီပညာ အတတ်ပညာရပ်များအပေါ်တွင် စိုးရိမ်မကောင်းဖြစ်လာသည့်အတွက် တားမဲ့ဆရာတော်ဘုရားအား တခြားတစ်ရပ်သို့ နှင်ပို့လိုက်တော့သည်။ ခြသေ့်ဆီနှင့် အုန်းမှုတ်ခွက်တို့သည် မည်သို့လိုက်ဖက်ပါမည်နည်း။။

* * *

<၇>

## သက်ကြီးစကား သက်ငယ်ကြား

ဤဖော်ပြပါတို့သည် သိဒ္ဓိပေါက် တားမဲ့ဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍ အကျွန်ုပ် ငယ်စဉ်တောင်ကျေး ကာလေးဘဝက မိဘဘိုးဘွားတို့က ဒဏ္ဍာရီပုံပြင်သဖွယ်ပြောပြခဲ့သည်များကို မှတ်သားမိသမျှ ပြန်လည်ရေးသား မှတ်တမ်းတင်ထားခြင်းဖြစ်ပါ၏။

အမှန်မှာ တားမဲ့ဆရာတော်ဘုရားကြီးနှင့် ဆက်နွယ်ပတ်သက်နေသော အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများသည် ထိုမျှသာရှိမည်မဟုတ်။ သိရှိမှတ်သားထားသူများ ရှိလေက ဆက်လက်၍ ရေးသားကြပါကုန်။ ။

❖

အစဉ်ထာဝရ ဂါရဝတရားဖြင့်...
ဆရာကြီးအရှိန္ဒမာ

www.burmeseclassic.com

www.burmeseclassic.com




# ထိုင်ရှိုးတဲ့ လူမျောက်ကြီး

<(က)>

ကျွန်တော် သူ့ကိုစတွေ့စဉ်က အလွန်ကိုလိမ်မာသော၊ ကြောက်တတ်သော မျောက်အကြီးစား (လူဝံ)လို့ ထင်မှတ်ခဲ့၏၊ သေသေချာချာ ကြည့်လိုက်မှ လူဖြစ်နေသည်။ သာမန် ဖျတ်ခနဲကြည့်လိုက်ပါက ပီဘိ လူဝံ (မျောက်) အကြီးစားကြီး အတိုင်းသာတည်း။

သူ့ကို ကျွန်တော် (......) မြို့ထဲက လမ်းမပေါ်မှာ တွေ့ခဲ့ရ၏။ ၎င်းလမ်းမကြီးသည် ရန်ကုန်–တောင်ငူ–မိတ္ထီလာသွား ကားလမ်းမကြီး၏ အစွယ်အပွားတစ်ခုဖြစ်၏။

မော့ကြည့်လျှင် ရိုးမတောင်မိုးနေသည်ကို မြင်ရ၏၊ တိမ်များ ပြေးနေ၏။

ကတ္တရာလမ်းမှ နာရီဝက်သာသာခန့် လမ်းလျှောက်သွားလိုက်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လျှင် ရိုးမတောင်ခြေသို့ တန်းရောက်၏။

ရိုးမနှင့် မြို့သည် ခုတော့ ဆက်စပ်နေပြီ။

သူသည် မျောက်အတိုင်းဖြစ်၏။ လက်ပြင်ကုန်း၏။ ခါးကုန်း၏။ မျက်ခုံးနှစ်ဖက် မောက်ပြီး မျက်စိခွက်ဝင်နေ၏။ အသားကလည်း မည်း မည်း၏။

ခြေနှစ်ဖက်ကား မျောက်များအတိုင်း ခွင်၍ ဖယ်တယ်တယ်။

လက်တံရှည်နှစ်ဖက်ကို လက်အုပ်ချီသလိုလုပ်၍ လူတိုင်းကို လိုက်ကန်တော့နေ၏။ ပိုက်ဆံပေးလျှင် မျောက်လိုလှမ်းယူ၏။

မပေးဘဲ ဟောက်ထုတ်လျှင်..

မျောက်များလိုပဲ ကြောက်လန့်တကြားကြည့်ပြီး မျောက်ဦးခေါင်း ငုံ့သကဲ့သို့လုပ်ကာ မြေကြီးကို လက်ထောက်ပြီး ကွကွကွကွနှင့် ပြေး၏။

ဆိုက်ကားသမားအချို့က..

"မျောက်ကြီး..ကားဝါးမယ်။ ရိုးမထဲ ဝင်တော့ဟ"

"မျောက်ကြီး..ဆိုင်ကယ်ကြိတ်မယ် မသာကောင်ရဲ့"

"ဗျို့..ကိုမျောက်ကြီး။ ဖိုးစိန်လို က,ပါဦးဗျ"

အမျိုးမျိုး ပိုင်းကြ၏။ ဆိုက်ကား၊ စက်ဘီးနှင့် ဆိုင်ကယ်များက ကိုမျောက်ကြီးဆိုသူကို ရှောင်၍ ကွင်း၍ သွားရ၏။ အချို့ ဆဲရေးတိုင်း ထွာ မေတ္တာပို့ကြ၏။

တစ်ခါတစ်ရံ သွားနေသည့်ကားများရှေ့မှာ ပေရပ်ပြီး မျောက် ကြည့် ကြည့်နေ၍ စပယ်ယာများက ဆင်းပြီး အော်ငေါက်ဖယ်ရှားရ၏။

ကျွန်တော်သည်..

ထူးဆန်းလှစွာ မျောက်နှင့်ချွတ်စွပ်နီးပါးတူလွန်းလှသော ထို သူထူးဆန်းကို လွန်စွာစိတ်ဝင်စားသွားခဲ့၏။

စိတ်ကူးသစ်စာပေ



ကိုယ်နှိုက်က စာတိုပေစများရေးနေ၍ ထူးထူးခြားခြားများကို မြင်လျှင် စပ်စုချင်၏။

သို့နှင့် မကြာခင်..

ကိုကျောက်အိုးကွဲဆိုသော မဆိုးတစ်ဦးနှင့် တွေ့ကြုံကာ သူ့ နောက်ခံရာဇဝင် ခပ်ဆန်းဆန်းကို ထိတ်လန့် တရားရဖွယ် ကြားသိခဲ့ ရလေသည်။

*** 

www.burmeseclassic.com

www.burmeseclassic.com

## < ၁ >

ကိုမျှောက်ကြီး၏ နာမည်အရင်းကား 'ကိုကျွဲရိုင်း' ဟူ၏။

သူသည် ရိုးမတောင်ခြေ 'ကျွန်းကြီးငုတ်တို' ရွာ၌ နေထိုင်၏။

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကား မုဆိုးဖြစ်၏။ ဆေးပင်၊ ဆေးဥ ရှာ၏။ ကိုကျွဲရိုင်းမှာ ဇနီးနှင့် တစ်နှစ်သားအရွယ် ကလေး တစ်ယောက်ရှိ၏။

မုဆိုးကြီးတော့ မဟုတ်။

မုဆိုးလတ်ဖြစ်၏။

ဒူးလေးပစ် အလွန်ဖြောင့်၏။ လှံပစ် တော်၏။ ပုဆိန်အခုတ် ကောင်း၏။ လူကလည်း ကျွဲရိုင်းလို မိုက်မိုက်ကန်းကန်း။ တစ်ဖွတ်ထိုး တဇောက်ကန်း။

အရက်လည်း ကြိုက်သမှ ညနေရောက်လျှင် သူရလာသည့် သားကောင် အူကလီစာဝမ်းတွင်းသားနှင့် ချက်အရက်နှစ်ပုလင်း နေ့တိုင်း သောက်၏။





ရိုးမကို သူတောဝင်ကျွမ်း၏။ သရဲ တစ္ဆေ ကျတ် ဘာကိုမှ မကြောက်။

တောဝက်ရှိသည့်နေရာ၊ ချေ ဒရယ် ကြိုက်သည့်နေရာ၊ ဖွတ် ကောင်းသည့်နေရာ၊ ယုန်ရမည့်နေရာ အကုန်သိ၏။ အခြားမုဆိုးကြီးများ နှင့်တွဲ၍ ပြောင်နှင့်ကျားနောက်ကိုပင် လိုက်ဖူး၏။

သူသည် ကျားလည်း လုံးဝမကြောက်။ ကျားသစ်ကိုလည်း မကြောက်။

အပေါင်းအသင်း မုဆိုးများက..

"ကျွဲရိုင်း..အတင့်မရဲနဲ့။ ကျားစာမိပြီး နတ်စိမ်းဖြစ်နေမယ်ဟ"

"ကျားလားကွ..။ ကျားများကွာ..ဒီလှံရှည်နဲ့ အရှင်လတ်လတ် တံစို့ထိုးပြီး တောထဲ မီးကင်စားပစ်မဟ။ ကျွဲရိုင်းကွ.."

သည်လိုလူစား..။

သူကြောက်သည်ကား ဆင်ရိုင်းအုပ်ပဲဖြစ်၏။ ဆင်ရိုင်းများသည် လေးငါးဆယ်ကောင် အုပ်ဖွဲ့၍နေ၏။ လူကိုမြင်လျှင် တရကြမ်း တောနင်း လာပြီး မိပါက အမှုန့်ဖြစ်အောင် ခြေနှင့်နင်းသတ်သောကြောင့်ဖြစ် သည်။

သူ့ဒူးလေးသည် ဆင်ကို မနိုင်။

သူ့လှံရှည် ပုဆိန်သည် ဆင်များအတွက် အချည်းနှီးတည်း။

သားကောင်မရသည့်နေ့ ကျွဲရိုင်းမှာ မရှိ။

သည်နေ့ တောဝက်ရလျှင် နက်ဖြန် ချေ (ဂျီ) ရ၏။ နောက်နေ့ ယုန်ရ၏။ ဒါမှမဟုတ် ဖွတ်ရ၏။ သင်းခွေချပ်ရ၏။

ရလာသည့်အသားကို သူ့မိန်းမ 'မကျောခင်း' က ဖျက်၍ ရွာလည်၊ မြို့လည် ရောင်း၏။ အချို့သားကောင်အရေခွံများကား ဈေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရသဖြင့် စုပြီး မြို့တက်ရောင်း၏။

သူ့ဆီမှာ အရိုး၊ အစွယ်၊ အရေခွံ အမျိုးမျိုးရှိ၍ ဈေးကော် ရကာ ငွေရှင်၏။ မိန်းမကို ရွှေနားကပ်ပင်ဆင်နိုင်ရကား သည်ဝန်းကျ မုဆိုးမှာတော့ ကျွဲရိုင်းက စားနိုင်သောက်နိုင် လူရာဝင်သော မုဆိုးဖြစ်

မုဆိုးကျွဲရိုင်းသည် မျောက်ချေးခါးကို အလွန်ကြိုက်၏။

မျောက်ချေးခါးဆိုသည်ကား..

မျောက်ကို ဦးစွာ မသေမရှင်ရအောင် ပစ်ရ၏။ ရသော် ဗိုက်ကို ခွဲ၍ အူချဉ်ဖမ်းရ၏။ မျောက်တို့သည် တောထဲတောင်ထဲတွင် သစ် သစ်နု၊ သစ်ဥအညွန့်များ စားကြသောကြောင့် အူ၊ အစာအိမ်ထဲ ချေးမဖြစ်သေးသောအပိုင်းသည် အစာစုံဖြင့် ဆေးဖက်ဝင်၏။ မွှေးကြ ရနံ့သင်း၏။

သေခါနီးမျောက်၏ဗိုက်ကိုဖွင့်၍ ၎င်းမျောက်ချေးခါးကို ရအောင် ဖမ်းရ၏။

ရရှိခဲ့သော် ဆီနှင့်ကြော်လှော်ပြီး အရက်နှင့်မြည်းပါက ပေါင်းစုံခ,ပြီး အားဓွန်ဗလ တိုးသောကြောင့်တည်း။

ဒါကြောင့် မျောက်ကို ရအောင်ရှာ၏၊ အသားကိုရောင် မျောက်ချေးခါးကိုမူ သူ့အတွက် အာဟာရသိဒ္ဓိမြောက် ဆေးတော် အဖြစ် အသုံးပြုကာ သန်မာထွားကျိုင်း၍ မကျောခင်းက အလွန်မြ လေ၏။

မျောက်ချေးခါးစားလိုသူများသည် မုဆိုးကျွဲရိုင်းထံမှာ ရော ပေး၍ မှာရ၏။ ဤကား ကျွဲရိုင်း၏ ထင်ပေါ်ကျော်ကြားမှုများဖြစ်သတည်း။

***

## ‹၈›

တစ်နေ့သောအခါ သူ တောထဲမှာ တောဝက်တစ်ကောင် ပစ်၍ ရခဲ့၏။ သည်နေ့အဖို့ နေ့တွက်ကိုက်ခဲ့ပြီမို့ စိတ်အေးချမ်းသာရှိခဲ့ပြီ။

တောဝက်သေကို သစ်ခက်များနှင့်အုပ်ခဲ့ပြီး မျောက်ရှာထွက် ခဲ့လိုက်၏။ မျောက်ချေးခါးမှာထားသူ သက်ကြီးသူဌေးနှစ်ဦး ရှိနေသည် ကို။

ဒါနှင့်အတူ..

ဝက်သေကို အခြားသားကောင်များမဆွဲစေရန် တောပိုင်တောင် ပိုင်များထံ အပ်နှံ၍ မျောက်များနေလေ့ရှိသည့် ညောင်ပင်တောရှိရာသို့ ဝင်ခဲ့လိုက်၏။

မျောက်တို့သည် လူရမ်းကား၊ လူသွမ်း မုဆိုးကျွဲရိုင်းကိုမြင်သော် အသံကုန်အော်ဟစ်၍ ဟိုအပင်သည်အပင်၊ ဟိုကိုင်းသည်ကိုင်း ကူး၍ ပြေးကြ၏။

တိရစ္ဆာန်ပင်ဖြစ်သော်လည်း..

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွဲရိုင်း၏အနံ့ကို သိကြ၏။ ကျွဲရိုင်း၏ခြေသံကို သိကြ၏။ ကျွဲရိုင်း၏တောက်ခတ်သံကို ကြားဖူးကြ၏။

ကျွဲရိုင်းလက်ချက်နှင့် သူတို့မိဘများ၊ သားချင်းများ သည် ညောင်ပင်ခြေရင်း မြေပြင်မှာ မြားတန်းလန်းစိုက်၊ ဗိုက်ခွဲ၊ အူနတ်ခံပြီး သေကြသည့် အဖြစ်ဆိုးကို မျောက်များ အကြိမ်များစွာ မြင်ခဲ့ကြရသောကြောင့်..။

မုဆိုးကျွဲရိုင်းလာပြီဆိုလျှင်..

သူတို့ဘဝ နိဂုံးချုပ်ရတော့မည်ကို သိပြီး အသက်ဘေးမှလွတ်အောင် ပြေးကြရ၏။ မပြေးနိုင်သူကား မုဆိုးကျွဲရိုင်း၏အမြည်း ဖြစ်ကြရလေ၏။

ခုလည်း..

ကျွဲရိုင်း ပုန်းလျှိုးကွယ်လျှိုးဝင်လာသည်ကို မြင်သည်နှင့် အချင်းချင်း အော်ဟစ်သတိပေး၍ ပြေးကြ၏။

"ကွိ..ကွိ..ကွစ်.."

"အိ..အိ..ကွိ..ကွိ.."

သည်မှာ သစ်ကိုင်းသစ်ရွက်များအကြား ပုန်းနေသည့် မျောက်တစ်ကောင်ကို ကျွဲရိုင်း လှစ်ခနဲမြင်လိုက်သည်။

မင်းတို့လျင်တာလောက်တော့ ကျွဲရိုင်းက ရယ်တာပေါ့။

ဒူးလေးမှာ မြားတစ်စင်းတပ်လိုက်ပြီး မြှောက်၍ချိန်ကာ ခလုတ်ကိုဖြုတ်ချလိုက်သည်နှင့်..

"ဂုစ်.."

"ဝီး.."

"ဖောက်.."

စိတ်ကူးသစ်စာပေ



"အွန်..ကွိ..ကွိ..အစ်..ကွိ.."

"ဖြောင်း..ဖရော..ဝရော..ဖြောင်း.."

"ဂုန်း.."

"ကွိ..ကွိ..အစ်..အစ်..ကွိ.."

သစ်ရွက်သစ်ကိုင်းများကို တိုးဝှေ့ပြီး မျောက်ကြီး မြေပြင်သို့ ပြုတ်ကျလာခဲ့တော့၏။ မျောက်ကြီးသည် မြေပြင်မှာလူးလိမ့်နေ၏။ ပြီးနောက် အားပြု၍ ကုန်းထလိုက်သည်။

"ဟယ်.."

ကြည့်စမ်း..။ သူပစ်လိုက်သည့်မြားတံသည် ရင်ခွင်ပိုက်ထားသည့် မျောက်သားငယ်၏ကျောကိုဖောက်၍ မျောက်မကြီးရင်ဘတ်တွင် မြားတံစူးဝင်ကာ မပြေးနိုင်ဘဲ မချိမဆံ့ဝေဒနာခံစားနေရသည်ကို ကျွဲရိုင်း မြင်တွေ့နေရ၏။

မျောက်မကြီးသည် ကျောမြားဖောက်ဝင်ပြီး ခေါင်းလန်၊ ဇက်လန်ဖြစ်နေသည့် သားကိုပိုက်၍ သူ့ရင်ဘတ်တွင် စူးဝင်နေသည့်ဒဏ်ကိုမျှ မငဲ့နိုင်ဘဲ ကြိုးစားထလိုက်သည်။

ကျွဲရိုင်း ပုဆိန်ရဲတင်းကို ညာလက်နှင့်မြှောက်၍ ပြေးမလိုဟန်ပြင်နေသည့် မျောက်မကြီးရှိရာသို့ ပြေးဝင်လာလိုက်၏။

ပြေးလို့မလွတ်မှန်း သိလိုက်သောအခါ..

သွေးသံရဲရဲ မျက်ရည်လည်ရွှဲနှင့် သားသေပိုက် မျောက်မကြီးသည် လက်နှစ်ဖက်ယှက်ကာ ဒူးထောက်ပြီး ကန်တော့နေသလိုဟန်၊ တောင်းပန်ဟန်နှင့် အသနားခံနေရှာ၏။

မျောက်မကြီး၏မျက်လုံးနှစ်လုံးမှာ မျက်ရည်များစီးကျနေသည်။ ရင်ဘတ်မှာ သွေးများစီးကျနေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျောက်မကြီး ကြောက်လွန်း၍ အသားဆတ်ဆတ်တုန်နေ၏။ ကျွဲရိုင်း သည်မျက်ရည်စိုမျက်လုံးနှင့် လက်အုပ်ချီ ကန်တော့ အသနားခံသလို လုပ်နေဟန်ကို အမှုမထား။

မျောက်ချေးခါးကိုပဲ မြင်နေသည်။

ပိုက်ဆံကိုပဲ မြင်နေသည်။

သည့်နောက် ပုဆိုးခန့်ခုနဲ့ဝင်လိုက်ပြီး..

ရဲတင်းအနောင့်နှင့် မျောက်မကြီးဦးခေါင်းကို ပြေးထုချလိုက်ရာ မျောက်မကြီး ဖင်ထိုင်လျက်ကျပြီး သားငယ်ကိုပိုက်၍ အသက်ထွက်သွားလေသည်။

သည့်မှာပဲ ဓားမြှောင်ကိုထုတ်၍ မြားတန်းလန်းမျောက်သားငယ်ကို ဖယ်ရှားလိုက်ကာ မျောက်မကြီးဝမ်းဗိုက်ပေါ်သို့ ဓားဦးကို ထိုးစိုက်၍ ပြခန်ခွဲချယိုက်တော့သည်။

❋ ❋ ❋

## ‹ ယ ›

လင်မယားနှစ်ယောက် သစ်ဥ၊ သစ်ဖုများနှင့် တိရစ္ဆာန်အရိုး၊ ဦးခေါင်း၊ အရေခွံများကို ထမ်းရွက်၍ တောလမ်းအတိုင်း မြို့ဦးတည်လမ်းသို့ လာခဲ့လိုက်သည်မှာ တစ်နာရီခန့်ရှိခဲ့ပြီ။

မိန်းမလုပ်သူ မကျောခင်းက ကလေးငယ်ကို ရင်ဘတ်မှာ အဝတ်နှင့်သိုင်း၍ ရောင်းကုန်တစ်ထုပ်တစ်မကို ရွက်လာရသဖြင့် ချွေးများ သီးနေ၏။

ကျွဲရိုင်းကလည်း သင်းခွေချပ်အရေခွံ၊ သမင်ခေါင်း၊ သမင်ရေအလိပ်ကြီးကို ထမ်းလာရ၍ ကျောမှာ ချွေးရွှဲနေ၏။

သည်နေ့ သည်ပစ္စည်းများကိုရောင်းချပြီး တစ်လစာ ရိက္ခာဝယ်ရမည်။ ပိုလျှံငွေကို လက်စွပ်လေးတစ်ကွင်းရလျှင် လုပ်ခဲ့မည်ဟု ညဦးကတည်းက တိုင်ပင်ပြီး နံနက်စောစော ထွက်ခဲ့ကြ၏။

လမ်းဟောင်းအတိုင်းသွားသော် ခရီးကြာမှာစိုး၍ ဆင်သွားလမ်းဟောင်းဘက်မှ လာခဲ့လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမက ကလေးကို ခဏနို့တိုက်ပြီးနောက် ရင်ခွင်တွင် လွယ်သိုင်းချီ၍ အထုပ်ကိုရွက်ပြီး ထလိုက်သလို ကျွဲရိုင်းက လည်း သားရေယိမ်ကြီးကိုထမ်းပြီး ထလိုက်သည်။

"ဟေ့.. ရှေ့က ဘယ်သူလဲကွ"

"ဟင်.."

"ရပ်လိုက်စမ်းကွ"

"ချောက်.. ချောက်.."

"ဟာ.. မိကျောခင်း။ လူဆိုးတွေဟ"

"ဟင်.. ဘယ်.. ဘယ်လိုလုပ်ကြမလဲဟင် ကိုကျွဲ"

"ပစ္စည်းတွေကို ဝှက်.. ဝှက်..။ ပြီးရင် ပြေးကြစို့"

လင်မယားနှစ်ယောက် ပါလာသည့်ရောင်းကုန်ပစ္စည်းများကို နီးစပ်ရာချုံများတွင် ဝှက်ပြီး တောလမ်းအတိုင်း ပြေးကြတော့သည်။

"ဟေ့.. မပြေးနဲ့လို့ပြောတာ မကြားဘူးလား"

"ရပ်နော်.."

"ပြေးပါဟ.. မြန်မြန်ပြေးပါ။ လိုက်လာပြီ"

"ကိုင်းဟာ.."

"ဒိုင်း.."

"အမလေးဗျ.."

လူဆိုးများပစ်လိုက်သည့် ကျည်တစ်တောင့်က ကျွဲရိုင်း၏ပေါင်ကို ဖောက်ဝင်သွားရကား ကျွမ်းပြန်ပြီး လိမ့်ကျသွားချေ၏။

"ကိုကျွဲ.."

"မိကျော.. ပြေး.. ပြေး.. နင်ပြေးတော့"

မကျောခင်းကား လင်သားလုပ်သူကိုပစ်၍ မပြေးနိုင်။ သားငယ်





ကိုပိုက်၍ တွဲခေါ်ဖို့ ပြေးဝင်အလာ..

"ဖောင်း.."

"ဒိုင်း.."

"အား.. အမလေးတော့်"

"မိကျောခင်း.. အမလေးဗျ"

ကျည်တစ်တောင့်က မှဆိုးကျွဲရိုင်း၏ခါးကို မှန်သွားသကဲ့သို့ နောက်တစ်တောင့်က သားကိုပိုက်ပြီး ပြေးဝင်လာသည့် မိကျောခင်းကို ထိမှန်သွားရကား..

ကျည်ဆန်က သားငယ်၏ကျောကို ဖောက်ပြီး မိကျောခင်း၏ ရင်ဝကို ဖောက်သွားတော့၏။

"မိကျောခင်း.. သား.. သားလေး.."

"ဒိုင်း.."

"ဖွမ်း.."

"ဟာ.."

ကံဆိုးလှချေ၏။ နောက်ထပ်ဝင်လာသောကျည်ဆန်သည် သူ့လက်ပြင်ကို ဖောက်၍ထွက်သွားသကဲ့သို့ တစ်တောင့်သောကျည်ဆန်က လက်အုပ်ချီတောင်းပန်နေသည့် မယားဖြစ်သူ မကျောခင်း၏ ဦးခေါင်းကို မှန်ကာ ခေါင်းပွင့်သွားပြီးနောက် လဲကျသွားလေ၏။

လူဆိုးများ ဆဲရေးတိုင်းထွာ၍ ပြေးလာနေကြ၏။

မှဆိုးကျွဲရိုင်း သွေးများပန်းထွက်ရင်းမှ မယားနှင့်သားရှိရာသို့ အားယူလှမ်းလိုက်စဉ် ဘိုင်းခနဲပြိုလဲကျသွားတော့သည်။

နောက်ဆုံး မျက်လုံးထဲ ရုတ်ခနဲမြင်လိုက်ရသည်ကား..

မိမိအချစ်ဆုံးမယားနှင့် သားကိုမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မြားတန်းလန်းစိုက် မျောက်မကြီးသားအမိ..။
ပြီး..လက်အုပ်ချီကန်တော့နေသည့် မျောက်မကြီး..။
သူ့မျက်လုံးများ ဝေဝါးကာ လုံးဝမလှုပ်နိုင်တော့။

✻ ✻ ✻

## < ၄ >

မုဆိုးကျွဲရိုင်း ကံဆိုးလှလေစွ။

ဒါပေသည့် အကုသိုလ်ဝဋ်ကြွေးကို အကြွေဆပ်ရန်အတွက် ကံကြွေးလည်း ကောင်းနေ၍ အသက်ရှင်ခဲ့ရ၏။

သေနတ်သံများကြား၍ သစ်တောအမှုထမ်းများနှင့် ဈေးသွား၊ မြို့သွားများ၊ ရွာခံမုဆိုးများ ရောက်ချလာသောအခါ..

ပွဲချင်းပြီးသေနေသော မကျောခင်းတို့သားအမိအလောင်းနှင့် ဖုတ်လိုက်ဖုတ်လိုက်အသက်ရှူနေသေးသော ကျွဲရိုင်းကို မြင်တွေ့သွားကြ၏။

သို့နှင့် မြို့ဆေးရုံသို့ ပို့ပေးခဲ့ကြသည်။

ကျောခင်းတို့သားအမိကို နီးရာမြို့သင်္ချိုင်းမှာ သင်္ဂြိုဟ်ခဲ့ပြီး ကျွဲရိုင်းကား လအတန်ကြာ ဆေးဝါးကုသမှု ခံယူခဲ့ရ၏။

ဒဏ်ရာများကျက်၍ ဆေးရုံမှပြန်ဆင်းသောအခါ ခြေထောက်နှစ်ဖက် ခွင်သွားသည်။

---

စိတ်ကူးသစ်တစေ

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်များ ဖြူသွားခဲ့သည်။

ခါးကုန်းသွားခဲ့သည်။

ဦးနှောက်က မူမမှန်တော့။

သူ့မယား မကျော့ခင်းနှင့် သားလုပ်သူကို တကြော်ကြော် အော်ခေါ်၍ ပြေးလွှားနေ၏။ လူလည်း မျောက်မျက်ခွက်ရုပ် ပေါက်လာခဲ့၏။

မျောက်မကြီး သူ့ကိုစိုက်ကြည့်နေတယ်ဟု အော်၏။

အိပ်လည်းမအိပ်၊ စားလည်းမစား..။ အိမ်မှန်း၊ ယာမှန်း၊ လူမှန်းမသိဖြစ်ပြီး ကြာတော့ မျောက်ပံလို လေးကိုင်းကြီးဖြစ်သွားခဲ့ကာ..

စိတ်ကောင်းလေးဝင်သလိုရှိလျှင်..

ရွာထဲဝင်၍ လူတွေ့တိုင်း ရှိုးပြီး ပိုက်ဆံတောင်း၏။ လက်ဝါး ဖြန့်၏။

မျောက်အော်သံကြားလျှင်..

လက်အုပ်ချီရင်းတန်းလန်းမှ ပြေးတော့၏။

ပြီး.. အော်ငို၏။

"ဟော့ကောင်.. မျောက်ကြီးလာပြီ" ဟု ဝိုင်းစကြလျှင် ငယ်သံပါအောင်အော်ပြီး ၎င်းလူကို အကြိမ်ပေါင်းများစွာထိုင်ရှိုးနေသည်ကား၊ ဘဝဆိုးဝဋ်ကြွေး အကြွေးဆပ်လိုက်ရသည်ကား..

လူကြမ်း၊ လူရိုင်း၊ ဘာမထီမှုဆိုး ကျွဲရိုင်း၏ ဘဝပုံရိပ်သာ ဖြစ်ပေတော့သတည်း။ ။

(ဝဋ်ကို နားလည်ခံစား သဘောပေါက်နိုင်ပြီး မေတ္တာတရားကို လက်ကိုင်ပြုနိုင်ကြပါစေ)

❖

နတ်လှူဦး



www.burmeseclassic.com

# ခရေမြိုင်တစ္ဆေ

⟨၁⟩

ကျွန်တော် ကိုလတ်၏အိမ်သို့ ရောက်သွားသောအခါ ကိုလတ် အိမ်ပြန်မရောက်သေး။ ကိုလတ်၏ဇနီး မြမြခက်က ကျွန်တော့်ကို ဧည့်ခန်း၌ နေရာချပေးသည်။

"မင်းအစ်ကိုနဲ့ ချိန်းထားလို့လား"

မြမြခက်က မေးသည်။

"ဆိုပါတော့"

"ကိစ္စရှိလို့လား"

"ကိစ္စထူးတော့ မရှိပါဘူး။ နေ့လယ်က ကျွန်တော့်ဆီ ဖုန်းဆက်လို့ပါ။ ခရေမြိုင်မှာ ရိုက်ထားတဲ့ဓာတ်ပုံတွေ ရပြီ၊ လာကြည့်ဆိုလို့"

"ဪ.. တို့ ပျော်ပွဲစားသွားကြတဲ့နေ့က ရိုက်ထားတဲ့ပုံတွေ





ထင်တယ်။ ဟုတ်တယ်။ မောင် မနက်က ပြောနေသံကြားတယ်။ ဒီနေ့ ဓာတ်ပုံတွေရမှာတဲ့"

"မမဦးနဲ့ အစ်ကိုကြီးကိုလည်း ဖုန်းဆက်ထားတယ်ပြောတယ်။ ဒီညနေ ထမင်းစား၊ ကော်ဖီသောက်ရင်း ဓာတ်ပုံတွေ ကြည့်ကြရအောင်လို့လေ"

"အင်း.. မင်းတို့ ညီအစ်ကိုမောင်နှမတွေကတော့ ချစ်ချစ်ခင်ခင် သိပ်ရှိကြတာပဲ။ ငါတော့ အားကျတယ်။ ကဲ.. ခဏထိုင်ဦး။ မင်းပြောသလိုဆို မကြာခင် ကိုကြီးနဲ့ မမဦးလည်း ရောက်လာမှာပဲ။ ငါ လုပ်စရာလေးတွေ လုပ်လိုက်ဦးမယ်"

"ကောင်းပြီ မမမြ"

မြမြခက် အတွင်းဝင်သွားသည်။ ကျွန်တော်သည် ဧည့်ခန်းဆက်တီ၌ တစ်ယောက်တည်းကျန်ခဲ့ရင်း ခရေမြိုင်အိမ်ကြီးအကြောင်း ပြန်စဉ်းစားကြည့်နေမိ၏။

ခရေမြိုင်အိမ်ကြီးက ကျွန်တော်တို့ ဥစ္စာရင်းမှန်၍ ပြန်ရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ပြန်ရသည်မှာလည်း မကြာလှသေး။

အဖြစ်ကို အကျဉ်းချုံး၍ ပြောရလျှင် သည်သို့ဖြစ်၏။

ခရေမြိုင်အိမ်ကြီးသည် အဘိုး (ကျွန်တော့်အဖေ၏အဖေ) နေထိုင်ခဲ့ရာ အိမ်ကြီးဖြစ်၏။ သန်လျင်တွင်ရှိ၏။ ပေနှစ်ရာပတ်လည်ခန့်ရှိ ခြံဝင်းကျယ်ကြီးဖြစ်ပြီး အထဲတွင် နှစ်ထပ်အိမ်ကြီးရှိသည်။ ယခုအနေနှင့် ကြည့်လျှင် ဒီဇိုင်းက ခေတ်မမီဟု ဆိုနိုင်သော်လည်း တစ်ချိန်က အဘိုးသည် ခေတ်မီဆန်းသစ်စွာ တည်ဆောက်ထားခဲ့သော နှစ်ထပ်တိုက်အိမ်ကြီးဖြစ်ရာ ယခုတိုင် ခိုင်ခံ့ဆဲ၊ လှပဆဲဟု ဆိုနိုင်၏။

တစ်ချိန်က မြို့စွန်တွင် တည်ရှိခဲ့ပြီး လူနေကျဲပါးခဲ့၍ တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



မကြီးမြင့်ခဲ့သော်လည်း ယခုအခါ လူနေစည်ကား တိုးတက်များပြားလာပြီး လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းလာသဖြင့် ခရေမြိုင်ခြံကြီးမှာ နေရာကောင်းဖြစ်လာပြီး တန်ဖိုးလည်း မြင့်တက်လာသည်ဟု ဆိုရမည်။

ဖြစ်ချင်တော့ အဘိုးမကွယ်လွန်မီက အဖေ့အား အမွေအဖြစ်ပေးခဲ့သည့် ထိုခြံ၊ ထိုအိမ်ကြီးတွင် အဖေက မနေဖြစ်ခဲ့။ အမေနှင့်အိမ်ထောင်ကျပြီး အလုပ်နှင့်နီးရာ ရန်ကုန်ကဲတွင် နေဖြစ်ခဲ့ရာ အဖေ၏ မွေးစားညီမ ဒေါ်လေးသဲဝါတို့မိသားစုကို နေစေခဲ့သည်။ ဒေါ်လေးသဲဝါမှာ အဘိုးက သမီးအဖြစ် မွေးစားခဲ့ခြင်းမဟုတ်။ မိဘမဲ့ဘဝဖြင့် အိမ်တွင်ခေါ်ယူ ကျွေးမွေးစောင့်ရှောက်ခဲ့ခြင်းသာဖြစ်ပြီး အဘိုးကွယ်လွန်ခါနီးတွင် အိမ်ထောင်ချပေးပြီး လုပ်ကိုင်စားသောက်ရန် ငွေရင်းငွေနှီးလုံလောက်စွာထုတ်ပေးခဲ့သည်။

သို့သော် ဒေါ်လေးသဲဝါ၏ယောကျ်ား ဦးထွန်းဦးက အသောက်အစား၊ လောင်းကစားသမားဖြစ်ရာ စီးပွားရေးမအောင်မြင်ဘဲ ချို့ငဲ့ဆင်းရဲသွားခဲ့၏။ ထို့ကြောင့် အဖေက ခရေမြိုင်တွင် နေခွင့်ပေးထားခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ဦးထွန်းဦးကွယ်လွန်သွားခဲ့ပြီး ဒေါ်လေးသဲဝါမှာလည်း သားတွေသမီးတွေနှင့် အဆင်ပြေနေခဲ့သည်။

သည်လိုနှင့် အဖေပင်စင်ယူပြီးနောက် အမေကလည်း မရှိတော့သည့်အလျောက် သားသမီးများဖြစ်ကြသော မမဦး၊ ကိုကြီး၊ ကိုလတ်နှင့် ကျွန်တော်တို့အား ထိုခရေမြိုင်အိမ်ကြီးအား အမွေအဖြစ်တရားဝင်ပေးခဲ့သည်။ ညီအစ်ကိုမောင်နှမလေးဦး အညီအမျှ ခွဲဝေယူရန်ဖြစ်၏။





ထိုသို့စီစဉ်မှုနှင့်ပတ်သက်၍ အဖေက ဒေါ်လေးသဲဝါအား
အကျိုးအကြောင်းရှင်းပြခဲ့ပြီး ခရေမြိုင်မှပြောင်းပေးရန် ပြောခဲ့ရာ ဒေါ်လေးသဲဝါက မပြောင်းပေးနိုင်၊ အိမ်ကို သူလည်းဆိုင်သည်ဟု ပြန်လည်ပြောဆိုခဲ့သည်။ သည်မှာပင် အဖေနှင့်ဒေါ်လေးသဲဝါတို့ ခရေမြိုင်ကိုအကြောင်းပြု၍ တရားတဘောင်ဖြစ်ခဲ့ကြရတော့၏။

အမှုကား တရားမမှုဖြစ်၍ တော်တော်နှင့် မပြီးပြတ်။ တရားဆိုင်စဉ်ကာလတွင် ခရေမြိုင်ကို နှစ်ဦးနှစ်ဖက် နေထိုင်ခွင့်မရကြဘဲ ဒေါ်လေးသဲဝါက သူမ၏သားသမီးများနှင့် သန်လျင် အခြားတစ်နေရာတွင် ပြောင်းရွှေ့နေထိုင်ခဲ့၏။

တရားရုံးမှ အမှုကို မဆုံးဖြတ်ပေးမီမှာပင် အဖေကွယ်လွန်သွားခဲ့သည်။ သို့ဖြင့် အဖေ၏သားသမီးများဖြစ်ကြသော ကျွန်တော်တို့က ဆက်၍တရားဆိုင်ခဲ့ရ၏။ ယခုတော့ အမှုက ပြီးပြတ်သွားပြီဖြစ်သည်။ ခရေမြိုင်ကို ကျွန်တော်တို့ရခဲ့ကြပြီ။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမလေးဦး အဖေ့ဆန္ဒအတိုင်း ခွဲဝေယူကြရမည်ဖြစ်၏။

ပြီးခဲ့သည့်အပတ် တနင်္ဂနွေနေ့က ကျွန်တော်တို့ မောင်နှမလေးယောက် မိသားစုများ ခရေမြိုင်တွင်ဆုံကာ ပျော်ပွဲစားလုပ်ခဲ့ကြသည်။ ခရေမြိုင်ကို ရောင်းချရန်လည်း သဘောတူခဲ့ကြ၏။

ကိုလတ်က..

"တခြားဝယ်တဲ့သူရှိရင် ရောင်းမယ်။ ပြီးရင် အားလုံး ညီတူညီမျှခွဲမယ်။ ဒါမှမဟုတ် တို့ညီအစ်ကိုမောင်နှမတွေထဲက လိုချင်တဲ့သူရှိရင်လည်း တန်ဖိုးသတ်မှတ်ပြီး ကျန်တဲ့သူတွေကို အမ်းယူပေါ့"

ဟု အကြံပြုခဲ့သည်။

"ငါတော့မယူနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမကြီးက သူမအခြေအနေကို ပွင့်ပွင့်လင်းလင်းပြောသည်။

"ငါလည်း လိုချင်ပေမယ့် မဝယ်နိုင်ပါဘူးကွာ"

ကိုကြီးကလည်း မမဦးလိုပင်။

ကျွန်တော်က..

"ကျွန်တော်လည်း မယူနိုင်ဘူး။ ကျွန်တော်တို့ထဲမှာ ကိုလတ်က အခြေအနေအကောင်းဆုံးပဲ။ မိဘအမွေ တခြားသူလက်ထဲ ရောက်မှ ထက်စာရင် ကိုလတ်ယူထားလိုက်တာ ပိုကောင်းတာပေါ့"

တိုက်တွန်းခဲ့သည်။

"အင်း.. ငါလည်း မင်းပြောသလို ဆန္ဒတော့ရှိပါတယ်၊ ဒါပေမဲ့ သိပ်ပြီးတော့ ငွေပိုငွေလျှံမရှိဘူးကွ"

ကိုလတ်၏ စကား။

"မင်းကလည်းကွာ.. လျှိုနေပြန်ပြီ။ သူ့ဇွေးသမီးနဲ့ ရထားတဲ့ ကောင်ကများ"

ကိုကြီးက ရယ်ပွဲဖွဲ့၏။

မမဦးက မြမြခက်ဘက်လှည့်ကာ..

"မြမြကရော မလိုချင်ဘူးလား"

ဟု မေးသည်။

"မြကတော့ ဘာမှပြောစရာမရှိပါဘူး။ မောင့်သဘောပါ"

ဟု မြမြခက်က ပြန်ပြောသည်။

"နေပါဦးကွာ။ မလောပါနဲ့။ ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက် တယ်ဆိုတဲ့စကားလို ဖြစ်နေမယ်"

ကိုလတ်က ချိန်ချိန်ဆဆ ပြောခဲ့သည်။

နောက်ဆုံးမှာ အဆင်ပြေလျှင် ခရေမြိုင်ကို ကိုလတ်ယူရန်





ကိုလတ်မယူလျှင် အခြားသူသို့ရောင်းရန် သဘောတူဆုံးဖြတ်ခဲ့ကြ၏။

ထိုနေ့က ကိုလတ်က သူ၏နီကွန်ကင်မရာလေးဖြင့် မိသားစု များ ရင်းနှီးကျွမ်းဝင်စွာ စားကြသောက်ကြ၊ ပြောကြဆိုကြပုံများကို ဓာတ်ပုံရိုက်ခဲ့၏။ ယနေ့တော့ ထိုဓာတ်ပုံများ ရပြီဟုဆိုသည်။ လာကြည့် ကြရန်နှင့် ထမင်းစားရန် ကိုလတ်ကခေါ်ထား၍ ကျွန်တော်တို့ရောက်လာ ခြင်းဖြစ်သည်။

ကျွန်တော်ရောက်ပြီး မကြာမီမှာပင် ကိုကြီးနှင့် မမဦးလည်း ရောက်လာကြသည်။

"ကိုလတ် မရောက်သေးဘူးလား"

"ရောက်တော့မှာပါ"

"အင်း.. ကိုလတ်က သူ ခရေမြိုင်ကိုယူဖို့ ဆုံးဖြတ်ထားလို့ များ တို့အားလုံးကို ခေါ်တာလား မသိဘူး"

မမဦးက တွေးတွေးဆဆပြောသည်။

"ဖြစ်နိုင်တယ်"

ကိုကြီးက ထောက်ခံ၏။

"ကျွန်တော်ကတော့ ဓာတ်ပုံတွေပဲ ကြည့်ချင်နေတယ်။ အဲဒီ ညနေက ကျွန်တော်ဘီယာမူးနေတဲ့ပုံက တော်တော်ရယ်ရမှာပဲ"

ကျွန်တော်က ပြောလိုက်သည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## ၂

မမဦးက ဦးစွာပင် ဓာတ်ပုံအိတ်ထဲမှ ဓာတ်ပုံများကို ထုတ်ယူ၍ကြည့်သည်။ ကိုလတ်က အဝတ်လဲရန် အိမ်တွင်းဝင်သွား၏။

ကိုကြီးက..

"ဓာတ်ပုံဆရာ ကိုလတ်က စိတ်ချရရဲ့လားကွာ။ ငါတို့ပုံတွေ ခေါင်းမပါဘဲ ကိုယ်ချည်းပဲများ ဖြစ်နေမလား"

ဟု ရယ်၍ပြောသည်။

"အဲဒါဆိုရင်လည်း မဆိုးဘူး ကိုကြီးရ၊ ခေါင်းပြတ်တစ္ဆေများဆိုပြီး ပုံထုတ်ရောင်းရင် အများကြီးရောင်းရမှာ"

ကျွန်တော်ကလည်း ရယ်စရာပြောသည်။

မမဦးက ဓာတ်ပုံနှစ်ပုံသုံးပုံကိုကြည့်ပြီး 'ဒါ.. ဘယ်သူ ဘယ်ဝါ ဘာညာ' ပြောရင်း စားပွဲပေါ်သို့ချသည်။ ကိုကြီးက ထိုဓာတ်ပုံများကို ယူ၍ကြည့်၏။

"ပုံတွေ ကောင်းသားပဲ၊ ဓာတ်ပုံဆရာ မဆိုးဘူး။ ဟဲ.. ဟဲ..





အထဲမှာ ငါအချောဆုံးကွ"

ကိုကြီးက သူကြည့်နေသောဓာတ်ပုံကို ကျွန်တော့်ထံမကမ်းသေးဘဲ ရယ်ပွဲဖွဲ့နေပြန်သည်။

"ဟာ.. ဒါ.. ဘာလဲ"

မမဦးထံမှ ထွက်လာသောစကားသံကြောင့် ကျွန်တော်က မမဦးကို လှမ်းကြည့်မိ၏။

မမဦးသည် ဓာတ်ပုံတစ်ပုံကို စိတ်ပါဝင်စားစွာ သို့မဟုတ် အံ့သြစွာ စိုက်ကြည့်နေ၏။ ကြည့်ရင်းမှ သေချာသည်ထက်သေချာအောင် ဓာတ်ပုံကို အနားကိုပို၍တိုးကပ်ကာ မျက်မှန်ကိုလည်း နေရာပြင်၍ ကြည့်နေ၏။

မမဦး ဘာကိုအံ့သြနေပါလိမ့်၊ ဘာကိုစိတ်ဝင်စားနေပါလိမ့်။

"ဒီ.. ဒီမှာကြည့်စမ်း ကိုထွေး"

ထိုဓာတ်ပုံကို မမဦးက ကျွန်တော့်ဆီသို့ လှမ်းပေးရင်း ပြောသည်။

"ဘာဖြစ်လို့လဲ မမဦး"

"နင် အရင်ကြည့်စမ်းပါ"

ကျွန်တော်က ဓာတ်ပုံကိုကြည့်လိုက်သည်၊ ဧည့်ခန်းထဲမှာ ကျွန်တော်တို့ လက်ဖက်စားရင်း စကားပြောနေကြပုံဖြစ်၏။ ကိုကြီးရော၊ ကိုကြီး၏ဇနီး မမစိန်ရော၊ မမြမြခက်ရော၊ ကျွန်တော်တို့ဇနီးမောင်နှံရော ပါဝင်သည်။ မမဦး၏သားကြီး တောဖနှင့် မမဦး၏ခင်ပွန်းလည်း ပါသည်။ မမဦး အိမ်ထဲဝင်သွားချိန် ဖြစ်လိမ့်မည်၊ မမဦး မပါ။

ဓာတ်ပုံက ညနေခင်းရိုက်ထားသောပုံဖြစ်၏။

ဓာတ်ပုံအလင်းအမှောင်က ကောင်းပါသည်။ ပုံတွေလည်း

www.burmeseclassic.com



ကောင်းပါသည်။ မမဦးက ဘာကို အထူးအဆန်းလုပ်နေပါလိမ့်။

"တွေ့လား.."

"ဟာ.."

ကျွန်တော် မျက်လုံးများပြူးသွားသည်ဟု ဆိုရမည်။ ကျွန်တော် နားမလည်နိုင်လည်း ဖြစ်သွားသည်။

ကျွန်တော်တို့ဓာတ်ပုံထဲမှာ ကျွန်တော်တို့၏နောက်ဘက် အိမ်အတွင်းဘက် နောက်ကျကျတစ်နေရာတွင် ဖြူဖြူသဏ္ဍာန်တစ်ခု။

အပီအပြင်ကြီးမဟုတ်။ သဏ္ဍာန်သာဖြစ်၏။ ဝိုးတဝါးဖြစ်၏။ သို့သော် အမျိုးသမီးတစ်ယောက်၏ သဏ္ဍာန်ဖြစ်ကြောင်းမူ ပြောနိုင်၏။

"ဖြူဖြူကြီး.."

"ဟေ..ဘာလဲကွ ကိုထွေး"

"ကိုကြီး..ဒီဓာတ်ပုံကို ကြည့်စမ်းပါဦး။ ကျွန်တော်တို့နောက်ဘက်မှာ တွေ့လား"

ကိုကြီးက ဓာတ်ပုံကိုလှမ်းယူပြီး ကြည့်သည်။

"မမဦး အိမ်အတွင်းဘက်ဝင်သွားတုန်း ရိုက်တာမို့ အပြင်က ညနေအလင်းရောင်နဲ့ အိမ်ထဲကအမှောင်နဲ့ ဒီလိုပေါ်နေတာလား"

မမဦးက ခေါင်းယမ်းသည်။

"ငါက အဲဒီနေ့က အပြာဝတ်ထားတာ။ အဖြူမှ မဟုတ်တာ။ ပြီးတော့ ငါက ဝဝ။ ဒီထဲက ပုံသဏ္ဍာန်က ပါးပါးရှည်ရှည်"

"ဒါဆို ဘယ်သူလဲ"

ကျွန်တော်တို့ ခေါင်းစားသွားကြသည်။

"တစ္ဆေများလား.."

အားလုံး၏နှုတ်မှ ပြိုင်တူထွက်လာသောစကား။





"ဘာတွေဖြစ်နေတာလဲ"

ကိုလတ်က အကျီလဲပြီး အိမ်တွင်းမှပြန်ထွက်လာကာ ကျွန်တော်တို့တွေ ခေါင်းချင်းရိုက်နေသည်ကို နားမလည်နိုင်သလို မေးသည်။

ကိုကြီးက ဓာတ်ပုံကို ထိုးပေးရင်း..

"ဓာတ်ပုံထဲမှာ ပေါ်နေတာ ထူးထူးဆန်းဆန်းပဲကွ။ တစ္ဆေများလားလို့"

ကိုလတ်က ဖျတ်ခနဲ ဆွဲယူကြည့်သည်။

"ဟာ..ဘာကြီးလဲ"

"ဒေါ်လေးသဲဝါတို့နေတုန်းက ဘာမှ ပြောသံ မကြားပါဘူး"

မမဦး အတွေးနှင့် ရေရွတ်သံ..။

"သူတို့ကို စပ်စပ်စုစုမမေးမိတာလည်း ဖြစ်နိုင်တယ်။ ဒါ..တစ္ဆေပုံသဏ္ဍာန်ပဲ"

ကိုလတ်ထင်မြင်ချက်..။

"တစ္ဆေက ဓာတ်ပုံထဲမှာ ပေါ်နိုင်မလား"

ကျွန်တော်က သံသယဖြင့် ဝင်မေးသည်။

"ငါဖတ်ဖူးတဲ့ စာအုပ်တွေထဲမှာတော့ ဓာတ်ပုံထဲမှာ ပေါ်နေတာတွေ တွေ့ရဖူးတယ်။ တစ်ခါက ဗြိတိသျှ ကိုလံဘီယာ ပါလီမန်လွှတ်တော်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်ကောင်စီအမတ်တွေကို ဓာတ်ပုံရိုက်ယူတဲ့အခါမှာ ဓာတ်ပုံရိုက်စဉ်က မပါတဲ့ အမတ်တစ်ဦးရဲ့ မျက်နှာပုံက ဓာတ်ပုံမှာပါနေတာ တွေ့ရတယ်။ အဲဒီအမတ်ဟာ အစည်းအဝေးကျင်းပနေချိန်မှာ အသည်းအသန်ဖြစ်နေလို့ အစည်းအဝေး လုံးဝမတက်နိုင်တဲ့ အမတ်ဖြစ်တယ်။ ဒီဓာတ်ပုံမူရင်းကို ကိုလံဘီယာမြို့တော် ဗစ်တိုရီးယားပါလီမန်အဆောက်အအုံမှာ ချိတ်ဆွဲထားတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က ရှည်လျားစွာ ရှင်းလင်းပြောပြသည်။

"ဒါဆိုရင် ခရေမြိုင်မှာ တစ္ဆေရှိနေတာပေါ့။ ဟုတ်လား..။ ဒုက္ခပဲ..။ အဲဒီလို တစ္ဆေခြောက်တဲ့အိမ်ဆိုရင် ငါတို့ ရောင်းလို့ရပါတော့ မလား"

မမဦးက စိုးရိမ်ထိတ်လန့်စွာ ပြောဏ်။

"တစ္ဆေဟုတ်ချင်မှ ဟုတ်မှာပါ"

ကျွန်တော်က တစ္ဆေဟု လက်မခံချင်။ မျက်ဝါးထင်ထင် မတွေ့ မမြင်ရဘဲ အထင်တွေ၊ အပြောတွေနှင့် ကျွန်တော်သည် ဘာကိုမျှလက်ခံ တတ်သူမဟုတ်။

"တစ္ဆေမဟုတ်ရင် ဒီသဏ္ဍာန်ကြီးက ဘာလဲ"

ကိုကြီး၏ ဇဝေဇဝါအတွေး..။

"ငါလည်း တစ္ဆေဆိုတာ လက်မခံချင်ဘူး။ ဒီတော့ ဒီလိုလုပ်မယ် ကိုထွေးရာ။ ငါတို့လင်မယား တစ်ညလောက် သွားအိပ်ကြည့်မယ်"

ကိုလတ်က ကျွန်တော့်ကိုဦးတည်၍ သူ့အကြံကို တင်ပြသည်။

"ကောင်းတယ်..။ အဲဒါ စမ်းသပ်မှုပဲ၊ တစ္ဆေရှိရင် တွေ့ရမှာပဲ။ အခြောက်မခံရဘူးဆိုရင် တစ္ဆေမရှိလို့ပေါ့"

ကျွန်တော်က ထောက်ခံလိုက်ဏ်။

"မြမြခက်က လိုက်ရဲပါ့မလား"

မမဦးအမေး..။

"သူ့ကို ဒီအကြောင်းမပြောဘဲ ခေါ်သွားမှာပေါ့။ စနေနေ့ည သွားအိပ်မယ်"

ထိုအချိန်တွင် မြမြခက် ဧည့်ခန်းတွင်း ဝင်လာသည်။

"ကဲ..ထမင်းစားရအောင်၊ ပြီးမှ ဆက်စကားပြောကြပေါ့"

❋ ❋ ❋

## ⋖၃⋗

တနင်္ဂနွေနေ့မနက်တွင် ကျွန်တော်သည် ကိုလတ်ထံသို့ ဖုန်း ဆက်လိုက်ဏ်။ စနေနေ့ည ခရေမြိုင်အိမ်တွင် ကိုလတ်တို့လင်မယား သွားအိပ်သောအခါ တစ္ဆေခြောက်ခံရ မခံရ ဟူသောကိစ္စကို အလွန် အမင်းသိချင်နေသည်ဖြစ်သောကြောင့် ကိုလတ်အကြောင်းမကြားမီ ကျွန် တော်က ဦးစွာဖုန်းဆက်ခြင်းဖြစ်ဏ်။

"ဟဲလို.."

"ကျွန်တော်ပါ ကိုလတ်၊ ကိုထွေးပါ"

"အေး..ငါတို့လည်း ခုပဲအိမ်ပြန်ရောက်တာ"

"ဘယ်လိုလဲ အခြေအနေ..။ ခရေမြိုင်မှာ ညက.."

သက်ပြင်းချသံကို ဖုန်းထဲမှပင် ပီပီသသကြားလိုက်ရဏ်။

"သေချာတယ် ကိုထွေး။ ခရေမြိုင်မှာ တစ္ဆေရှိတယ်"

"ဟာ.."

"ညက ငါတို့လင်မယား ကောင်းကောင်းအိပ်လို့ မရပါဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းမရှိးဆိုရင် ကြောက်လန့်နေတာ။ ခု. . ပြန်လာတော့ ဖျားတောင်နေတယ်"

"ဒီလောက်တောင် ဆိုးလား"

"အသံဗလံတွေ စုံအောင်ကြားရတယ်။ ခြေသံတွေ၊ ငိုသံတွေ၊ တွန်းသံတိုက်သံတွေ. . ။ ပြီးတော့ အဲဒီဖြူဖြူသဏ္ဌာန်ကြီးက အိပ်ခန်းထဲ ဝင်ဝင်လာတယ်။ ငါတို့အိပ်ရာနားမှာ လာရပ်တယ်။ အဆိုးဆုံးကတော့ ခြေထောက်ကို လာဆွဲတာပဲ"

"ဗျာ. . ခြေထောက်ကိုဆွဲတယ်. . ဟုတ်လား"

"မင်းမရှိးရဲ့ခြေထောက်ကို ဆွဲတာ။ သူလည်း လန့်အော်တာ အသံကုန်ပဲ။ ငါတို့ မိုးလင်းထိ တစ်မှေးမှမအိပ်ခဲ့ရဘူး"

"ဒါဆို တစ္ဆေရှိတာ သေချာပြီပေါ့။ ဟုတ်လား. ."

"ငါတော့ လက်ခံသွားပြီ။ ဒီမနက် အနားဝန်းကျင်မှာ ငါစုံစမ်းကြည့်တော့လည်း ဒီအိမ်မှာ တစ္ဆေရှိတယ်လို့ ပြောကြတယ်"

ကျွန်တော် ဘဝင်မကျ။

"ဒေါ်လေးသဲငါတို့ နေလာကြတာ နှစ်တွေမနည်းဘူး။ အမှုပြစ်မှ သူတို့ ဒီအိမ်က ပြောင်းသွားကြတာ။ လူမနေတဲ့နှစ် သုံးနှစ်လောက်ပဲ ရှိခဲ့တာလေ။ ဒီကြားမှာ တစ္ဆေက ဘယ်လိုရောက်လာတာလဲ"

"အဲဒါတော့ ငါလည်းတွေးမရဘူး ကိုထွေးရ"

"မမဦးတို့၊ ကိုကြီးတို့ သိရင် အရမ်းစိတ်တာတ်ကျသွားမှာပဲ။ ဒီပုံနဲ့ဆို ခရေမြိုင်က ရောင်းလို့ရဖို့တောင် မလွယ်ဘူး။ ရောင်းရရင်တောင် ဈေးကောင်းရမှာ မဟုတ်ဘူး"

"သေချာတာပေါ့"

ကျွန်တော်ကတော့ လက်မခံချင်ဘူး ကိုလတ်ရာ။ ကျွန်တော် သွားအိပ်ကြည့်ဦးမယ်"

"ဟာကွာ. . မင်းက စိတ်အညစ်ခံပြီး စမ်းသပ်ဦးမလို့လား။ မသွားပါနဲ့. . ။ ငါတို့ကိုယ်တွေ့ပဲကွာ"

"ကိုလတ်ပြောတာကို မယုံလို့ မဟုတ်ပါဘူး။ ကျွန်တော်က လက်တွေ့သမားလေ. . ။ သိပ္ပံသမားလေ. . ။ ကျွန်တော်ကိုယ်တိုင်တွေ့မှ လက်ခံနိုင်မှာမို့ပါ"

ကိုလတ်၏ သက်ပြင်းချသံ ကြားရပြန်၏။

"ဒီလိုဆိုတော့လည်း မင်းသဘောပဲပေါ့ ကိုထွေးရာ။ မင်း ဘယ်နေ့ည သွားအိပ်မှာလဲ။ ငါလိုက်ပေးရမလား"

"ရုံးပိတ်ရက်မှ ကောင်းတာ ကိုလတ်။ လာမယ့်စနေနေ့ညပဲ သွားမယ်။ ကိုလတ်မလိုက်ပါနဲ့။ ရပါတယ်. ."

"မင်းမိန်းမ ခေါ်သွားမှာလား။ သူလန့်နေမယ်"

"မခေါ်ဘူး ကိုလတ်။ ကျွန်တော်တစ်ယောက်တည်း သွားမှာ"

"ငါ မင်းကို စိတ်မချဘူး ညီလေးရာ"

"ရပါတယ်. . ။ မပူပါနဲ့"

"အခုအကြောင်းကို မမဦးနဲ့ ကိုကြီး မေးလာရင် ငါဘယ်လို ပြောသင့်လဲ"

"ဒါကတော့ အမှန်အတိုင်းပဲပြောလိုက်ပါ ကိုလတ်။ ဒါက ဖုံးကွယ်စရာမှ မလိုတာ။ ညီအစ်ကိုမောင်နှမတွေအားလုံး ဆိုးတူကောင်းတူပဲပေါ့"

"ဒါဆိုလည်း ကောင်းပြီ"

❋ ❋ ❋





www.burmeseclassic.com

www.burmeseclassic.com

## ၄

ခရေမြိုင်တွင် ကျွန်တော်ညသွားအိပ်မည့်အကြောင်းကို ကိုလတ်မှတစ်ဆင့် မမဦးနှင့်ကိုကြီး သိသွားသည်။ မမဦး ကျွန်တော့်ကိုခေါ်ကာ တားသည်။

"မသွားပါနဲ့ မောင်လေးရယ်။ အဲဒါက အကျိုးမရှိတဲ့ စမ်းသပ်မှုပဲ"

"ဘာကြောင့်အကျိုးမရှိရမှာလဲ မမဦးရဲ့။ တစ္ဆေရှိတယ်ဆိုရင် ခရေမြိုင်က ရောင်းဖို့ခက်သွားပြီ။ တစ္ဆေမရှိတာ အခိုင်အမာဖြစ်မှ ရောင်းလို့ရမှာ"

"ဝယ်သူကို မပြောနဲ့ပေါ့"

"မမဦးကလည်း..။ ငွေသိန်း ရာနဲ့တောင်ချီပြီး ဝယ်ရမယ့်ကိစ္စမှာ ဝယ်မယ့်လူက စုံစမ်းဦးမှာပေါ့။ ပတ်ဝန်းကျင်က တစ္ဆေခြောက်ပါတယ်ပြောရင် ဝယ်ပါတော့မလား"

"မင်းသွားအိပ်တော့ရော"





"ကျွန်တော်အိပ်လို့ တစ္ဆေခြောက်မခံရရင် ပတ်ဝန်းကျင်မှာ ကျွန်တော်က အခိုင်အမာ သက်သေနဲ့ သူတို့အထင်ကို ချေဖျက်ပစ်လို့ ရတာပေါ့"

"ကိုလတ်က ကိုယ်တွေ့တွေ့ခဲ့ပြီးပြီလေ။ မြမြခက်ဆိုရင် လန့်ပြီးတောင် ဖျားတာ"

"ကျွန်တော်မယုံဘူး မမဦး"

မမဦးက ကျွန်တော့်ကို စူးစမ်းသလို စိုက်ကြည့်သည်။

"မင်းက ဘာကိုမယုံတာလဲ။ တစ္ဆေရှိတယ်ဆိုတာကို မယုံတာလား။ ကိုလတ်ပြောတာကို မယုံတာလား"

ကျွန်တော့်စိတ်ထဲမှာ တစ်စုံတစ်ခုသောအတွေးသည် မမဦးစကားကြောင့် ပေါ်ထွက်လာ၏။ 'ကိုလတ်ပြောတာကို မယုံတာလား' ဟူသော မမဦးစကားကြောင့်..။

'ကိုလတ်ကို မယုံချင်စရာဖြစ်နေတာလား။ ကိုလတ်က မယုံနိုင်စရာရှိလို့လား'

ကျွန်တော်တို့ညီအစ်ကိုမောင်နှမလေးယောက်ထဲမှာ အထက်မြက်ဆုံး၊ အသွက်လက်ဆုံး၊ အတော်ဆုံး၊ စီးပွားရေးလောဘ်အမြင်ဆုံး၊ အအောင်မြင်ဆုံး၊ အကြီးပွားဆုံးဖြစ်သော ကိုလတ်ကိုပဲ ကျွန်တော်သံသယဝင်နေမိတာလား။ တစ္ဆေကိုပဲ မယုံကြည်၊ လက်မခံချင်တာလား။

"ကျွန်တော်က တစ္ဆေကို မတွေ့ဖူးဘူး။ မကြုံဖူးဘူး။ သူများပြောတိုင်းလည်း မယုံတတ်ဘူး။ ဒါကြောင့်ပါ"

မမဦးကို ကျွန်တော် ဤသို့ပဲပြန်ဖြေလိုက်သည်။

"ဒါဖြင့် မင်း ညသွားအိပ်ဖို့ တကယ်ဆုံးဖြတ်ထားပြီပေါ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမဦးက မင်းကိုချစ်လို့ ပြောတာပါ။ မင်း ထိတ်လန့်စရာတွေ ကြုံရမှာ စိုးလို့ပါ။ ခရေမြိုင်ကို မရောင်းရတော့လည်း ဘာဖြစ်လဲကွယ်။ ရောင်းပြီး ဈေးကောင်းမရတော့လည်း ဘာအကြောင်းလဲကွယ်။ မဟုတ်ဘူးလား"

ကျွန်တော်တို့အထဲမှာ အကြီးဆုံးလည်းဖြစ်ပြီး တရားသဘောလည်းရှိသော မမဦးက မချမ်းသာသော်လည်း လောဘကင်းကာ အေးငြိမ်းလှသည်။ ကျွန်တော့်ကိုလည်း မောင်အငယ်ဆုံးမို့ အလွန်ချစ်သူဖြစ်သည်။ ကျွန်တော်ကလည်း အစ်မကြီးအမိအရာဆိုသလို မမဦးကို ချစ်ကြောက်ရိုသေ လေးစားခင်တွယ်သူဖြစ်ပါသည်။

"မမဦး စေတနာနဲ့ မေတ္တာကို ကျွန်တော်နားလည်ပါတယ်။ ကျွန်တော်ကလည်း တခြားဘာကြောင့်မှမဟုတ်ပါဘူး။ တစ္ဆေကို မယုံလို့ပါ"

မမဦး သက်ပြင်းချသည်။

"တစ္ဆေကို မယုံလို့ ဆိုရင်တော့လည်း မင်းသဘောပါပဲ"

ထိုကိစ္စကို ကိုကြီးကလည်း ကန့်ကွက်သည်။

"ညီလေးရာ.. အလုပ်ပိုတွေ လုပ်မနေစမ်းပါနဲ့။ သူ့ဘာ့သာ တစ္ဆေခြောက်ခြောက်၊ မခြောက်ခြောက် ဘာဖြစ်လဲ၊ မင်းသွားနေမှာမှ မဟုတ်တာ"

"ကျွန်တော်တို့က ခရေမြိုင်ကို ရောင်းမှာလေ။ ဝယ်မယ့်သူ့မရှိရင် ဘယ်လိုလုပ်မလဲ"

"တခြားသူမဝယ်ရင် ကိုလတ်က ယူမှာပဲ။ သူက သူ့ဈေးလေကွာ"

"ကိုလတ်ကရော ယူချင်ပါ့မလား"

စိတ်ကူးသစ်စာပေ



"ဒီကောင်က စီးပွားရေးသမားကွ။ တစ်ထောင်တန်တာကို ငါးရာနဲ့ရရင် ယူမှာပဲ။ တခြားသူ မယူရင် သူ့ကို ဈေးလျှော့ရောင်းတာပေါ့"

ကိုကြီး၏စကား ကြားမှ ကျွန်တော် ဖျတ်ခနဲ သံသယအတွေး ဝင်ပြန်သည်။

'ကိုလတ်ကပဲ ခရေမြိုင်ကို ဈေးချောင်ချောင်နှင့်လိုချင်၍ တစ္ဆေ ဇာတ်လမ်း ထွင်လေသလား'

.. ဟု၍။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ညအိပ်ကြည့်မယ် ကိုကြီးရာ။ ဒါမှ အဖြေက ရှင်းသွားမှာ"

ကျွန်တော် အနိုင်အမာထပ်ပြောလိုက်သည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## <၉>

"အစ်ကိုမသွားရဘူး..။ အစ်ကို့ကို စိတ်မချဘူး"

ကျွန်တော့်ဇနီးသည် မှုံ့က တားပြန်သည်။

"စိတ်ချပါ မှုံ့ရယ်။ အစ်ကိုက ကြောက်တတ်တဲ့သူ မဟုတ်ပါဘူး"

"ဟင့်အင်း..အစ်ကိုမသွားနဲ့။ အစ်ကိုသွားမယ်ဆိုရင်တော့ မှုံ့ပါလိုက်မယ်"

"ဟာ..ဘယ်ဖြစ်မလဲ။ မှုံ့က ကြောက်တတ်တဲ့သူ"

"ရပါတယ်..။ အစ်ကိုပါနေတာပဲ"

"မလိုက်ပါနဲ့ကွာ..။ အစ်ကို့ဘာသာ သွားပါမယ်"

"မရဘူး..။ မှုံ့မလိုက်ရဟူးဆိုရင် အစ်ကိုလည်း မသွားနဲ့။ အစ်ကိုသွားမယ်ဆိုရင်တော့ မှုံ့ပါ ခေါ်သွား"

"ကဲ..ဒါဆိုလည်း ကောင်းပါပြီဗျာ။ မှုံ့မိဘတွေကို အကျိုး





အကြောင်းပြောပြီး ကလေးတွေကို အပ်ခဲ့တာပေါ့။ မှုံ့နဲ့အစ်ကိုကတော့ မှုံ့ ဟန်းနီးမွန်းထွက်တယ်လို့ သဘောထားပေါ့ကွာ။ ဟုတ်ပြီလား"

မှုံ့က ခေါင်းညိတ်သည်။ မှုံ့ကို ထွေးဖက်ရင်း မှုံ့အချစ်ကိုလည်း ကျွန်တော် ပိုမိုနားလည် ခံစားရမိပါသည်။

စနေနေ့ညနေမှာ ကျွန်တော်တို့လင်မယား ခရေမြိုင်သို့မသွားမီ မမဦးဆီမှ ဖုန်းလာသည်။

"မောင်လေး..စိပ်ပုတီးယူသွား။ ဟိုကျရင် ပရိတ်တွေဘာတွေ ရွတ်နော်။ မြင်ရ မမြင်ရတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကို မေတ္တာပို့ပြီးမှ အိပ်"

မမဦး၏ အစ်မကြီးမေတ္တာ ကြီးမားအေးမြမှုကို ကျွန်တော်နားလည်ရပြန်ပါ၏။

"ဟုတ်ကဲ့ပါ မမဦး"

"တစ်ယောက်တည်းမို့ မမဦးက စိတ်မချတာ။ မမဦး လိုက်ခဲ့ရမလား"

"ဟာ..မမဦး မလိုက်ပါနဲ့။ မှုံ့က အဖော်လိုက်ပေးမယ်တဲ့"

"ဟင်..ညီမလေးကို ခေါ်သွားမှာလား။ မခေါ်သွားပါနဲ့ကွယ်။ သူက မိန်းမသား။ ပြီးတော့ သူက သိပ်ကြောက်တတ်တာ"

"မမဦး မပူပါနဲ့။ သူက အချစ်ကြောင့် သတ္တိခဲမလေး ဖြစ်နေပြီ။ ဟဲ..ဟဲ.."

ကျွန်တော်က မမဦးစိတ်လက်ပေါ့ပါးစေရန် ရယ်၍ပြောလိုက်သည်။

မမဦး သက်ပြင်းချရှာသည်။

"ဘုရား၊ တရား မမေ့နဲ့နော်"

အထပ်ထပ်အခါခါမှာပြီး မမဦးဖုန်းချသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကိုတော့ ကြိုတင်ပြီး မှံပါမည့်အကြောင်း ပြောထားပြီးသား ဖြစ်၍ ကိုကြီးဆီမှ ဖုန်းမလာ။ ကိုလတ်ကသာ ဖုန်းဆက်၏။

"မင်း တကယ်သွားဖြစ်လား"

"သွားဖြစ်တယ် ကိုလတ်"

"စိတ်ထဲ စနိုးစနောင့်ဖြစ်ရင် မသွားနဲ့လို့ ပြောမလို့ပါကွာ"

"ကိုလတ်ကလည်းဗျာ..။ ကျွန်တော်က ယောက်ျားပါ။ တစ္ဆေဆိုတာ ရုပ်ဒြပ်မှ မရှိတာ။ လူလောက် ကြောက်စရာမကောင်းပါဘူး"

"အေးလေ.. ဒါဆိုလည်း ပြီးတာပါပဲ၊ ဒါပေမဲ့ သတိစိရိယတော့ ရှိပါစေ"

"ဟုတ်ကဲ့.."

ကျွန်တော်တို့ ခရေမြိုင်တွင် ညသွားအိပ်မည့်ကိစ္စမှာ စစ်ဆင်ရေးကြီးတစ်ခုလို ကြီးကျယ်နေခဲ့လေ၏။ မှံ့ကို ကျွန်တော်ပြောခဲ့သလို ဟန်းနီးမွန်းခရီးသာ ဖြစ်ပါစေဟုလည်း ကျွန်တော်ဆုတောင်းမိပါ၏။

✻ ✻ ✻

## ⟨၆⟩

ခရေမြိုင်ကို ကျွန်တော်နှင့်မှံ့ ရောက်သွားသောအခါ ညနေ မှောင်ရီပျိုးစမှာပင် ဖြစ်၏။

ခရေပင်ကြီးများဝန်းရံနေသော နှစ်ထပ်တိုက်ကြီးမှာ ထီးတည်း ငုတ်တုတ်ဖြစ်သည်။ ချုံနွယ်ပိတ်ပေါင်းများကို မရှင်းရသေး၍ခြံဝန်းကျယ်ကြီးကလည်း သာယာနှစ်လိုဖွယ်မရှိ၊ တိုက်ကြီးမှာလည်း ဖုန်များ၊ မြူများ၊ ပိုးအိမ်များဖြင့် အနံ့အသက်ကလည်း မကောင်းလှ။

တံခါးကို သော့ဖွင့်ပြီး ဝင်လိုက်သောအခါ တံခါးရွက်ပတ္တာက ဆီမရှိ၍ တကျွီကျွီအော်ကာ ပွင့်သွားသည်။ ညအခါ လေတိုက်၍ တံခါးရွက်များပွင့်လျှင် ချောက်ချားစရာဖြစ်ပေလိမ့်မည်။

"လာ.. မှံ့.. အထဲဝင်ကြမယ်"

ကျွန်တော်က တစ်ဖက်က ခရီးဆောင်အိတ်ကိုဆွဲ၍ ကျန်တစ်ဖက်က မှံ့လက်ကိုဆွဲကာ အတွင်းသို့ ဝင်လိုက်သည်။ မှံ့လက်ကလေးတွေ အေးနေသည်ကို သတိပြုမိ၏။ ကြောက်စိတ်ကို တင်း၍ထားသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မုံ့မျက်နှာကလေး ငယ်နေကြောင်းကိုလည်း ကျွန်တော်တွေ့သည်။

လက်ကို တင်းတင်းဆုပ်ရင်း..

"မုံ့ကြောက်နေလား"

မေးလိုက်သည်။

"မကြောက်ပါဘူး အစ်ကို"

မုံ့ ချက်ချင်းပြန်ဖြေပါ၏။ သို့သော် မုံ့အသံတွေ လှုပ်ခါနေသည်ကိုမူ သူမငြင်းနိုင်မည်မဟုတ်။

"အစ်ကိုရှိပါတယ်။ အစ်ကိုက ဆေးကောင်းဝါးကောင်းတွေ ရှိတယ် မုံ့ရဲ့။ ဘာမှ ကြောက်စရာမလိုဘူး။ တုတ်ပြီးတယ်၊ ဓားပြီးတယ်။ သေနတ်ပြီးတယ်။ တစ္ဆေသရဲလည်း ပြီးတယ်"

မုံ့စိတ်ကို ပေါ့ပါးစေရန် ကျွန်တော်က အရယ်ဖွက်၍ ပြောလိုက်ကာ အတွင်းသို့ဝင်လာခဲ့ကြ၏။

ညည်ခန်းရှိ ခုံဟောင်းတစ်လုံးပေါ်တွင် အိတ်ကိုတင်လိုက်သည်။ အိမ်ထဲမှာက လူမနေ၍ မည်သည့်ပရိဘောဂမျှ မရှိ။ ဆက်တီမရှိ၊ စားပွဲမရှိ။ သို့သော် မီးခလုတ်ကို စမ်း၍ဖွင့်သောအခါ မီးက လင်းလာသည်။ ပျော်ပွဲစားထွက်သောနေ့ကတည်းက မီးခလုတ်များ၊ မီးချောင်းများ ကောင်းနေဆဲဖြစ်ကြောင်း ကျွန်တော်သိထားသည်လေ။

"အောက်မှာ ခဏနေမယ်။ ပြီးမှ အပေါ်ထပ်တက်တာပေါ့"

"ဟုတ်ကဲ့ အစ်ကို"

မုံ့က တံမြက်စည်းတစ်ချောင်းရှာလာကာ ညည်ခန်းထဲမှာ လှည်းကျင်းလိုက်၏။ ကျွန်တော်က ခရီးဆောင်အိတ်ထဲမှ လက်နှိပ်ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင်တို့ကို အသင့်ထုတ်၍ ခုံပေါ်တင်လိုက်သည်။ မုံ့ လှည်းကျင်းပြီးသောအခါ ပလတ်စတစ်အခင်းတစ်ခုကို ဖြန့်ခင်းလိုက်





သည်။

"မုံ့..ကော်ဖီသောက်မလား"

"ကောင်းသားပဲ။ အပြင်မှာ အေးလာတယ်၊ ကော်ဖီပူပူလေးနဲ့ ဆိုရင် နွေးသွားတာပေါ့"

ကျွန်တော်တို့နှစ်ယောက် အိမ်မှထမင်းစားလာခဲ့ပြီးဖြစ်သည်။

"ဒါဆို ရေနွေးကျိုကြမယ်။ မီးဖိုနဲ့ ရေနွေးအိုးက မီးဖိုခန်းထဲမှာ အဆင်သင့်ရှိတယ်။ မုံ့ ဒီမှာနေခဲ့မလား၊ မီးဖိုထဲ လိုက်မလား"

"မုံ့ပါ မီးဖိုထဲလိုက်မယ်"

"ကဲ..ဒါဖြင့် လာ"

ကျွန်တော်တို့ မီးဖိုခန်းထဲသို့ ဝင်ခဲ့ကြ၏။ မီးဖိုခန်းမီးကို ဖွင့်လိုက်တော့ အခန်းတစ်ခုလုံး လင်းတိန်သွားသည်။

"ဝုန်း.."

"ရှောင်း.."

ရုတ်တရက်မို့ မုံ့လန့်သွားကာ ကျွန်တော့်လက်မောင်းကို ဖျစ်ခနဲ တင်းတင်းဆုပ်ကာ အနားတိုးလာသည်။

သို့သော် ဘာမျှမဟုတ်ပါ။ ကာလကြာရှည်စွာ လူမနေခဲ့သောကြောင့် ကြွက်များ အိမ်မှာမင်းမူနေခြင်းသာဖြစ်၏။ မီးရောင်နှင့် လူသံကြောင့် ကြွက်ကြီးနှစ်ကောင် ဖြတ်ပြေးပြီး မီးဖိုအောက်ဘက်သို့ ဝင်ပြေးသွားကြခြင်းဖြစ်သည်။

"အရေးထဲမှာ ဒီကြွက်တွေကလည်း.."

မုံ့က အသံတုန်တုန်နှင့် တိုးတိုးရေရွတ်သည်။

ကျွန်တော် ပြုံးလိုက်သည်။

"မုံ့ပြန်မလား။ အချိန်ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



“အိုး . . ဘာလို့ပြန်ရမှာလဲ”

“မှုံကြောက်နေမှာစိုးလို့”

“အစ်ကိုရှိနေမှတော့ မှုံဘာကိုကြောက်ရမှာလဲ”

“ကြိုက်သွားပြီ မှုံရေ”

ကျွန်တော်တို့ အကြည့်ချင်းဆုံကာ အပြုံးချင်းဖလှယ်လိုက်ကြ၏။

ကျွန်တော်တို့နှစ်ဦး၏ ဟန်းနီးမွန်းခရီး သို့မဟုတ် တစ္ဆေစုံစမ်းရေးခရီးကား စတင်ခဲ့လေပြီ။

“ကဲ . . ရေချိုးကြရအောင် မှုံ။ ပြီးရင် ကော်ဖီနဲ့ ဟန်းနီးမွန်းအခမ်းအနား ဖွင့်မယ်”

“သစ်သီးကိတ်လည်း ပါတယ်။ ကိုကို့အကြိုက် . .”

“ကိုကော . . သိပ်ကောင်းတယ်။ ဒါ . . မက်လာဦးညနေ့ မှုံ”

“အင်း . . သရဲမကြောက်ရဘဲ အစ်ကို့ကိုကြောက်ရတော့မယ် ထင်တယ်”

“ဟား . . ဟား . . ဟား . .”

❋ ❋ ❋

## ၇

အိမ်အောက်ထပ်မှာ ညဦးပိုင်း ကော်ဖီသောက်ရင်း မှုံနှင့်ကျွန်
တ် တွေရာလေးပါးပြောကာ အချိန်ဖြုန်းကြသည်။ ဝတ္ထုအကြောင်း
ည်း ပါ၏။ ရုပ်ရှင်အကြောင်းလည်း ပါ၏။ အစ်ကို၊ အစ်မတွေအကြောင်း
ည်း ပါ၏။ ကျွန်တော်က မှုံ၏စိတ်ထဲမှာ ဘာကိုမှ တွေးတောကြောက်ရွံ့
မှုမရအောင် ရယ်စရာတွေ ရှာကြံပြောသည်။

မှုံ တခစ်ခစ်ရယ်ရင်း ပျော်သလိုလိုပင် ရှိနေ၏။

ကိုးနာရီခန့်မှာ ကျွန်တော်တို့ အိမ်အပေါ်ထပ် တက်ခဲ့ကြသည်။
အချိန်ထိ ကျွန်တော်တို့မှာ ဘာတစ်ခုမျှ ထိတ်လန့်စရာမတွေ့။

ကျွန်တော်တို့ အိပ်မည့်အခန်းကို ရွေးချယ်ပြီး အခန်းတွင်း
ည်းကျင်းသန့်ရှင်းကာ အိပ်ရာခင်းကြသည်။ ပြီးလျှင် ကျွန်တော်နှင့်မှုံ
ရားရှိခိုးကြ၏။ ဘုရားရှိခိုးပြီး ပုတီးစိပ်သည်။ မေတ္တာသုတ်ရွတ်သည်။
င်တော်ကွန်ချာကို ရွတ်သည်။ မေတ္တာပို့သည်။ အားလုံးပြီးစီးမှ ကျွန်
တ်တို့ အိပ်ရာဝင်ဖို့ ပြင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အိပ်ရာဝင်သည်မှာ စောသည်။ ဆယ်နာရီခွဲခန့် ပင်ရှိဦး-မည်။ မီးပိတ်၊ အိပ်ရာထဲဝင်ခဲ့ကြသော်လည်း အိပ်၍ကား ရှုတ်တရက် မပျော်ကြ။

ကိုလတ်ပြောခဲ့သလို ဖြူဖြူသဏ္ဍာန်ကြီး ဘယ်ကပေါ်လာတာလဲ..။

ဘာတွေ မြင်ရ ကြားရမလဲ..။

ခြေထောက်ကို လာဆွဲမှာလား..။

အတွေးများက ကျွန်တော်တို့ကို ခြောက်လှန့်နေ၏။

မကြောက်ဟု ဆိုရသည့်တိုင် ရင်တော့ဖိုနေသည်အမှန်။ မိန်းမသားလည်းဖြစ်၍ ကြောက်လည်းကြောက်တတ်သော မွှံသည် ကျွန်တော့်ထက်ပို၍ စိုးထိတ်တုန်လှုပ်နေရှာပေလိမ့်မည်။

• ကျွန်တော့်ကိုဖက်ထားသော သူ့မလက်တွေ အေးစက်နေပြီး သူ့မအသက်ရှူသံပြင်းပြင်းကို မှောင်ထဲမှာ ကြားနေရ၏။

မှောင်ထဲဟုဆိုရသော်လည်း လမ်းတတ်မီးတိုင်များမှ အလင်းရောင်က မှန်ပြတင်းကိုဖြတ်၍ အခန်းတွင်းဝင်လာသဖြင့် လုံးဝမှောင်ပိတ်၍မနေပါ။ တစ်ခန်းလုံးကို ဝိုးတဝါးမြင်နေရပါသည်။ ကျင့်သားရလာသည်နှင့် မျက်လုံးက ပို၍ပင် အမှောင်ထဲမှာ မြင်ဘာရသည်။

"မွှံ အိပ်မပျော်ဘူးလား"

"အင်း.."

"အိပ်ပါ။ ဘာမှမကြောက်ပါနဲ့။ မွှံ အိပ်..။ မွှံအိပ်ပျော်ပြီးမှ အစ်ကိုအိပ်မှာပါ"

"အစ်ကိုလည်း အိပ်ရာကထပြီး လျှောက်မသွားနဲ့နော်"

"အင်းပါ.."





ညအချိန် တိတ်ဆိတ်နေသည့်မို့ ကြွက်တွေပြေးလွှားနေသံ၊ တကျိုးကျိုးတကျောင်းကျောင်းကို ကြားနေရ၏။ ဒါကိုတော့ မွှံရော၊ ကျွန်တော်ပါ သတိပြုမိ၏။ ထိုမှတစ်ပါး ဘာသံမျှမကြားရ။ ဘာကိုမျှမမြင်ရ။

ဘယ်မှာလဲ တစ္ဆေ..။

ကိုလတ်ပြောခဲ့သော တစ္ဆေခြောက်မှု ဘယ်မှာလဲ။

ကျွန်တော်ရော၊ မွှံပါ ဘာဖြစ်လာမလဲဆိုသည်ကို စောင့်ဆိုင်းရင်းနှင့်ပင် အိပ်ပျော်သွားကြသည်။

အချိန်အတော်ကြာ အိပ်ပျော်သွားခဲ့သည် ထင်၏။

နားထဲမှာ တစ်စုံတစ်ခုသောအသံကြောင့် လန့်နိုးလာသည်။ အခြားမဟုတ်..။ ခေါင်မိုးပေါ်သို့ ခဲများဖြန့်ပက်လိုက်သလို ဖြန်းခနဲ ဝုန်းခနဲ မြည်လိုက်သောအသံဖြစ်၏။

"အစ်ကို.. အစ်ကို.. ဘာသံလဲ"

မွှံလည်း လန့်နိုးပြီး တုန်တုန်လှုပ်လှုပ်မေးသည်။

"ဘာမှမဟုတ်ပါဘူး။ အိမ်ပေါ်ကို ခဲကျတဲ့အသံပါ။ တစ်ယောက်ယောက်က ပစ်လိုက်တာ ဖြစ်မှာပါ"

"ဟော.. အစ်ကို။ နားထောင်ဦး"

မွှံက ကျွန်တော့်ကိုလှုပ်ခါ၍ ပြောသည်။

အိမ်အောက်ထပ်ဆီမှ ဖြစ်သည်။ ကုလားထိုင်များကို တွန်းရွှေ့သံလိုလို၊ တံခါးကို တွန်းဖွင့်သံလိုလို ဖြစ်သည်။

"အောက်ထပ်ကပဲ..။ အစ်ကိုဆင်းကြည့်မယ်"

"ဟင့်အင်း..။ သွားမကြည့်ပါနဲ့"

"သူခိုးသူဝှက် ဖြစ်ချင်ဖြစ်နေမှာ"

"ဖြစ်လဲ ဘာဖြစ်လဲ။ ခိုးစရာ အိမ်ထဲမှာ ဘာမှမ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မှုံကြောက်နေ၍ဖြစ်မည်။ တားသည်။ မှုံတားနေ၍ ကျွန်တော်လည်း အိပ်ရာထဲမှာပင် ငြိမ်၍နားစွင့်နေလိုက်သည်။

"ဒေါက်.. ဒေါက်.."

"ရှပ်.. ရှပ်.. ရှပ်.."

လှေကားမှတက်လာသောခြေသံ..။ ပြီးတော့ ကြမ်းပြင်ပေါ်သို့ လျှောက်လာသောခြေသံ..။

လူလား.. တစ္ဆေလား..။

"မှုံ.. နေဦး။ အစ်ကို ထပြီး မီးဖွင့်မယ်"

ကျွန်တော်က အိပ်ရာထဲမှ ထပြီး အခန်းမီးကို ဖွင့်သည်။ အခန်းထဲမှာ လင်းချင်းသွား၏။ မှုံသည်လည်း အလင်းရောင်ကြောင့် အားရှိလာပုံရှိ၏။ ခြင်ထောင်ထဲမှ ထွက်လာသည်။

ကျွန်တော်က အခန်းတံခါးကို ဖွင့်လိုက်သည်။

ပြီးလျှင် ကိုင်ထားသောလက်နှိပ်မီးဖြင့် အပြင်ကို ဝေ့ဝဲထိုးကြည့်လိုက်သည်။ မည်သူမျှ မရှိ။ အသံလည်း ပျောက်နေ၏။

တစ်ခဏတာ ကြည့်ရှုစစ်ဆေးပြီးနောက် ကျွန်တော့်ကိုလှမ်းကြည့်နေသော မှုံအား လက်ခါပြလိုက်ကာ..

"ဘာမှမရှိဘူး။ ကြွက်သံတွေပဲ ဖြစ်မှာပါ။ ဒါမှမဟုတ် ခွေးခြေတွေက ကြောင်တွေ ဘာတွေ အိမ်ထဲဝင်လာတာမျိုး ဖြစ်နိုင်တယ်"

ဟု လှမ်းပြောလိုက်သည်။ တံခါးကိုလည်း ပြန်ပိတ်သည်။

"ကဲ.. မှုံ။ ဘာမှမဟုတ်ဘူး။ ကိုလတ်ပြောတာ အလကား။ သူတို့ ကြောက်စိတ်နဲ့မို့ စောစောကအသံမျိုးတွေကို တစ္ဆေခြောက်တယ် ထင်တာပဲဖြစ်မှာ။ သူ့မိန်းမကလည်း ခပ်သည်းသည်းမဟုတ်လား။ ပြန်အိပ်တော့"





"ဘယ်နှနာရီရှိပြီလဲ အစ်ကို"

လက်မှနာရီကိုကြည့်လိုက်တော့ ဆယ့်နှစ်နာရီကျော်ကျော်လေး ဖြစ်၏။

"ဆယ့်နှစ်နာရီထိုးပြီးရုံပဲ ရှိသေးတယ်။ မီးဖွင့်ထားမလား မှုံ"

"ဟင့်အင်း.. မီးရောင်နဲ့ဆို မှုံမအိပ်တတ်ဘူး"

ကျွန်တော်က မီးပြန်မှိတ်လိုက်သည်။

အခန်းထဲတွင် ပြန်၍မှောင်သွား၏။ ကျွန်တော်နှင့်မှုံ အိပ်ရာထဲမှာ ပြန်လှဲလိုက်သည်။ မျက်လုံးတွေကြောင်နေ၍ ချက်ချင်းပြန်အိပ်မပျော်။

"ရှပ်.. ရှပ်.. ရှပ်.."

"ဒုန်း.. ဒုန်း.."

ခြေသံလိုလို တရှပ်ရှပ် ပြန်ပေါ်လာ၏။ တစ်ဆက်တည်းပင် ခါးကိုထုလိုက်သလို အသံပေါ်လာသည်။

"ကြားရပြန်ပြီ အစ်ကို"

"ဟုတ်တယ်..။ ဘာမှမကြောက်နဲ့။ ထလည်း မထနဲ့။ သူ့ဟာသူ ပျောက်သွားမှာ"

ကျွန်တော်ပြောသလိုပင် အသံက ပျောက်သွားသည်။

"ဟော.. တွေ့လား။ ဘာသံမှ မကြားရတော့ဘူး"

"ရှပ်.. ရှပ်.. ရှပ်.."

မကြားရဘူးဆိုပါမှ အသံက ပြန်ပေါ်လာ၏။ သို့သော် အသံက မလာဘဲ ဝေးသွားသည်။ လှေကားမှ ပြန်ဆင်းသွားပုံမျိုး ဖြစ်၏။

"အစ်ကိုတို့က ဘုရားနဲ့တရားနဲ့ နေတာ။ ဘာကောင်မှ အနားကပ်နိုင်ပါဘူး။ တွေ့တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်.."

အသံ အတော်ကြာပျောက်သွားသည်။ လုံးဝ တိတ်ဆိတ်သွားသည်။ ကြွက်တိုးသံ၊ ပြေးလွှားသံပင် မကြားရတော့။

"ကဲ.. မှုံ့အိပ်လိုက်ပါ။ အိပ်.. အိပ်.."

"အစ်ကိုရော.."

"အစ်ကိုလည်း အိပ်မှာပေါ့"

"အီး.. အီး.. အီး.."

ထိုစဉ်မှာပင် ငိုညည်းသံသဲ့သဲ့ နားထဲဝင်လာသည်။ မှုံ့က ကျွန်တော့်လက်မောင်းကို လာဆုပ်သည်။

"ဟုတ်တယ်..။ အစ်ကိုကြားပါတယ်"

ဟု ကျွန်တော်က လေသံဖြင့် ပြောလိုက်သည်။ အသံက ဝေသည်။ အောက်ထပ်ဆီမှလား၊ အပေါ်ထပ်ကပဲလား မကွဲပြား။ မသေချာ။ ငိုသံက မိန်းမတစ်ယောက်၏ ငိုသံမျိုးဖြစ်သည်။

"အီး.. ဟီး.. ဟီး.."

ငိုသံက ပျောက်မသွားဘဲ ပို၍ကျယ်လာသည် ထင်ရ၏။

"ထကြည့်မယ်ကွာ"

"မှုံ့ပါ လိုက်မယ်"

"မီးမဖွင့်ဘဲ ထရအောင်။ မီးရောင်နဲ့ဆို အသံက ပျောက်ချင်ပျောက်သွားမှာ"

"အင်း.."

ကျွန်တော်ရော၊ မှုံ့ပါ အိပ်ရာမှ စမ်း၍ထလိုက်သည်။ ပြီးလျှင် လက်နှိပ်မီးကိုဆွဲကာ တံခါးဝသို့ ခြေဖွ၍သွားသည်။ တံခါးချက်ကို အသံမမြည်အောင် ဖွင့်သည်။

ငိုသံက မပျောက်။

တံခါးကို မ,ပြီး အပြင်သို့ကြည့်လိုက်သည်။ အပေါ်ထပ်တစ်ခုလုံး မှောင်နဲ့မည်းမည်းဖြစ်နေ၏။

သို့သော် ငိုသံက ပို၍ကျယ်လာသည် ထင်ရ၏။

အသံလာရာဟု ယူဆရသောဘက်သို့ ကျွန်တော်တို့ စိုက်ကြည့်နေမိကြသည်။ အသံကား ကျွန်တော်တို့၏တစ်ဖက်တွင်ရှိသော အခန်းထဲမှ လာသည်ဟု ယူဆမိ၏။

"ဟိုအခန်းထဲက ထင်တယ်။ သွားကြည့်ရအောင်"

ကျွန်တော်က လေသံဖြင့် ပြောလိုက်သည်။

"ဟင့်အင်း.. မှုံ့ကြောက်တယ်"

"မှုံ့ကလည်း..။ အစ်ကိုနဲ့မှုံ့ နှစ်ယောက်တောင်။ ဘာကြောက်စရာရှိလဲ။ ဒါဆို မှုံ့မလိုက်ရဲရင် နေခဲ့။ အစ်ကိုသွားကြည့်မယ်"

"ဟင့်အင်း.. အဲဒါလည်း မဖြစ်ဘူး။ မှုံ့မနေရဲဘူး"

ငိုညည်းသံက ဝမ်းပန်းတနည်းရှိုက်ငိုနေပုံမျိုး။ ကျွန်တော် ပို၍ သိချင်စိတ်ပြင်းပြလာသည်။

"လာပါ မှုံ့ရယ်..။ သွားကြည့်ရအောင်"

သည်တစ်ခါ မှုံ့မငြင်းတော့။ ကျွန်တော့်နောက်မှ ကပ်၍ပါလာသည်။ ကျွန်တော့်လက်မောင်းတွေကိုတော့ တင်းတင်းဆုပ်ထားသည်။

ငိုသံကြားရသော အခန်းဆီသို့ ကပ်လိုက်ပြီး တံခါးကိုတွန်းဖွင့်လိုက်သည်။

"ကျွီ.."

တံခါးဖွင့်သံကြောင့်လား မသိ။ ငိုသံက ချက်ချင်းပျောက်သွားသည်။







www.burmeseclassic.com

www.burmeseclassic.com



အခန်းဝမှ အထဲကို ကျွန်တော်တို့ မဝင်သေးဘဲ ရပ်၍ကြည့်လိုက်မိကြသည်။

"ဟာ.. အစ်ကို.. ဟိုမှာ.. ဟိုမှာ.."

မှုံ့အသံ တုန်တုန်၊ ချောက်ချောက်ချားချား ပေါ်လာ၏။

မှန်ပါသည်..။

အမှောင်ထဲတွင်ပင် ကျွန်တော်တို့မြင်လိုက်ရသည်က ဖြူဖြူသဏ္ဌာန်တစ်ခုဖြစ်သည်။ အခန်းထဲမှာ ရပ်၍နေပုံမျိုး ဖြစ်သည်။

ကျွန်တော်က လက်နှိပ်မီးဖြင့် ထိုသဏ္ဌာန်ကို ထိုးကြည့်လိုက်သည်။ မီးရောင်အောက်တွင် ဘာမျှမရှိ။ ဖြူဖြူသဏ္ဌာန်က ပျောက်သွားလေ၏။

အခန်းထဲကို ဝေ့၍ လှည့်ပတ်ပြီး မီးနှင့်ထိုးကြည့်သည်။ ဘာမျှ မတွေ့ရ။

"ဘာမှမရှိပါဘူး။ အပြင်က မီးရောင်နဲ့ အစ်ကိုတို့မျက်စိက ထင်တာနေမှာပါ"

ကျွန်တော်က မှုံ့ကိုနှစ်သိမ့်ပြီး လက်နှိပ်မီးကို ပြန်မှိတ်လိုက်သည်။ အမှောင်ထဲမှာ ဖြူဖြူသဏ္ဌာန်ပြန်ပေါ်မလားဟူ၍ စမ်းသပ်လိုက်ခြင်းဖြစ်၏။ သို့သော် ဘာမျှမမြင်ရတော့။

"ကဲ.. အစ်ကိုတို့ အခန်းကိုပြန်ကြမယ်"

"ဟုတ်ကဲ့"

ကျွန်တော်က တံခါးကိုပြန်ပိတ်လိုက်သည်။ တံခါးပြန်ပိတ်ပြီး ကျွန်တော်ထို့အခန်းရှိရာသို့ ကျွန်တော်တို့ပြန်အလာတွင်..

"အစ်ကို.. အစ်ကို.."

မှုံ့အသံ အလန့်တကြားပေါ်လာပြန်၏။ ကျွန်တော့်လက်မှ





ကိုလည်း ကြောက်လန့်တကြား တင်းတင်းဆုပ်၍ ဆွဲလိုက်သည်။

ကျွန်တော် မြင်လိုက်ရပြန်ပါပြီ။

ဖြူဖြူသဏ္ဌာန်ကြီး..။

အပေါ်ထပ်မှ လှေကားဆီသို့ သွားနေပုံ..။

လှေကားမှ အောက်သို့ဆင်းသွားပုံ..။

ကျွန်တော်က လက်နှိပ်မီးကို မထိုးဘဲ ရပ်၍ကြည့်နေလိုက်သည်။ ပြီးမှ လှေကားဆီသို့လိုက်သွားကာ လှေကားမှ အောက်ထပ်သို့ ငုံ့ကြည့်တော့ အောက်ထပ်မှာ ဘာကိုမျှမမြင်ရ။ ဖြူဖြူသဏ္ဌာန် ဘယ်ရောက်သွားပြီနည်း။

သဏ္ဌာန်လည်း မမြင်ရတော့..။

ငိုသံလည်း မကြားရတော့..။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## ‹၈›

"ဒီလိုဆိုရင် ခရေမြိုင်မှာ တစ္ဆေရှိနေတယ်ဆိုတာ မင်းလက်ခံပြီပေါ့.. ဟုတ်လား"

ကိုလတ်က မေးသည်။

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ရင်ထဲမှာမူ မရှင်းသေးပါ။

"မဦးတို့.. အိမ်ရောင်းမယ့်ကိစ္စ ဘယ်လိုလုပ်မလဲ"

"အရင်က ကျွန်တော့်ကိုမေးဖူးတဲ့ လူတစ်ဦးတောင် ပဏ္ဍဝန်းကျင်မှာစုံစမ်းတော့ တစ္ဆေခြောက်တယ်ဆိုလို့ လန့်သွားပုံရတယ်။ နောက်ဆုတ်သွားတယ်"

ကိုလတ်က ပြောသည်။

ကိုကြီးက..

"ဘယ်သူမှ ဝယ်မယ့်သူမရှိရင် မင်းဝယ်ပေါ့ကွာ။ ငါတို့က မဝယ်နိုင်ဘူး။ ပြီးတော့ ရောင်းလို့ရတာလေး ခွဲယူပြီး ငါက သားကြီးနိုင်ငံခြားလွှတ်ဖို့ကိစ္စ လုပ်ချင်တာ"





သူ့ဆန္ဒကို ပြောသည်။

"ကျွန်တော်က ခြံရောင်းမယ်လို့ ဆုံးဖြတ်ထားတဲ့ငွေကို မတတ်နိုင်ဘူး"

ကိုလတ်အဖြေ..။

ကျွန်တော် ကိုလတ်ကို ကြည့်လိုက်သည်။

"မင်းယူမယ်ဆိုရင်တော့ လျှော့ပေးပေါ့ကွာ။ တို့က ညီအစ်ကိုမောင်နှမချင်းပဲ"

"ဟာ.. ကိုကြီးတို့က ရောင်းမရလို့ ဘယ်သူမှမကြိုက်တဲ့အိမ်ကို ကျွန်တော့်ကို အတင်းထိုးပေးနေတာပဲ"

ကျွန်တော်နှင့် မဦးက ဘာမျှဝင်မပြော။

"မဟုတ်ဘူးလေ..။ ငါတို့ထဲမှာ မင်းက ပိုက်ဆံရှိတယ်၊ မိဘအမွေကို တခြားသူလက်ထဲ မရောက်စေချင်လို့ ပြောတာပါ။ မင်းယူထားလိုက်ရင် အဆင်ပြေမယ် ပြောတာ"

"ဒီအတိုင်းထားလိုက်ပေါ့ ကိုကြီးရာ"

"ငါက ငွေလိုတယ်ကွ။ ငါ့လိုပဲ မဦးတို့၊ ကိုထွေးတို့လည်းလိုတာပဲ။ အဲဒါလေးရရင် စီးပွားရေးလေးဘာလေး သူတို့လုပ်လို့ရတယ်။ အားလုံးကောင်းဖို့ပါ"

ကိုလတ် တွေနေသည်။

"ကျွန်တော်က ငါးရာလောက်ပဲ တတ်နိုင်တာ"

ခဏနေမှ ခပ်ဆိုင်းဆိုင်းပြောသည်။

ကျွန်တော်၊ ကိုကြီးနှင့် မဦးတို့ အကြည့်ချင်းဆုံမိကြ၏၊ သဘောတူချင်း ညှိသည့်သဘောဖြစ်၏။

ကျွန်တော်က..



www.burmeseclassic.com

www.burmeseclassic.com



"ငါးရာတော့ နည်းတယ် ကိုလတ်"

"ငါက ယူရမယ်ဆိုရင် အဲဒီလောက်ပဲ ပေးနိုင်မှာ။ ဒါတောင် သိပ်ပြီးလိုချင်တာ မဟုတ်ဘူး။ အားလုံးအတွက်မို့ ယူရမှာ"

"ဒါဆို ကိုလတ်ယူဖို့ကိစ္စ ခဏထားဦးဗျာ။ တခြားလူတွေကို ရောင်းဖို့ ကြိုးစားကြည့်ဦးမယ်။ ငါးလခြောက်လ ကြာလို့မှ မထွက်ရင် အဲဒီဈေးနဲ့ ကိုလတ်ယူပေါ့။ မဟုတ်ဘူးလား"

ကိုကြီးနှင့် မမဦးက ကျွန်တော့်စကားကို ထောက်ခံသဖြင့် ဆုံးဖြတ်ချက်ဖြစ်သွားသည်။ အမှန်ပြောရလျှင် ကျွန်တော် ကိုလတ်ကို သံသယဝင်သောကြောင့် ထိုသို့ပြောလိုက်ခြင်း ဖြစ်ပါ၏။

"အေးလေ. . အားလုံးသဘောပေါ့။ ရပါတယ်"

ကိုလတ်လေသံတွေမှာ စိတ်ပျက်သံတွေ ပါနေသည်ဟု ထင်မိ၏။

* * *

## <၉>

မမဦးနှင့် ကိုကြီးက ကိုလတ်အပေါ် ယုံမှားသံသယမရှိ။ ကျွန်တော်ကသာ မယုံကြည်နိုင် ဖြစ်နေရခြင်းဖြစ်၏။

ဓာတ်ပုံထဲတွင်ပါသော ဖြူဖြူသစ္စာနှင့်မှာ ကိုလတ်လုပ်ကြံခြင်းလား. . ။

ကိုလတ်တို့သွားအိပ်စဉ် တစ္ဆေခြောက်သည်ဆိုသည်မှာလည်း လုပ်ကြံပြောဆိုခြင်းလား. . ။

ကျွန်တော်တို့သွား၍အိပ်သည့်ညကလည်း ကိုလတ်က လာ၍ ခြောက်လှန့်ဖန်တီးခြင်းလား. . ။

ကျွန်တော့်သံသယကို ဇနီးဖြစ်သူ မှုံက လက်မခံ။

"အစ်ကိုကလည်း. . ။ ကိုလတ်က ဒီလိုလုပ်ပါ့မလား။ ညီအစ်ကို၊ မောင်နှမ အချင်းချင်းကို"

"လောဘကြီးလာရင် ညီအစ်ကိုမောင်နှမလည်း ဂရုမစိုက် ဖြစ်တတ်တယ်။ ကြည့်ပါလား. . ။ ဒေါ်လေးသဲဝါဟာ ဖေဖေတို့ရဲ့ အသုံး



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ ကျေးဇူးကိုမှ မထောက်ထားဘဲ ခရေမြိုင်ကိုလိုချင်လို့ အကျွတောင် ဖြစ်ခဲ့ရတာ''

''ဒါပေမဲ့ ဟိုညက မှံ့တို့ကိုယ်တိုင် အခြောက်ခံခဲ့ရတာလေ''

''အဲဒါက လူလုပ်လို့ရတဲ့ ကိစ္စပဲ။ ခဲနဲ့ပစ်မယ်။ အထဲဝင်လာပြီး ခြေသံတွေဘာတွေ လုပ်လို့ရတယ်။ အရိပ်အယောင် လုပ်လို့ရတယ်''

''အစ်ကိုက သံသယအတွေးနဲ့ ကြည့်နေလို့ပါ။ မှံ့ကတော့ ကိုလတ်ကို သံသယမရှိဘူး''

''တစ္ဆေခြောက်တာတော့ ခြောက်တာပဲ။ ဒါပေမဲ့ အစ်ကိုထင်တာက ဝိညာဉ်တစ္ဆေမဟုတ်ဘူး။ လောဘတစ္ဆေ..''

မှံ့ ကျွန်တော့်ကို အလျှော့ပေးဟန်ဖြင့် ငြိမ်သွားသည်။ ဘာမျှ ဆက်မပြောတော့။

ကျွန်တော့်သံသယကို ပို၍ကြီးထွားနိုင်မာစေသည့် အချက်တစ်ချက် ပေါ်လာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပါမည်။

ကျွန်တော့်လုပ်ငန်းအတွက် ကျွန်တော်က Business Card တစ်ခုလုပ်ရန် ကွန်ပျူတာဒီဇိုင်းနာတစ်ဦးထံ သွား၍အပ်သည်။

ထိုနေ့က ဒီဇိုင်းနာနှင့် သူ့သူငယ်ချင်းတို့ စကားပြောနေသည်နှင့် ကြုံ၏။

''မင်း..ဟို..သူယောင်သီးဆိုတဲ့ ဓာတ်ပုံကို မြင်ဖူးလား''

တစ်ယောက်က မေး၏။

''ဘာလဲ..သစ်ပင်ကနေ မိန်းကလေးပုံတွေ သီးနေတာလား''

''ဟုတ်တယ်''

''မင်း အဲဒါကို အမှန်လို့ယုံလား''

''အဲဒါတော့ စဉ်းစားစရာပဲ။ ငါကြည့်ရတဲ့ မိန်းကလေးပုံတွေက





အဝတ်မပါတဲ့ မိန်းကလေးပုံတွေမှ တကယ့်ကို အပီအပြင်ကြီး။ မိန်းကလေးပန်းပုရုပ်ကလေးတွေ သစ်ပင်မှာ ချိတ်ဆွဲထားသလိုပဲ။ တကယ် အံ့ဩဖို့ကောင်းတယ်''

ဒီဇိုင်းနာက ရယ်သည်။

''ဒါများကွာ..ဘာဆန်းလဲ၊ ကွန်ပျူတာခေတ်ကြီးမှာ ဒါမျိုးတွေ လုပ်လို့ရတယ်။ သစ်ပင်မှာ မိန်းကလေးပုံတွေ ချိတ်လိုက်တာ။ ဘာခက်တာမှတ်လို့''

''မင်းရော အဲဒီလိုလုပ်ဖူးလို့လား''

''ရှိုးနေပြီ..။ သိပ်မကြာသေးခင်ကတောင် လူတစ်ယောက်က သူတို့မိသားစုဓာတ်ပုံထဲမှာ နောက်က တစ္ဆေပုံထည့်ပေးပါဆိုလို့ လုပ်ပေးလိုက်ရသေးတယ်''

''အဲဒီပုံ ရှိသေးလား။ ကြည့်ချင်တယ်''

ကျွန်တော်က ဝင်၍မေးလိုက်၏။

''ရှိတယ်''

ဒီဇိုင်းနာက သူသိမ်းထားသောပုံကို ကွန်ပျူတာထဲမှာ ပြသည်။ သို့သော် ကျွန်တော်ထင်သလို ကျွန်တော်တို့ညီအစ်ကိုမောင်နှမများ ရိုက်ထားသောပုံမဟုတ်။ မိသားစုထိုင်နေသော ပုံတစ်ပုံသာဖြစ်၍ နောက်တွင် ကျွန်တော်တို့ဓာတ်ပုံထဲကလို ဖြူဖြူသဏ္ဍာန်တစ်ခု။

ဒီဇိုင်းနာထံမှ ကျွန်တော်ပြန်လာသောအခါ ကိုလတ်သည်လည်း သူရိုက်ထားသောဓာတ်ပုံပေါ်တွင် ကွန်ပျူတာဖြင့် တစ္ဆေပုံထည့်ထားခြင်း များလားဟု တွေးမိလာ၏။

ကင်မရာထဲမှ မှုရင်းဖလင်ကို တောင်းယူကာ ပြန်ကူးကြည့်ရလျှင် ထိုတစ္ဆေပုံ ပါ၊ မပါ သိနိုင်သည်ဟု အတွေးရောက်သဖြင့် ကို



www.burmeseclassic.com

www.burmeseclassic.com



လတ်ထံ ဖုန်းဆက်ကာ ဖလင်ကိုတောင်းလိုက်သည်။

"ဓာတ်ပုံတွေ အမှတ်တရ ထပ်ကူးထားချင်လို့"

ကျွန်တော်က ဖလင်တောင်းရခြင်းကို အကြောင်းပြသည်။

"အဲဒီဖလင်တွေ ပျောက်သွားတယ်ကွ။ ငါ ဘယ်မှာထားမိမှန်း မသိဘူး"

ကိုလတ်၏အဖြေ..။

ကျွန်တော် တိုက်ဆိုင်စစ်ဆေးလိုခြင်းကို ရိပ်မိ၍ ကိုလတ်က ဓာတ်လမ်းကို အဆုံးသတ် ဖြတ်လိုက်ခြင်းပဲလား..။

✳ ✳ ✳

BURMESE CLASSIC .com

## ‹၁၀›

"ကိုတွေး.."

ခေါ်သံကြောင့် လှည့်ကြည့်မိသည်။

နိုင်ဦးဖြစ်သည်။ နိုင်ဦးဆိုသည်က ဒေါ်သဲဝါ၏ သားကြီးဖြစ်သည်။ ကျွန်တော်နှင့် ရွယ်တူဖြစ်သည်။ သူသည် ဒေါ်သဲဝါ၏ သားဖြစ်သော်လည်း ဒေါ်သဲဝါက ခရေမြို့ကိုရလိုကြောင်း အမှုဆိုင်စဉ်က သူ့မိခင်ကို တားခဲ့သူဖြစ်သည်။

"အဲဒီကိစ္စအတွက် ကျွန်တော်တောင်းပန်ပါတယ်။ အမေက လောဘတွေဖိစီးနေတာ"

ဟု တရားရုံးမှာ တွေ့စဉ်က သူတောင်းပန်စကားဆိုခဲ့သည်။

"နိုင်ဦးပါလား..။ မင်း ဘယ်သွားမလို့လဲ"

"အမေ့ရက်လည်အတွက် ပစ္စည်းလေးတွေ လာဝယ်တာ"

သူ့အဖြေကြောင့် ကျွန်တော်အံ့အားသင့်သွားသည်။

"ဟင်.. ဒေါ်လေးသဲဝါ ဆုံးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုထွေး..။ မနက်ဖြန်ဆိုရင် ရက်လည်ပဲ။ ပြီးခဲ့တဲ့ စနေနေ့ညက ဆုံးတာ"

ပြီးခဲ့သောစနေနေ့ညဆိုသည်မှာ ကျွန်တော်တို့ ခရေမြိုင်တွင် အိပ်သောညဖြစ်သည်။

"ဘာဖြစ်တာလဲ..။ အရင်က ဒေါ်လေးသဲဝါက ကျန်းမာရေးကောင်းတာပဲဟာ"

နိုင်ဦး သက်ပြင်းချသည်။

"စိတ်ပေါ့ ကိုထွေးရာ..။ ကိုထွေးတို့နဲ့ဖြစ်တဲ့ ခရေမြိုင်ကိစ္စမှာ ရှုံးပြီး လူက ချုံးကျသွားတာ။ တစ်ရက်မှာ မူးပြီးလဲတာပဲ။ လဲရာကဦးနှောက်သွေးကြောပေါက်ပြီး သတိလစ်သွားတာ။ ပြီးခဲ့တဲ့စနေက ဆုံးတယ်"

"ဘယ်နှရက်တောင် သတိမေ့နေတာလဲ"

"အင်း.. နှစ်ပတ်ကျော်တယ်။ အဲ.. အမေပြောလဲတာက မှတ်မှတ်ရရ လဆန်းတစ်ရက်နေ့၊ တနင်္ဂနွေနေ့ နေ့လယ်ကပေါ့"

ကျွန်တော်အံ့ဩရပြန်ပါ၏။

လဆန်း (၁) ရက်နေ့၊ တနင်္ဂနွေနေ့ဆိုသည်မှာ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများ ခရေမြိုင်တွင် ပျော်ပွဲစားကြသောနေ့ဖြစ်သည်။

"အမေက ခရေမြိုင်ကို သိပ်အစွဲအလမ်းကြီးတာ။ ကျွန်တော့်အထင်တော့ ကိုထွေးရာ.. အမေ့ကို ခရေမြိုင်က သတ်လိုက်တာပါပဲ"

နိုင်ဦး၏ ကြေကွဲသော သုံးသပ်ချက်။

နိုင်ဦးကို နှစ်သိမ့်မှုပေး၍ လမ်းခွဲပြန်လာသောအခါ ကျွန်တော့်ရင်ထဲမှာ တင်းကျပ်၍နေသည်။ ခေါင်းထဲမှာလည်း ရှုပ်ထွေး၍နေသည်။





ကျွန်တော်တို့ညီအစ်ကိုမောင်နှမများတတ်ပုံထဲမှ မြူမြူသဏ္ဌာန်ကြီးသည် ကိုလတ်က ခရေမြိုင်ကို ပေါ်ချောင်ကောင်းရလိုဓာကြောင့် ကွန်ပျူတာဖြင့် လုပ်ကြံဖန်တီးထားခြင်းလား..။

သို့မဟုတ်..

ဒေါ်လေးသဲဝါကပင် ခရေမြိုင်ကို စွဲလမ်းစိတ်ဖြင့် လဲကျ၊ သတိမေ့မြောသွားစဉ် ဝိညာဉ်က ခရေမြိုင်ကိုရောက်လာ၍ ဓာတ်ပုံထဲတွင် ပေါ်နေခဲ့ခြင်းလား..။

ကျွန်တော်တို့ ခရေမြိုင်တွင်အိပ်သည့်ညက တွေ့ရသည့် မြူမြူသဏ္ဌာန်မှာ (ဒေါ်လေးသဲဝါဆုံးသည့်ညဖြစ်၍) ဒေါ်လေးသဲဝါပင် ဖြစ်လေသလား..။

❋❋❋

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ‹၁၁›

ခရေမြိုင်နှင့်ပတ်သက်သော ကျွန်တော့်ခေါင်းထဲက အတွေးကို ရှင်းသွားစေရန် ကိုလတ်ကို ပွင့်ပွင့်လင်းလင်းမေးမည်ဟု ဆုံးဖြတ်မိသော်လည်း မေးခွင့်မရတော့။ ကိုလတ်တစ်ယောက် ခရေမြိုင်သို့ ပြန်ရှင်းရန် အသွားတွင် ကားမှောက်၍ ဆုံးသွားခဲ့သည်။

ထို့ကြောင့် ခရေမြိုင်ကို ကိုလတ်ယူမည့် အစီအစဉ်မှာလည်း ပျက်ပြယ်သွားခဲ့ရ၏။

သို့သော်..

ခရေမြိုင်ကိုဝယ်သူပေါ်လာ၍ ကျွန်တော်တို့ သဘောတူ ရောင်းချခဲ့ရသည်။

ဝယ်သူများမှာ..

ခရေမြိုင်ကို နှစ်သက်သဘောကျသဖြင့် ချက်ချင်းပင် ပြုပြင်၊ ဆေးသုတ်မွမ်းမံ အလှဆင်ကာ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

စိတ်ကူးသစ်စာပေ



နားမလည်နိုင်ဖြစ်ရသည်မှာမူ ထိုသူများသည် တစ်လအတွင်းမှာပင် ခရေမြိုင်မှ ပြန်လည်ပြောင်းရွှေ့သွားကြခြင်းပင်ဖြစ်၏။

အဘယ်ကြောင့်ပါနည်း..။

ယခုအခါ ခရေမြိုင်ခြံဝတွင် 'အိမ်ရောင်းမည်' ဟူသော ဆိုင်းဘုတ်ကလေးကိုသာ တွေ့နိုင်ပါတော့သည်။ ။

❖

သီဟထိပ်တင်စော

BURMESE CLASSIC .com

www.burmeseclassic.com